http://www.dhammadownload.com

# အရှင်ဆန္ဒာဓိက

ရွှေပါရမီတောရ

## နံ့သာဖြင့်ထုံမွမ်းအပ်သော



ဒုတိယအကြိမ်

အရှင်ဆန္ဒာဓိက • နံ့သာဖြင့်ထုံမွမ်းအပ်သော

http://www.dhammadownload.com

ဓမ္မစကား၊ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

အရှင်ဩဝဒ္ဓိက
ရွှေပါရမီတောရ

# နှံ့သာဖြင့်ထုံမွှမ်းအပ်သော



ရွှေပါရမီစာစဉ်(၃၂)
www.shweparami.net

http://www.dhammadownload.com

# ရွှေပါရမီ ၂၀၀၇ အမှတ်(၂)

စာမူခွင့်ပြုချက်
၃၂၅၁၀၀၇

မျက်နှာဖုံးခွင့်ပြုချက်
၃၂၀၄၆၄၀၀၇

၂၀၀၇ ခုနှစ် ● ဩဂုတ်လ ● ဒုတိယအကြိမ် ● အုပ်ရေ ၂၀၀၀၀

မျက်နှာဖုံးပန်းချီ
မောင်မောင်သိုက်

စာအုပ်ချုပ်
စွယ်တော်

မျက်နှာဖုံးပုံနှိပ်သူ

ဦးတိုးဝင်း(၀၂၄၃၁)၊ နေလရောင်ပုံနှိပ်တိုက်
အမှတ်၉၆၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ်။

အတွင်းပုံနှိပ်သူ

ဦးကြင်ရွှေ(၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်
အမှတ်၉၀-အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ

တက်လမ်း ဦးရှိန်ဝင်း (၀၃၉၆၄)၊ ရွှေပါရမီမွေ့စာပေပြန့်ပွားရေးအဖွဲ့
အမှတ်(၁၉-အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။

ဖြန့်ချိရေး

ရွှေပါရမီမွေ့စာပေပြန့်ပွားရေးအဖွဲ့
အမှတ်(၆၁)၊ စည်အိုးတန်းလမ်း၊ လသာမြို့နယ်။
(☎ ၂၂၆၅၀၀၊ ၂၁၀၄၆၂)

တန်ဖိုး ၁၀၀၀ ကျပ်

http://www.dhammadownload.com

# အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

- ၁၉၆၈ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်၊ အင်္ဂါနေ့တွင် ရေနံချောင်းမြို့၊မြစ်မိုး ရောင် သူဌေးကုန်းရပ်ကွက်၌ ခမည်းတော် ဦးစိန်ဝင်း၊ မယ်တော် ဒေါ်သိန်းသိန်းတို့မှ ဖွားမြင်သည်။
- ၁၉၈၄ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို ရေနံချောင်းမြို့၊ အထက(၁)မှ ခြောက်ဘာသာ(ဘာသာစုံ)ဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ဒုတိယ ရလျက် အောင်မြင်သည်။ သုံးထပ်ကွမ်းလူရည်ချွန်အဖြစ် ၈တန်း၊ ၉တန်း၊ ၁၀တန်းတို့၌ သုံးနှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရသည်။
- ၁၉၈၄ ခုနှစ်၊ ဆယ်တန်းအောင်မြင်ပြီးနောက် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ပရိ ယတ္တိစာပေများလေ့လာဆည်းပူးခဲ့သည်။
- ၁၉၉၂ ခုနှစ်တွင် ပထမကျော်ဘွဲ့ နှင့် ၁၉၉၅ ခုနှစ်တွင် ဓမ္မာစရိယဘွဲ့ တို့ကို ရရှိခဲ့သည်။
- ၁၉၉၈ ခုနှစ်တွင် အသက်(၃၀)ပြည့် ပုလဲရတုမွေးနေ့ အထိမ်းအမှတ် အဖြစ် တစ်ယောက်တည်းနေ တစ်စိတ်တည်းထားစာအုပ်ကို စတင် ထုတ်ဝေခဲ့သည်။
- ယခုအခါ သထုံမြို့၊ ကေလာသတောင်၊ ရွှေပါရမီတောရကျောင်း၌ တစ်ပါးတည်း ကေစာရီတောရဆောက်တည်လျက် ပရိယတ်၊ ပဋိ ပတ်အလုပ် အားထုတ်လျက်ရှိသည်။ ။

http://www.dhammadownload.com

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

## အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

ဤစာအုပ်အပါအဝင်

ရွှေပါရမီစာစဉ်အားလုံးကို

ဓမ္မဒါနအလှူရှင်အသီးသီးတို့မှ

တရားအလှူ

ပညာပါရမီအလှူ

တိုက်ရိုက်သာသနာပြုအလှူအဖြစ်

လှူဒါန်းထားသော

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေး ထာဝရအလှူတော်ငွေဖြင့်

ထုတ်ဝေပါသည်။

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

http://www.dhammadownload.com

# မာတိကာ

၁။ ဂန္ဓကုဋီဆိုတာစံပြအတုမရှိရဲ့နေရာ ၁၁
၂။ နံ့သာဖြင့်ထုံမွမ်းအပ်သောကျောင်းကို
ဂန္ဓကုဋီဟုခေါ်သည် ၁၇
၃။ တရားခေါင်းထောင်လာအောင်
ဘုရားကျောင်းဆောင်လို့ခေါ်ပါ ၂၄
၄။ ဘုရားကိုညွှော်တိုက်တာ
မတရားကိုအတော်မိုက်လို့ပါ ၂၉
၅။ ပင်ကိုမွှေးရနံ့က
ရင်ကိုအေးသန့်စေပါတယ် ၃၉
၆။ ယတြာချေရင်သဒ္ဒါကြေမယ် ၄၅
၇။ နှစ်သက်တာလျှုရင်
အနှစ်မတက်မှာမပူရတော့ဘူး ၅၀

၈။ ရန့်မွှေးလေ အသန့်တွေးလေ ၅၄
၉။ နံ့သာအလှူနဲ့ သန့်တာယူမယ် ၆၀
၁၀။ အမွှေးကံချစ်တော့ အချစ်ကံမွှေးတာပေါ့ ၆၆
၁၁။ ကျောချအနာပေးတာ
ဒေါသအစာကျွေးတာပါ ၇၅
၁၂။ အခုလိုစိတ်မဆိုးတော့
ကုသိုလ်သိပ်တိုးသွားတာပေါ့ ၈၂
၁၃။ အခုလိုတွေးမှကုသိုလ်မွှေးမယ် ၈၉
၁၄။ လှူပြီးမဆိုင်၊သူ့အပြီးပိုင် ၉၅
၁၅။ ကိုယ်မကြိုက်တာသူ့များမပေးပါနဲ့ ၁၀၀
၁၆။ အနှစ်ပါဖို့ မေတ္တာဟာမရှိမဖြစ် ၁၀၆
၁၇။ စိတ်ထားမှန်မှစိတ်မှန်ထားနိုင်မယ် ၁၁၂
၁၈။ အဆိုးမရောက်ရင်
အဆိုးဖျောက်ပေးရတဲ့ကုသိုလ်မရနိုင်ပါ ၁၂၀
၁၉။ မကျေနပ်ရင်ငုံ့ကြည့်လိုက်
ကျေနပ်ရင်မော့ကြည့်လိုက် ၁၂၉
၂၀။ သူ့အဆင်ပြေတာဝမ်းမြောက်ရင်
အပူအပင်ဝေဒနာခန်းခြောက်ပါတယ် ၁၃၃
၂၁။ အာရုံမှာကြောင့်ပွင့်ပါစေ ၁၄၁
၂၂။ ချောသူ့ဆင်မှလှသလို
မနောဖြူဝင်မှ ရပါတယ် ၁၄၆
၂၃။ အဖြစ်အပျက်တိုင်းမှာ
အနှစ်အချက်ရှိပါတယ် ၁၅၂
၂၄။ သူ့ပွတ်လို့ ကိုယ်ပြောင်

http://www.dhammadownload.com


■ ပိုတောင်မှကောင်းသေး ၁၅၇

၂၅။ ■ အဖျက်သန့်လေအတက်မြန်လေ ၁၆၃

၂၆။ ■ မတည်မြဲချက်သာမြင်ရင်

■ ဒီဝဲဂယက်ကလွတ်ပါတယ် ၁၆၉


၂၇။ ■ နေရာအနှစ်မြတ်တိုင်းမှာ

■ သေချာအစစ်ဓာတ်ရှိပါတယ် ၁၇၅


၂၈။ ■ လေးလုပ်လုပ်လေ လူလင်းလက်လေ ၁၈၀

၂၉။ ■ မနောလှသင်းကြူတဲ့

■ လောကအလင်းလူဖြစ်ပါစေ ၁၈၆

http://www.dhammadownload.com



ရွှေပါရမီစခန်းဖြင့် ခေမာပြည်လှမ်းနိုင်ကြပါစေ။

http://www.dhammadownload.com

# တရားပွင့်ဂုဏ်တော်ပွား

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို
ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။



http://www.dhammadownload.com

ယောနိသော မနသိကာရ ဆိုတဲ့
စိတ်ထားကောင်းလေးနဲ့သာ
စိတ်ကောင်းထားနိုင်မယ်ဆိုရင်
ဘယ်အာရုံနဲ့ ဆုံဆုံ
ဘယ်အဖြစ်အပျက်နဲ့ ကြုံကြုံ၊
စိတ်လည်း ချမ်းသာပါတယ်၊
ကုသိုလ်တရားလည်း တိုးပွားပါတယ်။
အလုပ်တိုင်းမှာ အနှစ်ပါဖို့
မေတ္တာဟာလည်း မရှိမဖြစ်ပါ။
ဘာအလုပ်ပဲလုပ်လုပ်
မေတ္တာထုံမွမ်းပြီးလုပ်ရင်
လုပ်သမျှကုသိုလ်တွေချည်းပါပဲ။



http://www.dhammadownload.com



# နံ့သာဖြင့် ထုံမွမ်းအပ်သော

## ဂန္ဓကုဋိဆိုတာ စံပြအတုမရှိရဲ့နေရာ

ဒီနေ့ဟောမယ့် တရားခေါင်းစဉ်က ဘာတဲ့လဲ။

'နံ့သာဖြင့်ထုံမွမ်းအပ်သော' တဲ့။

နံ့သာဖြင့်ထုံမွမ်းအပ်သော ဆိုတဲ့ ခေါင်းစဉ်နဲ့ ဒီနေ့ ဒီအချိန်မှာ ဘာကြောင့်ဟောရသလဲဆိုရင် ဒီနေ့ကျင်းပတဲ့ တရားပွဲက မြတ်စွာဘုရားရှင်ကို ဂန္ဓကုဋိကျောင်းဆောင်ကြီး ဆောက်လုပ်လှူဒါန်းတဲ့ ကုသိုလ်ကောင်းမှုနဲ့ ဆက်စပ်နေတဲ့တရားပွဲ ဖြစ်လို့ပါပဲ။

ဒီနေ့ သမားတော်ကြီး ဒေါက်တာဦးစံလှ၊ ဒေါ်ခင်ခင်ဦး မိသားစုတို့က သထုံမြို့၊ ရင်းငြိမ်၊ ကုလားချောင်ပရိယတ္တိစာသင်တိုက်မှာ ဉာဏ်တော်ကြီးမားတဲ့ ကြေးသွန်း

http://www.dhammadownload.com

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတစ်ဆူနဲ့တကွ ထိုဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပျော် သီတင်းသုံးတော်မူဖို့အတွက် ဂန္ဓကုဋိကျောင်းဆောင်တော်ကြီး ဆောက်လုပ်လှူဒါန်းကြပါတယ်။

ဒီနေ့ည တရားပွဲက ဂန္ဓကုဋိနဲ့ ဆက်စပ်နေတဲ့ တရားပွဲဖြစ်တဲ့အတွက် 'ဂန္ဓကုဋိ' ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကို ဒီနေ့ ဟောပေးမှာ ဖြစ်ပါတယ်။

ဂန္ဓကုဋိဆိုတဲ့ အက္ခရာငါးလုံးပါတဲ့ စကားလုံးတစ်လုံးကို ဒီနေ့ ခံစားပြီးတော့ ဟောကြားမှာ ဖြစ်ပါတယ်။ 'အရှင်ဆန္ဒာဓိက ခံစားဟောကြားသည်' ပေါ့နော်။ 'အရှင်ဆန္ဒာဓိက ခံစားတင်ပြသည်' လို့ပဲ ပြောချင်လည်း ပြောပေါ့။ ဘာစကားလုံးကို ခံစားမှာတဲ့တုံး။

'ဂန်းဓကုဋိပါဘုရား'

ဂန်းဓကုဋိ မလုပ်ပါနဲ့။ ဂန်ဓကုဋိပါ။ ဂန်းဓကုဋိ မဟုတ်ဘူးနော်။ အသံထွက် မှန်ရမယ်။ ဦးဇင်းတို့ ပါဠိစာပေမှာ ဝစ္စနှစ်လုံးပေါက်အသံ လုံးဝ မရှိပါဘူး။

သီလတောင်းတဲ့အခါ အဟံ ဘန်းဒေ နဲ့ ဆိုကြတယ်။ အဟံ ဘန်းဒေ မဟုတ်ပါဘူး။ အဟံ ဘန်တေပါ။ သီလံ ဒေးထ မဟုတ်ပါဘူး။ သီလံ ဒေထပါ။ သံဃာတွေ ဆွမ်းကပ်တဲ့အခါကျတော့လည်း သံဂတ်သ ဒေးမနဲ့ ဆိုကြ

http://www.dhammadownload.com

တယ်။ သံဂတ်သ ဒေးမ မဟုတ်ပါဘူး။ သံဂတ်သ ဒေမပါ။ ရေစက်ချတဲ့အခါကျတော့လည်း အိဒန်းမေပုန်ညံနဲ့ ဆိုကြတယ်။ အိဒန်းမေ ပုန်ညံ မဟုတ်ပါဘူး။ အိဒန်မေ ပုန်ညံပါ။

မင်္ဂလသုတ် ရွတ်တဲ့အခါကျတော့လည်း အေးဝံမေသုတံ နဲ့ ဆိုကြတယ်။ အေးဝံမေသုတံ မဟုတ်ပါဘူး။ အေဝံမေသုတံပါ။ အေးတံ မင်ဂလ မုတ်တမံ မဟုတ်ပါဘူး။ အေတံမင်ဂလ မုတ်တမံပါ။

တပည့်တော်တို့ နာရတဲ့ ဟိုပရိတ်အခွေ၊ ဒီပရိတ်အခွေထဲမှာတော့ အေးတံမင်ဂလမုတ်တမံပဲ ကြားဖူးတယ်ဆိုပြီး စောဒက မတက်နဲ့။ ဆိုချင်လို့ ဆိုနေကြတာ။ မမှန်ဘူး။ အမှန်ကတော့ အေတံမင်ဂလ မုတ်တမံ။ (သတ်ပုံမူရင်းတွေ မဟုတ်ဘူးနော်။ အသံထွက်သက်သက်ကို ရေးပြထားတာပါ။)

ဒီနေ့ ဒကာကြီး ဦးစံလှတို့၊ ဒကာမကြီး ဒေါ်ခင်ခင်ဦးတို့ မိသားစု လှူဒါန်းကြတဲ့ ကျောင်းဆောင်တော်ကြီးကလည်း ဘာတဲ့တုံး။ ဂန္ဓကုဋီ။ ဂန်းဓကုဋိ မလုပ်နဲ့နော်။ ဂန်ဓကုဋိ (ဂန်ဒကုတိ)။

အဲဒီတော့ ဂန္ဓကုဋီဆိုတာ ဘာလဲ။

တရားနာပရိသတ်က သောင်းနဲ့ချီပြီး ရှိတာနော်။ မသိကြဘူးထင်တယ်။ ဒါဆိုရင် ဒီတရားရွေးတာ မှန်သွားပြီ

http://www.dhammadownload.com

ပေါ့နော်။ ဂန္ဓကုဋိအဓိပ္ပာယ် လူတိုင်းသိမယ် ထင်လို့။ ဂန္ဓ-ကုဋိဆိုတာ ဘာလဲ။ လူတိုင်းသိပြီးသားကို ကိုယ်ဟောလိုက်ရင် အပိုများဖြစ်နေမလားလို့ . . . ထင်နေတာ။ အခုတော့ အပိုမဖြစ်တော့ဘူးပေါ့နော်။ မသိသေးတာ သိအောင် ပြောပေးရတော့ ပိုအကျိုးများတာပေါ့။

ဂန္ဓကုဋိ ဆိုတာ ဘုရားကျောင်းဆောင်လို့ ဒီလိုဖြေရင်ကို မဆိုးပါဘူးနော်။ ဒါပေမဲ့ အဲဒီလိုကို မဖြေကြဘူး ဖြစ်နေတယ်။

ဂန္ဓကုဋိ ဆိုတာ ဘုရားကျောင်းဆောင်ကို ခေါ်တာတော့ ဟုတ်ပါတယ်။ ရဟန္တာတွေ သီတင်းသုံးတဲ့ ကျောင်းဆောင်ကို ဂန္ဓကုဋိ လို့ မခေါ်ဘူး။ ကိုရင် သာမ-ဏေတွေ သီတင်းသုံးတဲ့ ကျောင်းဆောင်ကို ဂန္ဓကုဋိလို့ မခေါ်ဘူး။ သီလရှင်တွေ သီတင်းသုံးတဲ့ ကျောင်းဆောင်ကို ဂန္ဓကုဋိလို့ မခေါ်ဘူး။ တရားအားထုတ်နေတဲ့ ယောဂီတွေ သီတင်းသုံးတဲ့ ကျောင်းဆောင်ကို ဂန္ဓကုဋိလို့ မခေါ်ပါဘူး။ မြတ်စွာဘုရား သီတင်းသုံးတဲ့ ကျောင်းဆောင်ကိုပဲ ဂန္ဓကုဋိလို့ ခေါ်ပါတယ်။

ဂန္ဓကုဋိရဲ့ အဓိပ္ပာယ်တော့ မဟုတ်သေးဘူးနော်။ ဂန္ဓကုဋိ ဆိုတဲ့ စကားလုံးက တိုက်ရိုက်ထွက်တဲ့ အနက်အဓိ-ပ္ပာယ် မဟုတ်သေးဘူး။ စာလိုပြောရင်တော့ သဒ္ဒတ္ထ မဟုတ်

http://www.dhammadownload.com

သေးဘူးပေါ့။ တရားကိုယ် အရကောက်တာတော့ ဟုတ်ပါတယ်။ ဂန္ဓကုဋိ ဆိုတာ ဘုရားကျောင်းဆောင်ကို ခေါ်တာပါပဲ။

ဘုရားကျောင်းဆောင် ဆိုတဲ့ နေရာမှာလည်း အုတ်၊ ကျောက်၊ သဲ၊ သံ အစရှိတဲ့ ပစ္စည်းဝတ္ထုတွေနဲ့ ဆောက်လုပ်ထားတဲ့ တိုက်ကျောင်းတို့၊ သစ်သားအမျိုးမျိုးနဲ့ ဆောက်လုပ်ထားတဲ့သစ်သားကျောင်းဆောင်တို့ အဲဒီလို အဆောက်အအုံကိုမှ ဂန္ဓကုဋိ လို့ခေါ်တာ မဟုတ်ပါဘူး။

မြတ်စွာဘုရား သီတင်းသုံးတဲ့ နေရာမှန်သမျှ . . ကျောင်းအဆောက်အအုံ ဘာမှမရှိရင် နေပါစေ၊ မြေပြင်မြေပြန့်ကိုလည်း ဂန္ဓကုဋိလို့ ခေါ်ပါတယ်။ မြတ်စွာဘုရား သီတင်းသုံးနေတဲ့ နေရာမှန်သမျှ . . . အကာအမိုးတွေနဲ့ ကျောင်းဆောင်မရှိလည်းပဲ ဂန္ဓကုဋိ လို့ပဲ ခေါ်ပါတယ်။

မြေကြီးပေါ် သီတင်းသုံးရင် အဲဒီမြေကြီးဟာ ဂန္ဓကုဋိပဲ။ မြက်ခင်းပေါ် သီတင်းသုံးရင် အဲဒီမြက်ခင်းဟာ ဂန္ဓကုဋိပဲ။ သစ်ရွက်ခြောက်တွေပေါ် သီတင်းသုံးရင် အဲဒီ သစ်ရွက်ခြောက်တွေဟာ ဂန္ဓကုဋိပဲ။ သဲပြင်ပေါ် သီတင်းသုံးရင် အဲဒီသဲပြင်ဟာ ဂန္ဓကုဋိပါပဲ။ မြတ်စွာဘုရား သီတင်းသုံးတဲ့ နေရာတိုင်းကို ဂန္ဓကုဋိလို့ ခေါ်တာချည်းပဲနော်။

မြတ်စွာဘုရား ကုရုတိုင်း၊ ကမ္မာသဓမ္မနိဂုံးအနီး

http://www.dhammadownload.com

တောအုပ်ကြီးတစ်ခုထဲက စမ်းချောင်းနံ့ဘေး မြေပြန့်လေး ပေါ်မှာ သီတင်းသုံးပြီးတော့ သတ္တဝါဝေနေယျတွေကို ကယ် ချွတ်ခဲ့ဖူးတယ်။ တရားတော်တွေ ဟောကြားခဲ့ဖူးတယ်။ အဲ ဒီစမ်းချောင်းနံ့ဘေးက မြတ်စွာဘုရား သီတင်းသုံးတော်မူတဲ့ မြေပြန့်လေး၊ မြေပြင်လေးကိုလည်းပဲ ဂန္ဓကုဋိ လို့ပဲ ခေါ်ပါ တယ်။

လိုရင်းမှတ်ရမှာကတော့ မြတ်စွာဘုရား သီတင်း သုံးတော်မူတဲ့ နေရာမှန်သမျှ ကျောင်းအဆောက်အအုံ ရှိ သည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဂန္ဓကုဋိပဲ။ ဘုရားကျောင်း ဆောင်ကို ဂန္ဓကုဋိ ခေါ်တယ်ဆိုတာတော့ သိပြီ။ တခြား ကျောင်းဆောင်တွေ ဂန္ဓကုဋိ မခေါ်ဘူးနော်။

ကာရန်လေးနဲ့ ပြောရမယ်ဆိုရင်တော့ 'ဂန္ဓကုဋိဆို တာ စံပြအတုမရှိရဲ့ နေရာ' လို့ ပြောရမှာပေါ့။ မြတ်စွာ ဘုရားဆိုတာ တစ်လောကလုံးရဲ့ စံပြပုဂ္ဂိုလ်၊ တစ်လောက လုံးရဲ့ အတုမရှိပုဂ္ဂိုလ်လေ။ အရည်အသွေးပြည့်ဝမှုဂုဏ် အားဖြင့်ရော၊ အများအကျိုးသယ်ပိုးမှုဂုဏ်အားဖြင့်ရော ဘယ်သူမှ တုပနိုင်းယှဉ်လို့ မရတဲ့ ဗုဒ္ဓမြတ်စွာဘုရား နေ သမျှ နေရာတိုင်းဟာ ဂန္ဓကုဋိပါပဲ။

■

http://www.dhammadownload.com



## နံ့သာဖြင့် ထုံမွှမ်းအပ်သောကျောင်းကို ဂန္ဓကုဋိဟုခေါ်သည်

ဒါဖြင့် ဘုရားသီတင်းသုံးတော်မူတဲ့ ကျောင်းဆောင်ကို ဘာဖြစ်လို့ ဂန္ဓကုဋိ လို့ခေါ်ရတာလဲ။ ဂန္ဓကုဋိဆိုတဲ့ စကားလုံးလေးရဲ့ အဓိပ္ပာယ်က ဘာလဲဆိုတာ သိဖို့ အရေးမကြီးဘူးလား။ အရေးကြီးတယ်။

ဂန္ဓဆိုတာ နံ့သာ၊ ကုဋိဆိုတာ ကျောင်း။ ဂန္ဓကုဋိဆိုတော့ 'နံ့သာဖြင့် ထုံမွှမ်းအပ်သောကျောင်း'။ မြန်မာလိုပြောတော့ နံ့သာကျောင်းပေါ့နော်။

အခုခေတ်ကတော့ ကုဋိ (ကုဋီ) ဆိုရင် ဘာပဲပြေးမြင်တုံး။ ရေအိမ်ပဲ ပြေးမြင်ကြတာနော်။ ကျင်ကြီးကျင်ငယ် စွန့်တဲ့နေရာကို ကုဋီလို့ ခေါ်နေကြတာ။ အပြည့်အစုံက

http://www.dhammadownload.com

တော့ ကျင်ကြီးစွန့်တဲ့ကျောင်းကို ဝစ္စကုဋိလို့ ခေါ်တယ်။ ကျင်ငယ်စွန့်တဲ့ကျောင်းကိုကျတော့ ပဿာဝကုဋိ လို့ခေါ်ပါတယ်။

ဒါပေမဲ့လို့ ရှေ့ကပါဠိကို ဖြုတ်ပြီးတော့ ကုဋိပဲ ခေါ်ကြတော့ ကုဋိလို့ ပြောလိုက်ရင် အညစ်အကြေး စွန့်တဲ့ နေရာလို့ပဲ ထင်နေကြတော့တာနော်။ ဂန္ဓကုဋိမှာပါတဲ့ ကုဋိ နဲ့ လူတွေ ပြောနေကြတဲ့ ကုဋိနဲ့ အတူတူပါပဲ။ ကုဋိ (ကုဋီ) ဆိုတာ ကျောင်းပါပဲ။

ဂန္ဓ ဆိုတာ နံ့သာ၊ ကုဋိ (ကုဋီ) ဆိုတာ ကျောင်း။ ဂန္ဓကုဋိ (ဂန္ဓကုဋီ) ဆိုတာ နံ့သာဖြင့် ထုံမွမ်းအပ်သော ကျောင်း။

ဂန္ဓကုဋိရဲ့ အဓိပ္ပာယ်လေး မမေ့အောင်လို့ တရားခေါင်းစဉ်ကိုက 'နံ့သာဖြင့်ထုံမွမ်းအပ်သော' လို့ တပ်ထားတာ။ 'သော' နောက်က ဘာမှမပါဘူးနော်။

တရားခေါင်းစဉ်မို့လို့ ဘာတရားလဲမေးရင် 'နံ့သာဖြင့်ထုံမွမ်းအပ်သောတရား' လို့ တရားနာပရိသတ်များက ဖြေကြတာ။ တကယ့်တရားခေါင်းစဉ်က 'သော' နဲ့ပဲ ဆုံးထားတယ်။ ရည်ရွယ်ချက်ရှိလို့ 'သော' နဲ့ပဲ ဆုံးထားတာပါ။ 'နံ့သာဖြင့်ထုံမွမ်းအပ်သောကျောင်း' လို့ ဂန္ဓကုဋိရဲ့ အဓိပ္ပာယ် အပြည့်အစုံတပ်လိုက်ပါတော့လားလို့ မေးစရာ

http://www.dhammadownload.com

ရှိပါတယ်။ နောက်ပိုင်းကျတော့ အဓိပ္ပာယ် သဘောပေါက်ကြပါလိမ့်မယ်။

ဂန္ဓေန ပရိဘာဝိတာ ကုဋိ ဂန္ဓကုဋိ။

ပါဠိစာပေမှာတော့ ဝိဂြိုဟ် ဆိုရတာပေါ့။ ဒါကို 'ဝိဂြိုဟ်' လို့ ခေါ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက်ပေါ့။

ဂန္ဓေန - နံ့သာဖြင့်၊ ပရိဘာဝိတာ - ထုံမွှမ်းအပ်သော၊ ကုဋိ - ကျောင်း၊ ဂန္ဓကုဋိ - နံ့သာဖြင့် ထုံမွှမ်းအပ်သော ကျောင်း။

မြတ်စွာဘုရား သီတင်းသုံးတော်မူတဲ့ကျောင်းဟာ နံ့သာဖြင့် ထုံမွှမ်းအပ်သောကျောင်း။ နံ့သာရနံ့တွေနဲ့ သင်းပျံ့မွှေးကြိုင်နေတဲ့ကျောင်း။ နံ့သာကျောင်း။

ဒီလိုဆိုတော့ စန္ဒကူးနံ့သာအနှစ်တွေနဲ့၊ နံ့သာဖြူ နံ့သာနီတွေနဲ့၊ အကျော်ကရမက်တွေနဲ့၊ သရက္ခန်သားတွေနဲ့ များ ကျောင်းဆောက်ထားသလားလို့ မေးစရာရှိတယ်။ ဂန္ဓကုဋိဆိုတာ နံ့သာတွေနဲ့ ထုံမွှမ်းထားတဲ့ကျောင်းဆိုတဲ့ အဓိပ္ပာယ်လေး အကြမ်းဖျင်းသိတဲ့အခါမှာ ဒီလိုတွေးမိတတ်တယ်။ စန္ဒကူးကျောင်းတော်ရာ ဆိုတဲ့ စကားကလည်း ရှိတယ်မဟုတ်လား။

မြတ်စွာဘုရား သီတင်းသုံးတော်မူတဲ့ကျောင်းဟာ နံ့သာဖြင့် ထုံမွှမ်းအပ်တယ်။ မွှေးကြိုင်နေတယ်။ ဘာဖြစ်လို့

http://www.dhammadownload.com

မွှေးကြိုင်တာလဲ။

အများအားဖြင့် ဂန္ဓကုဋိကျောင်းဟာ . . . အုတ်၊ ကျောက်၊ သဲ၊ သံ စသည်ဖြင့် ဆောက်လုပ်ထားတဲ့ တိုက်ကျောင်းပဲ များပါတယ်။ တိုက်ကျောင်းဆိုတော့ မွှေးရနံ့ ထွက်ပါ့မလား။ မထွက်ဘူး။ ဒါဖြင့် ဘုရားကျောင်းတော်က ဘာဖြစ်လို့ မွှေးနေတာတုံး။ ဘာဖြစ်လို့ မွှေးကြိုင်တယ်လို့ ထင်တုံး။ ဘုရားတန်ခိုးနဲ့ အနံ့တွေ ထွက်နေတာပေါ့လေ။ စဉ်းစားကြည့်ရမှာနော်။

ဂန္ဓကုဋိ - နံ့သာဖြင့် ထုံမွမ်းအပ်သောကျောင်း၊ မွှေးရနံ့တွေ သင်းပျံ့ကြိုင်လှိုင်နေတဲ့ ကျောင်း။ ဘာလို့များ မွှေးရနံ့တွေ သင်းပျံ့ကြိုင်လှိုင်နေပါလိမ့်။

ပန်းဒကာ၊ ပန်းအမတွေ လှူဒါန်းကြတဲ့ ပန်းတွေက ထွက်ပေါ်လာတဲ့ မွှေးရနံ့တွေနဲ့ သင်းပျံ့ကြိုင်လှိုင်နေတာပါ။

ဆွမ်းဒကာ၊ ဆွမ်းအမဆိုတဲ့ စကားလေးကို ကြည့်ပြီးတော့ ပန်းဒကာ၊ ပန်းအမလို့ ပြောလိုက်ရတာပေါ့နော်။

ဘုရားလက်ထက်က ဘုရားကျောင်းတော်ကို ဒကာ ဒကာမတွေ သွားကြပြီဆိုရင် အနာထပိဏ်တို့ ဝိသာခါတို့ အပါအဝင်ပေါ့လေ။ ကျောင်းဒကာ ကျောင်းအမတွေပဲဖြစ်ဖြစ်၊ တရားနာသွားကြတဲ့ တရားနာပရိသတ်တွေပဲ

http://www.dhammadownload.com

ဖြစ်ဖြစ် ကျောင်းသွားပြီဆိုရင် ပါဠိတော်မှာ ဂန္ဓမာလာဒိ-ဟတ္ထာ - လက်မှာ နံ့သာပန်းတွေ စွဲကိုင်ပြီးတော့ သွားကြတယ်။

အဲဒီမှာ ဂန္ဓကို နံ့သာတုံး၊ နံ့သာခဲ၊ နံ့သာမှုန့်၊ မာလာကို ပန်း လို့ အဓိပ္ပာယ်ယူရင် ဂန္ဓဆိုတာ နံ့သာ၊ မာလာဆိုတာ ပန်း။ နံ့သာမှုန့်တွေ၊ သို့မဟုတ် နံ့သာခဲလေးတွေ ယူသွားကြတယ်။ ပန်းတွေ ယူသွားကြတယ်။ ဂန္ဓ,က အဓိပ္ပာယ်တစ်ခု၊ မာလာ,က အဓိပ္ပာယ်တစ်ခု ဆိုပြီးတော့ ယူရင်လည်း ရတယ်။

နောက်အဓိပ္ပာယ်တစ်ခုကတော့ ဂန္ဓနဲ့ မာလာနဲ့ တွဲပြီးတော့ ဂန္ဓဆိုတာ မွှေးရနံ့၊ မာလာဆိုတာက ပန်း၊ ဂန္ဓမာလာဆိုတာ မွှေးရနံ့ရှိသောပန်း။ မွှေးရနံ့ရှိတဲ့ ပန်းတွေ စွဲကိုင်ပြီးတော့ ဘုရားကျောင်းတော်ကို သွားကြတယ်။ ဒီ အဓိပ္ပာယ်က အဓိကပါပဲ။

ဘုရားကျောင်းကို ရနံ့မရှိတဲ့ပန်း ယူသွားတာလား၊ ရနံ့ရှိတဲ့ပန်း ယူသွားကြတာလား။ ရနံ့ရှိတဲ့ပန်း ယူသွားကြတာ။ မမွှေးတဲ့ပန်း ယူသွားကြတာလား။ မွှေးတဲ့ပန်း ယူသွားကြတာလား။ မွှေးတဲ့ပန်း ယူသွားကြတာနော်။

ပန်းဒကာ ပန်းအမ တစ်ယောက်ချင်းကတော့ မြတ်စွာဘုရား သီတင်းသုံးတော်မူတဲ့ ကျောင်းဆောင်ထဲ

http://www.dhammadownload.com

ဝင်ဝင်ပြီးတော့ ပန်းတွေ လှူခွင့်ရလိမ့်မယ်လို့တော့ မထင်ဘူး။ ဒကာ ဒကာမတွေကလည်း အများကြီးပဲကိုး။

အခုလို ညနေချမ်းအချိန်ဆိုရင်လည်း မြတ်စွာဘုရားက တရားပွဲကြီး ကျင်းပပြီးတော့ တရားဟောတယ်။ အခုလိုပဲ ဖြစ်မှာပေါ့။ တရားနာပရိသတ်တွေ ထောင်နဲ့ သောင်းနဲ့ချီပြီးတော့လေ။ တစ်ယောက်ချင်း ကျောင်းဆောင်ထဲဝင်ဖို့ဆိုတာ အဆင်မပြေဘူး။ အနာထပိဏ်တို့လို တကယ့် ကျောင်းဒကာ ကျောင်းအမအရင်းအချာတွေကတော့ ကိုယ်တိုင်ဝင်ပြီးတော့ ပန်းတွေ ပူဇော်ခွင့်ရချင်လည်း ရမှာပေါ့။

အများအားဖြင့်တော့ အရှင်အာနန္ဒာက အနီးကပ် အလုပ်အကျွေးဆိုတော့ ပန်းဒကာ ပန်းအမတွေက ပန်းတွေကို အရှင်အာနန္ဒာကို လှူ။ အရှင်အာနန္ဒာကမှ ဘုရားကျောင်းဆောင်ထဲ သင့်တော်တဲ့နေရာမှာ ပန်းတွေကို ပြင်ဆင်ပြီးတော့ လှူပါလိမ့်မယ်။

အတွင်းထဲမှာ ပန်းတွေ ပြည့်သွားပြီဆိုရင်လည်း ကျောင်းအပြင်ဘက်က ပန်းတင်ခုံနေရာမှာပဲ ပန်းတွေကို စနစ်တကျ ပြင်ဆင်ပြီးတော့ မြတ်စွာဘုရားရှင်ကို ပူဇော်ပါလိမ့်မယ်။ ဂန္ဓကုဋိကျောင်းဆောင်ရဲ့ အတွင်းမှာရော၊ အပြင်မှာရော ပန်းရနံ့တွေနဲ့ သင်းပျံ့မွှေးကြိုင်နေပါတယ်။

http://www.dhammadownload.com

'နံ့သာဖြင့် ထုံမွမ်းအပ်သောကျောင်း' ဆိုတာ ကျောင်းကတော့ အုတ်တွေနဲ့ ဆောက်ထားတာပါပဲ။ ဒါမှ မဟုတ် အဆောက်အအုံ မရှိဘူးဆိုရင်လည်း မြေပြန့်ပေါ် မှာပဲ မြက်ခင်းလေးပေါ်မှာ သားရေနွယ်လေး ခင်းလို့၊ သ-က်န်းလေး ခေါက်လို့။ ဒီလိုပဲ ဟင်းလင်းပြင်မှာ သီတင်းသုံး မှာပါပဲ။

မြေပြန့်မှာ သီတင်းသုံးလည်းပဲ မြတ်စွာဘုရားဆီ လာကြတဲ့ ဒကာ ဒကာမတွေက ရနံ့မွှေးတဲ့ပန်းလေးတွေ ယူဆောင်လာပြီးတော့ မြတ်စွာဘုရား သီတင်းသုံးတော်မူတဲ့ နေရာပတ်ဝန်းကျင်မှာ ပူဇော်ကြတယ်။

ပူဇော်တော့ ကျောင်းအဆောက်အအုံမရှိလည်းပဲ မြတ်စွာဘုရား သီတင်းသုံးတော်မူတဲ့ နေရာလေးက ပန်းရနံ့ တွေနဲ့ သင်းပျံ့မွှေးကြိုင်မနေဘူးလား။ သင်းပျံ့မွှေးကြိုင်နေ တယ်။ ဒါ့ကြောင့်မို့လို့ ကျောင်းအဆောက်အအုံ မရှိလည်းပဲ ဂန္ဓကုဋိ - နံ့သာဖြင့်ထုံမွမ်းအပ်သောကျောင်းပါပဲ။

ဒါဖြင့် ဂန္ဓကုဋိ ရဲ့ အဓိပ္ပာယ် နားလည်ပြီပေါ့နော်။ ဒါဆို တရားသိမ်းရုံပဲ ရှိတော့တာပေါ့။ ဂန္ဓကုဋိကို ဟောမှာ ကိုး။

■

http://www.dhammadownload.com



## တရားခေါင်းထောင်လာအောင် ဘုရားကျောင်းဆောင်လို့ ခေါ်ပါ

ဂန္ဓကုဋိ - နံ့သာဖြင့် ထုံမွှမ်းအပ်သောကျောင်း။ ဘယ်လိုနံ့သာတွေနဲ့ ထုံမွှမ်းထားတာလဲဆိုတော့ ပန်းဒကာ ပန်းအမတွေ နေ့စဉ် လာရောက်လှူဒါန်းကြတဲ့ ရနံ့မွှေးတဲ့ ပန်းတွေက ထွက်ပေါ်လာတဲ့ မွှေးရနံ့တွေနဲ့ ထုံမွှမ်းထားတာ။ ပန်းတွေရဲ့ 'မွှေးရနံ့' ကိုပဲ 'နံ့သာ' လို့ ပြောတာပါ။

မြတ်စွာဘုရား သီတင်းသုံးတော်မူတဲ့ ကျောင်းဟာ ပန်းဒကာ ပန်းအမတွေ လှူဒါန်းထားတဲ့ ပန်းတွေရဲ့ မွှေးရနံ့တွေနဲ့ အမြဲတမ်း သင်းပျံ့မွှေးကြိုင်နေပါတယ်။ ဟိုလိုနံ့သာဖြူ နံ့သာနီတွေနဲ့၊ အကျော်ကရမက်တွေနဲ့၊ စန္ဒကူး အနှစ်တွေနဲ့ ပူဖော်ထားလို့ မွှေးနေတာ မဟုတ်ဘူးနော်။ တစ်ခါ

http://www.dhammadownload.com

တစ်ရံ နည်းနည်းပါးပါးတော့လည်း ရှိချင် ရှိမှာပေါ့လေ။ ရှိပါတယ်။

ဒါပေမဲ့ အဓိကကတော့ စံပယ်ပန်းတို့၊ မြတ်လေးပန်းတို့၊ ခရေပန်းတို့၊ ကံ့ကော်ပန်းတို့၊ ရနံ့မွှေးတဲ့ပန်းတွေနဲ့ ပူဇော်ထားလို့ မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူတဲ့ ကျောင်း သင်းပျံ့မွှေးကြိုင်နေတာပါ။

ဒါ့ကြောင့် 'ဂန္ဓကုဋိ' ကို 'နံ့သာဖြင့် ထုံမွှမ်းအပ်သောကျောင်း' လို့ အစဉ်အလာ သဒ္ဒါစည်းကမ်းအတိုင်း ဘာသာပြန်လို့ ရသလို 'ပန်းရနံ့တို့ဖြင့် သင်းပျံ့မွှေးကြိုင်နေသောကျောင်း' လို့လည်း သဘာဝအဓိပ္ပာယ်အတိုင်း ဘာသာပြန်လို့ ရပါတယ်။ ဂန္ဓကုဋိစကားလုံးရဲ့ လိုရင်းတိုရှင်း အဓိပ္ပာယ်ကတော့ 'ရနံ့မွှေးသောကျောင်း'ပါပဲ။ ဂန္ဓ - ရနံ့မွှေးသော၊ ကုဋိ - ကျောင်း၊ ဂန္ဓကုဋိ - ရနံ့မွှေးသောကျောင်း။

ဒါဖြင့် မြတ်စွာဘုရား သီတင်းသုံးတော်မူတဲ့ ကျောင်းဟာ ဂန္ဓကုဋိ လို့ခေါ်တော့ ဂန္ဓကုဋိ ဆိုတဲ့ နာမည်နဲ့ လိုက်ဖက်ညီအောင် မြတ်စွာဘုရား သီတင်းသုံးတဲ့ကျောင်းဟာ ပန်းရနံ့တွေနဲ့ သင်းပျံ့မွှေးကြိုင်နေဖို့ မလိုအပ်ဘူးလား။ လိုအပ်တယ်။

ဂန္ဓကုဋိ ဆိုတာ သင်းပျံ့မွှေးကြိုင်နေတဲ့ကျောင်း

http://www.dhammadownload.com

ကိုခေါ်တယ်ဆိုတဲ့ အဓိပ္ပာယ်လေး ကြည့်ပြီးတော့၊ ကောက်ချက်ချပြီးတော့ အိမ်မှာ ပူဇော်ထားတဲ့ ဘုရားကျောင်းဆောင်ဟာလည်း ဘယ်လိုကျောင်းဆောင်မျိုး ဖြစ်နေရမှာလဲ။ နံ့သာဖြင့် ထုံမွမ်းအပ်သောကျောင်းဆောင် ဖြစ်နေရမှာနော်။

ဒီနေရာမှာ စကားလုံး အသုံးအနှုန်းလေးလည်း သေချာသတိပြုပေ့ါ။ 'ဘုရားကျောင်းဆောင်' လို့ သုံးနှုန်းထားပါတယ်။ 'ဘုရားစင်' လို့ မသုံးနှုန်းပါဘူး။

အများအားဖြင့်တော့ 'ဘုရားစင်' လို့ ပြောကြတယ်။ 'ဘုရားစင်' လို့ ပြောလိုက်တော့ စာအုပ်စင်တို့၊ ပန်းကန်စင်တို့၊ ဖိနပ်စင်တို့၊ နတ်စင်တို့၊ ရေအိုးစင်တို့၊ အိမ်မှာရှိတဲ့ တခြားစင်တွေနဲ့ ရောမသွားနိုင်ဘူးလား။ ရောသွားနိုင်တယ်။ နောက်ပြီး ဘုရားသီတင်းသုံးတော်မူတဲ့ နေရာကို 'စင်' လို့ ပြောတော့ လေးနက်ခံ့ညားမှုရော ရှိပါ့မလား။ မရှိဘူးနော်။

အဲဒီတော့ ဘုရားစင်လို့ မသုံးနှုန်းဘဲနဲ့ ဘုရားကျောင်းဆောင် လို့ သုံးနှုန်းတာ ကောင်းပါတယ်။ ဘုရားစင်ဆိုတဲ့ အသုံးအနှုန်း သုံးရတာနဲ့ ဘုရားကျောင်းဆောင်ဆိုတဲ့ အသုံးအနှုန်း သုံးရတာ အရသာချင်း တူရဲ့လား။ မတူဘူးနော်။

http://www.dhammadownload.com

ဘုရားကျောင်းဆောင်လို့ ပြောလိုက်တာနဲ့ကို အိမ်မှာရှိတဲ့ ဘုရားနေရာလေးက . . . သေးနေတယ်ပဲထားဦး၊ စိတ်ထဲမှာ သိပ်ကို ကြီးကျယ်ခမ်းနားသွားတယ်။ ကုသိုလ်စေတနာတွေ၊ ကုသိုလ်ပီတိတွေလည်း ပိုတိုးသွားသလို ခံစားရတယ်။ ဘုရားကို ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းထားရသလိုမျိုး ဖြစ်သွားတာကိုး။

ဒါ့ကြောင့် စာအုပ်စင်တို့၊ ပန်းကန်စင်တို့၊ ဖိနပ်စင်တို့၊ နတ်စင်တို့၊ ရေအိုးစင်တို့နဲ့ ရောမှာစိုးလို့ ဘုရားစင်လို့ မသုံးနှုန်းဘဲ 'ဘုရားကျောင်းဆောင်' လို့ပဲ သုံးနှုန်းတာကောင်းပါတယ်။

အခုတရားနာပရိသတ်များ အိမ်မှာ ဘုရားစင်လို့ သုံးနှုန်းတာလား၊ ဘုရားကျောင်းဆောင်လို့ သုံးနှုန်းတာလား။ တချို့ကလည်း ဘုရားစင်၊ တချို့ကလည်း ဘုရားကျောင်းဆောင်ပေါ့။ အသုံးအနှုန်းကတော့ အဓိကမဟုတ်ပါဘူး။ စေတနာက အဓိကပါ။ ဒါပေမဲ့ အသုံးအနှုန်း ပိုကောင်းတော့ စေတနာလည်း ပိုကောင်းသွားတာပေါ့။

ဘုရားကျောင်းဆောင်လို့ ခေါ်ဝေါ်သုံးနှုန်းလိုက်ခြင်းအားဖြင့် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ စတဲ့ သူတော်ကောင်းတရားတွေ နိုးကြားတက်ကြွလာနိုင်ပါတယ်။ သူတော်ကောင်းတရားတွေ ပိုပြီး ခေါင်းထောင်လာ

http://www.dhammadownload.com

နိုင်ပါတယ်။ 'တရားခေါင်းထောင်လာအောင် ဘုရား ကျောင်းဆောင်လို့ခေါ်ပါ' လို့ပဲ ပြောရတော့မှာပေါ့။ တရား ဆိုတဲ့နေရာမှာ အဓိကကတော့ သဒ္ဓါတရားပါပဲ။ ဘုရား ကျောင်းဆောင်လို့ သုံးနှုန်းရင် သဒ္ဓါတရား ပိုတိုးပါတယ်။

ဂန္ဓကုဋီ ဆိုတဲ့ အမည်နာမနဲ့ လိုက်လျောညီထွေ စွာ မိမိတို့အိမ်မှာ ကိုးကွယ်ထားတဲ့ ဘုရားကျောင်းဆောင် ဟာလည်း နံ့သာဖြင့် ထုံမွှမ်းအပ်သော ဘုရားကျောင်း ဆောင် ဖြစ်ရပါမယ်။

စာသင်တိုက်တို့၊ ရိပ်သာတို့မှာ ရှိတဲ့၊ ဘုန်းကြီး ကျောင်းတို့၊ သီလရှင်ကျောင်းတို့မှာရှိတဲ့ ဂန္ဓကုဋီကျောင်း ဆောင်တွေကတော့ အများအားဖြင့် သင်းပျံ့မွှေးကြိုင်တဲ့ ပန်းတွေရဲ့ ရနံ့နဲ့ ဂန္ဓကုဋီ ဖြစ်နေတာပါပဲ။ အထူးသဖြင့် သီလရှင်ကျောင်းတွေဆိုရင်တော့ ပိုဖြစ်တာပေါ့နော်။ သီလ ရှင်တွေရဲ့ ဘုရားခန်းထဲမှာဆိုရင် ရနံ့မွှေးတဲ့ပန်းတွေ မျိုးစုံ လှလှပပ ပြင်ဆင်ပြီးတော့ ပူဇော်ထားကြတယ်။

လူတွေလည်း ကိုယ့်အိမ်က ဘုရားကျောင်းဆောင် ကို ဂန္ဓကုဋီဆိုတဲ့ နာမည်နဲ့ လိုက်လျောညီထွေအောင် ရနံ့ မွှေးတဲ့ပန်းတွေနဲ့ နေ့စဉ်မပြတ် ပူဇော်ထားဖို့ လိုအပ်ပါ တယ်။

■

http://www.dhammadownload.com



## ဘုရားကို ညှော်တိုက်တာ
## မတရားကို အတော်မိုက်လို့ပါ

တရားနာပရိသတ်များ အိမ်က ဘုရားကျောင်းဆောင်မှာ ရနံ့မွှေးတဲ့ပန်း ပူဇော်တာလား၊ ရနံ့မမွှေးတဲ့ပန်း ပူဇော်တာလား။

'ရနံ့မွှေးတဲ့ပန်း ပူဇော်တာပါဘုရား'

ဟုတ်လား။ တချို့ကျတော့ ကြာကြာခံအောင် ဆိုပြီးတော့ ဇော်စိမ်းတို့၊ ဇော်ကျားတို့ တင်ကြတယ်လေ။ ဇော်စိမ်း၊ ဇော်ကျားတို့တောင် မဟုတ်ပါဘူး။ ပလတ်စတစ်ပန်းတွေ လှူတာတောင် မရှိဘူးလား။ ရှိတယ်။ ဒါဆိုရင် ဘယ်မှာတုံး ရနံ့။ ရေမွှေးဆွတ်လိုက်ရင်တော့လည်း မွှေးမှာပေါ့နော်။

http://www.dhammadownload.com

ဘုရားကို ပန်းနဲ့ ပူဇော်တဲ့နေရာမှာ အဆင်းလှတဲ့ ပန်း ပူဇော်တာရယ်၊ ရနံ့မွှေးတဲ့ပန်း ပူဇော်တာရယ်၊ အဆင်းလည်းလှ၊ ရနံ့လည်း မွှေးတဲ့ပန်း ပူဇော်တာရယ်လို့ အမျိုးမျိုးရှိတာပေါ့။

မွှေးတာ၊ မမွှေးတာ ခဏထားလိုက်ဦး၊ ပန်းဆိုက တည်းကိုက ပန်းဖြစ်ရမှာနော်။ သစ်ရွက်မဖြစ်ရဘူး။ သပြေရွက်တွေ၊ သပြေညွန့်တွေလည်း မတင်ကြဘူးလား။ တင်ကြတယ်။ ပန်းဟုတ်ရဲ့လား။

'အောင်သပြေပါဘုရား'

အံမယ် . . . သစ်ရွက်လို့ မပြောဘူး။ အောင်သပြေတဲ့။ တော်တော် အောင်ချင်ပုံပေါ်တယ်။ သပြေဟာ သပြေပါပဲ။ အောင်သပြေလို့ 'အောင်' လေးတပ်လိုက်ရုံနဲ့ မအောင်ပါဘူး။ အောင်အောင်လုပ်မှ အောင်တာပါ။

သပြေရွက်ဟာ အရွက်ပါ၊ ပန်း မဟုတ်ပါဘူး။ သပြေညွန့်ဟာ အညွန့်ပါ၊ ပန်း မဟုတ်ပါဘူး။ ကံ့ကော်ရွက်၊ ကံ့ကော်ညွန့်၊ ခရေရွက်၊ ခရေညွန့် စသည်လည်း နည်းတူပဲပေါ့။ အရွက်တွေ၊ အညွန့်တွေပါ၊ ပန်းမဟုတ်ပါဘူး။ အရွက်တွေ၊ အညွန့်တွေကို 'ပန်း' လို့ နာမည်တပ်, လှည့်စားပြီး လှူနေကြတာနော်။ လှူတယ်ဆိုတာထက် တင်တယ်ဆိုတာက ပိုမှန်မယ် ထင်ပါတယ်။ ယတြာချေတဲ့အနေနဲ့ ဘုရားရှေ့

http://www.dhammadownload.com

သွားတင်ထားကြတာကိုး။

ဇော်စိမ်း၊ ဇော်ကျားကျတော့ရော ပန်းလား၊ အရွက်လား။ အရွက်။ မွှေးတာ၊ မမွှေးတာ ခဏထား၊ ပန်းဖြစ်ဖို့ကို အရင်ကြိုးစားရဦးမှာနော်။ သစ်ရွက်ကို ပန်းလုပ်ပြီး တင်နေကြတော့ မခက်ဘူးလား။ မတင်ရဘူးလို့ မဆိုလိုပါဘူး။ တင်ရပါတယ်။ ကုသိုလ်လည်း ရပါတယ်။

ပန်းရဲ့ အဆင်တန်ဆာ၊ ပန်းရဲ့ နောက်ခံအဖြစ်နဲ့ ပန်းပိုလှသွားအောင် သစ်ရွက်စိမ်းလေးတွေ၊ သစ်ရွက်ကျားလေးတွေ ခြံရံပြီး တင်တာဆိုရင်တော့ သဘာဝကျပါတယ်။ ဘာပန်းမှ မပါဘဲ သစ်ရွက်တွေချည်းပဲ ပန်းအဖြစ်နဲ့ လိမ်ညာတင်တာကျတော့ ဘယ်ကောင်းပါ့မလဲ။ ပန်းအခက်အခဲဖြစ်နေလို့၊ ပန်း လုံးဝ မရှိလို့ မလွှဲမရှောင်သာ ယာယီအဖြည့်သဘောနဲ့ တင်လှူပူဇော်လိုက်ရတာကတော့ တစ်မျိုးပေါ့။ ပြဿနာမရှိပါဘူး။ စေတနာမှန်ဖို့၊ စေတနာမြတ်ဖို့ပဲ လိုပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ်၊ ဘုရားကျောင်းဆောင်ကတော့ ဂန္ဓကုဋိတဲ့။ နံ့သာဖြင့် ထုံမွှမ်းအပ်သောကျောင်းဖြစ်ရမှာ။ ကိုယ့်ဘုရားကျောင်းဆောင်က ဘာကျောင်းဖြစ်နေလဲဆိုတာ ကိုယ့်ဘာသာကိုယ် ဆန်းစစ်ပေါ့။

အဲဒီတော့ ရနံ့မွှေးတဲ့ပန်းတွေ၊ မြတ်လေးပန်းတို့၊

http://www.dhammadownload.com

စံပယ်ပန်းတို့၊ နှင်းဆီပန်းတို့၊ ခရေပန်းတို့၊ ကံ့ကော်ပန်းတို့၊ ဇွန်ပန်းတို့ အများကြီးရှိတာပါပဲ။ ရနံ့မွှေးတဲ့ပန်းတွေ ပူဇော်ပေါ့။ ဒါမှ ဂန္ဓကုဋီဖြစ်မှာပေါ့။

ဂန္ဓကုဋိ - နံ့သာဖြင့်ထုံမွမ်းအပ်သောကျောင်းဖြစ်ရမယ်ဆိုလို့လည်းပဲ နံ့သာဖြူ၊ နံ့သာနီတွေ အရည်ဖျော်ပြီး သပြေခက်လေးနဲ့ ဟိုပက် ဒီပက်တော့ မလုပ်ကြနဲ့ဦးနော်။ အဲဒီလိုပက်ရင်လည်း နံ့သာဖြင့်ထုံမွမ်းအပ်သောကျောင်း ဖြစ်တော့ဖြစ်တယ်။ မွှေးတော့ မွှေးတယ်။ ဒါပေမဲ့ ညစ်ပတ်တယ်။

အကျိုးပေးတဲ့ဘဝကျတော့ လူကတော့ မွှေးချင်မွှေးမယ်။ ခရုသင်းကွက်တွေနဲ့ ဖြစ်မှာ။ ခရုသင်းကွက်တို့၊ တင်းတိပ်ကွက်တို့၊ ညှင်းကွက်တို့၊ ပွေးကွက်တို့။ အဲဒါ ဘုရားကျောင်းဆောင်ကို ဟိုပက် ဒီပက်လုပ်ခဲ့လို့၊ ဘုရားကျောင်းဆောင်ကို ဟိုပက်ဒီပက်နဲ့ ဟိုကွက်ဒီကွက်ဖြစ်အောင် လုပ်ခဲ့ဟော့ ကိုယ့်ခန္ဓာကိုယ်၊ ကိုယ့်မျက်နှာမှာလည်း ဟိုကွက်ဒီကွက်တွေ ဖြစ်ကုန်တော့တာပေါ့။

နံ့သာဖြူ၊ နံ့သာနီတွေ အရည်ဖျော်ပြီးတော့ ဘုရားကျောင်းဆောင်ကို ဟိုပက် ဒီပက် ပက်လို့ သင့်တော်ပါ့မလား။ မသင့်တော်ဘူး။ နတ်စင်ကျတော့ ပက်ချင်ပက်ပေါ့။ ကိုယ့်နတ်က ပက်မှကြိုက်တယ်ဆိုရင်။ ကွက်မှ ကြိုက်တယ်

http://www.dhammadownload.com

ဆိုရင်။ ဟုတ်လား။

ဗောဓိညောင်ပင်တို့လို ဘာသာရေး အထိမ်းအမှတ်သစ်ပင်တွေ စိုက်တဲ့အခါမျိုးမှာ အမွှေးနံ့သာပူဇော်တဲ့အနေနဲ့ နံ့သာဖြူ နံ့သာနီတို့၊ ရေမွှေးတို့ အရည်ဖျော်ပြီး သပြေခက်နဲ့ နံ့သာရည် ပက်ဖျန်းတာကတော့ ကောင်းပါတယ်။

ဒါပေမဲ့ နံ့သာရည်တွေ ညောင်ရွက် စသည်မှာ အကွက်လိုက် ကပ်ကျန်နေတာမျိုးတော့ မဖြစ်ပါစေနဲ့။ နံ့သာရည်ပက်ဖျန်းပြီးတာနဲ့ ရိုးရိုးရေနဲ့ သန့်စင်သွားအောင် သေချာဆေးကြောပစ်ပါ။ နံ့သာရေ လောင်းပြီးရင် ရိုးရိုးရေလည်း လောင်းပါ။ တခြားတခြား နံ့သာရည် ပက်ဖျန်းတဲ့ကိစ္စတိုင်းမှာလည်း နည်းတူပါပဲ။ အကွက်မကျန်ပါစေနဲ့။

ဘုရားကျောင်းဆောင်ကတော့ နံ့သာရည်နဲ့ ပက်လို့ ကောင်းပါ့မလား။ မကောင်းဘူး။ ရေထပ်ဆေးလို့လည်း မဖြစ်ဘူးလေ။ ဒါ့ကြောင့် ရနံ့မွှေးတဲ့ ဂန္ဓကုဋိဖြစ်အောင်တော့ လုပ်ပါ။ နံ့သာရည်တွေနဲ့ ဟိုပက်ဒီပက် ညစ်ပတ်အောင်တော့ မလုပ်ပါနဲ့။

ဘုရားကျောင်းဆောင် ဂန္ဓကုဋိဟာ ရနံ့မွှေးနေရမယ်ဆိုပြီးတော့ ဘုရားရှေ့မှာ အမွှေးတိုင်ထွန်းတာမျိုးလည်း မလုပ်ပါနဲ့။ ဘုရားရှေ့ အမွှေးတိုင်ထွန်းတယ်ဆိုတာ

http://www.dhammadownload.com

အမှန်ကတော့ ဘုရားကို မီးခိုးမှိုင်း တိုက်တာပါပဲ။ ဘုရားကို ညှော်တိုက်တာပါပဲ။

အမွှေးတိုင်ထွန်းတာကို 'အမွှေးနံ့သာနဲ့ ပူဇော်တယ်' လို့ ပြောတော့ စကားလုံးလေးက လှသလိုပါပဲ။ စေတနာကလည်း လှသလိုပါပဲ။ ဒါပေမဲ့ သေချာစဉ်းစားကြည့်ရင် ဘုရားရှေ့ အမွှေးတိုင်မီးထွန်းတာဟာ ဘုရားကို သက်တော်ထင်ရှားလို့ သဘောမထားရာ ရောက်ပါတယ်။ ဘုရားကို မလေးစားရာ ရောက်ပါတယ်။ ဘုရားကို ဂရုမစိုက်ရာ ရောက်ပါတယ်။

အမွှေးတိုင်ထွန်းတယ်ဆိုတာ သစ်သားကို မီးရှို့တာပဲလေ။ သစ်သားမှာ ကပ်ထားတဲ့ ကြိတ်ဖတ်တွေမှာ အမွှေးနံ့သာဆီတွေ ရောစပ်ထားလို့ မွှေးသလိုလိုရှိပေမယ့် ညှော်နံ့ဟာ ညှော်နံ့ပါပဲ။

ဘုရားကို မွှေးရနံ့နဲ့ ပူဇော်တယ်လို့ စကားလုံးလှည့်စားထားပေမယ့် တကယ်တမ်းကတော့ အမွှေးနံ့နည်းနည်းထွက်တဲ့ မီးခိုးငွေ့တွေနဲ့ ဘုရားကို သစ်သားညှော်တိုက်တာပါပဲ။ မရည်ရွယ်ပါဘူးဆိုပေမယ့် မီးခိုးငွေ့မှုန်း သိသိကြီးနဲ့ လုပ်တာဆိုတော့ သဘောက အဲဒီအတိုင်းပါပဲ။

အမွှေးတိုင်မီးခိုးငွေ့နဲ့ ဘုရားကို ညှော်တိုက်တဲ့သူတွေ ပန်းနာရင်ကျပ်နဲ့ သေမှာပဲ။ ဒီဘဝ မဖြစ်ရင်လည်း

http://www.dhammadownload.com

အကျိုးပေးတဲ့ ဘဝတစ်ခုခုမှာတော့ ဖြစ်မှာပေါ့။

ပြောမယ့်သာ ပြောရတာ၊ အမှန်ကတော့ ဒီဘဝမှာကို ပန်းနာရင်ကျပ် ဖြစ်နိုင်ပါတယ်။ ဘာလို့လဲဆိုတော့ မီးခိုးငွေ့တွေ ရှူနေရတာကိုး။ ဘုရားကို ဆေးလိပ်ကိုက်တဲ့ကံကြောင့် မဟုတ်တောင်မှ ကိုယ်ကိုယ်တိုင် ဆေးလိပ်ရှူနေရတဲ့ကံကြောင့် ပန်းနာရင်ကျပ် သေချာပေါက် ဖြစ်မှာပါပဲ။

ပန်းနာရင်ကျပ်တွင် မကပါဘူး၊ အဆုတ်ကင်ဆာပါ ဖြစ်နိုင်ပါတယ်။ ကျန်းမာရေးပညာရှင်တွေရဲ့ လက်တွေ့သုတေသနပြုချက်အရ အိမ်မှာ အမွှေးတိုင် မီးခိုးငွေ့ ရှူနေရတဲ့သူတွေဟာ လမ်းမှာ ကားမီးခိုးငွေ့ ရှူနေရသူတွေ၊ ဆေးလိပ်သောက်တဲ့သူတွေထက်တောင် အဆုတ်ကင်ဆာပိုဖြစ်စေနိုင်တယ်လို့ ဆိုပါတယ်။

ကိုယ်ကိုယ်တိုင်တောင် အနံ့မခံနိုင်လို့ အမွှေးတိုင်ထွန်းပြီးတာနဲ့ ဘုရားခန်းထဲကနေ အပြင်ထွက်သွားပြီးတော့ ဘုရားကိုကျတော့ အမွှေးတိုင်ဆေးလိပ်နံ့နဲ့ ဘုရားခန်းထဲမှာ ပစ်ထားတယ်ဆိုရင် ဒါဟာ ဘုရားကို သက်သက်ဒုက္ခပေးတာပါပဲ။ ဘုရားဘာသာဘုရား ဆေးလိပ်နံ့ နံချင်နေ၊ မနံချင်နေ၊ ဘာမှ ဂရုစိုက်စရာ မလိုဘူး ဆိုတဲ့ သဘော သိပ်ထင်ရှားနေတဲ့အတွက် ဘုရားကို မထီမဲ့မြင်ပြုရာ၊ စော်ကားရာ ရောက်ပါတယ်။

http://www.dhammadownload.com

ဒါ့ကြောင့် ဦးဇင်းတို့ကတော့ ဘယ်တော့မှ ဘုရားခန်းမှာ၊ ဘုရားကျောင်းဆောင်မှာ အမွှေးတိုင် မထွန်းပါဘူး။ ဘုရားကို ညှော်နဲ့ မတိုက်ချင်လို့ပါ။ ဘုရားကို သက်တော်ထင်ရှားလို သဘောထားလို့ပါ။

စေတီတော်ရင်ပြင်တွေမှာရှိတဲ့ ဘုရားရုပ်ပွားတော်တွေရှေ့မှာ အမွှေးတိုင်ထွန်းတာမျိုးဆိုရင်တော့ တစ်မျိုးပေါ့။ လေထဲပျံ့နှံ့သွားတာဆိုတော့ ဘုရားကို သိပ်မထိခိုက်ဘူး။ ဒါတောင်မှ အထွန်းများတဲ့ နေရာမျိုးဆိုရင် ညှော်နံ့စွဲနေလို့ ဘယ်သူမှ အနံ့မခံနိုင်ကြ၊ ဘယ်သူမှ အဲဒီနားကြာကြာမနေနိုင်ကြပါဘူး။

ကိုယ်ကိုယ်တိုင် ကြာကြာမခံနိုင်တဲ့အနံ့ ဘုရားကိုပေးတယ် ဆိုတာ သဘာဝကျ၊ မကျ သေချာစဉ်းစားကြည့်ဖို့ကောင်းပါတယ်။

တချို့က ဘုရားရှေ့ အမွှေးတိုင် များများထွန်းနိုင်လေ၊ စီးပွားပိုတက်လေ လို့ ယူဆပြီး တစ်နေ့လုံးနီးပါး၊ တချို့ တစ်နေ့လုံး အမွှေးတိုင်မပြတ်အောင် ထွန်းတဲ့အပြင် ထွန်းပြီးသား အမွှေးတိုင် သစ်သားချောင်းတွေကိုတောင် စွန့်မပစ်ဘဲ ဘုရားရှေ့မှာ ဒီအတိုင်း ထားလိုက်ပါသေးတယ်။

ဘုရားကို အမွှေးတိုင် ဘယ်နှတိုင် ပူဇော်ပြီးပြီဆို

http://www.dhammadownload.com

ပြီး ပီတိဖြစ်ချင်လို့ မစွန့်ဘဲထားတာ ထင်ပါရဲ့။ အဲဒါက တော့ ပိုတောင်ဆိုးပါသေးတယ်။ ဘုရားကို တစ်နေ့လုံး ညှော်တိုက်ရုံနဲ့ အားမရဘဲ ဘုရားရှေ့မှာ အမှိုက်ပုံပါ လုပ် ထားလိုက်တာဆိုတော့လေ။

အဲဒီလိုလူမျိုးကျတော့ ပန်းနာရင်ကျပ်ရောဂါဖြစ် ရုံမကဘူး၊ ဘဝမှာ စိတ်ရှုပ်စရာတွေ၊ စိတ်ညစ်စရာတွေပါ အမြဲ ကြုံတွေ့ရမှာပဲ။ ဘာလို့လဲဆိုတော့ ဘုရားရှေ့မှာ အ မှိုက်ရှုပ်အောင်၊ ညစ်ပတ်အောင် လုပ်ခဲ့တာကိုး။

ခေတ်ပညာတတ်ပါဆိုတဲ့ ဗေဒင်ဆရာလိုလို၊ ဘိုး တော်လိုလို ဒကာကြီးတစ်ယောက်က သူ့မိတ်ဆွေ ဒကာကြီး တစ်ယောက်ကို 'ဘာသာရေး ဘာလုပ်ဖြစ်သလဲ' လို့ မေးတော့ ဘာသာရေးစစ်စစ် တကယ်လုပ်နေတဲ့ ဒကာကြီး က ကိုယ့်ကိုယ်ကို နှိမ့်ချပြီး 'ဒီလိုပါပဲ၊ အထွေအထူးတော့ သိပ်မလုပ်ဖြစ်ပါဘူး' လို့ ဖြေလိုက်ပါတယ်။ အဲဒီအခါမှာ မေးခွန်းရှင် ဒကာကြီးက ဘာပြန်ပြောသလဲဆိုတော့ 'ဘာမှ မလုပ်ဖြစ်ရင်တောင် ဘုရားမှာ အမွှေးတိုင် အနည်းဆုံး တစ်တိုင်တော့ နေ့စဉ် ထွန်းဖြစ်အောင် ထွန်းဗျာ၊ စီးပွားရေး အခြေအနေ ထူးခြားလာပါလိမ့်မယ်' . . . တဲ့။

ဩော် . . . အမွှေးတိုင်ကို မီးရှို့ပြီး ဘုရားကို ညှော် တိုက်တဲ့အလုပ်ကို လိုတရ ဖြစ်စေနိုင်တဲ့ ကံပွင့်အလုပ်လို့

http://www.dhammadownload.com

ထင်နေရှာတာ သနားစရာပါပဲ။

မန်ကျည်းသား ကြိတ်ဖတ်တွေကို နံ့သာဆီနဲ့ ရော စပ်ထားပါလျက် သနပ်ခါးစစ်စစ်နဲ့ လုပ်ထားတာပါလို့ လိမ် ညာကြတဲ့ ကိစ္စတွေကိုတော့ ဦးဇင်းတို့ ဘာမှ မပြောတော့ပါ ဘူးနော်။ သူ့အကုသိုလ်နဲ့သူဆိုတော့ သူ့အပြစ်သူ ခံရုံပါပဲ။

ဦးဇင်းတို့ ပြောချင်တာက နံ့သာဖြင့် ထုံမွမ်းအပ် သောကျောင်းကို ဂန္ဓကုဋီခေါ်တယ်ဆိုပြီး ဘုရားကျောင်း ဆောင်ထဲမှာ အမွှေးနံ့ပါတဲ့ သစ်သားတိုင် (အမွှေးတိုင်) မီးရှို့ပြီး ဘုရားကို ညှော်မတိုက်ဖို့ပါပဲ။ ဘုရားကို သက်တော် ထင်ရှားလို သဘောမထားလို့ ဘာမှ ဂရုစိုက်စရာမလိုဘူး ဆိုရင်တော့လည်း ညှော်တိုက်ချင် တိုက်ကြပေါ့။ ကိုယ့်အပြစ် ကိုယ်ခံရမှာပါပဲ။

ဘုရားကျောင်းဆောင်ကို ဂန္ဓကုဋီစစ်စစ်ဖြစ်စေ ချင်တယ်ဆိုရင်တော့ ဘုရားကျောင်းဆောင်ထဲမှာ ရနံ့မွှေး တဲ့ပန်းတွေနဲ့ အမြဲတမ်း ပူဇော်ထားပါ။

■

http://www.dhammadownload.com



## ပင်ကိုမွှေးရနံ့က ရင်ကို အေးသန့်စေပါတယ်

ဦးဇင်းတို့ တောင်ပေါ်ကျောင်းမှာတော့ နှင်းဆီ ပန်းရယ်၊ စံပယ်ပန်းရယ် အမြဲတမ်း ပူဇော်ထားတယ်။ အမြဲ တမ်းလည်း ရနိုင်တဲ့ ပန်းကိုး။ နှင်းဆီ၊ စံပယ်ကျတော့ လွယ် လွယ်ကူကူ မရနိုင်ဘူးလား။ ရနိုင်တယ်နော်။

ရန်ကုန်က ဒကာ ဒကာမတွေ အဆင်ပြေသလို လှမ်းလှမ်းပို့ပေးနေလို့ တရုတ်ပြည်ကလာတဲ့ တိုက်ဂါးလီလီ ဆိုတဲ့ ပန်းလည်းပဲ ဒီရာသီမှာ အမြဲတမ်းနီးပါး ပူဇော်ရတာ ပေါ့။ မြန်မာလိုတော့ ဘယ်လိုခေါ်တယ် မသိဘူးနော်။ တိုက် ဂါးလီလီတဲ့။

သူကတော့ လှလည်း လှတယ်၊ မွှေးလည်း မွှေး

http://www.dhammadownload.com

တယ်၊ အပွင့်ကလည်း အကြီးကြီး၊ ထွားထွားကြိုင်းကြိုင်းဆို တော့ ဦးဇင်းက မြန်မာလို ကိုယ့်ဘာသာကိုယ် နာမည်ပေး ထားလိုက်တယ်။ 'လှမွှေးထွား' လို့။ ဟုတ်တယ်လေ။ လှ လည်း လှတယ်၊ မွှေးလည်း မွှေးတယ်၊ ထွားလည်း ထွား တယ်။ လှမွှေးထွားပေါ့။

ဘုရားကို လှမွှေးထွားနဲ့ ပူဇော်ရတာ . . . ဘယ် လောက်အရသာရှိထားလဲ။ အဆင်းလည်း လှတယ်၊ ရနံ့ လည်း မွှေးတယ်၊ အရွယ်လည်း ထွားတယ်၊ ကောင်းခြင်းသုံး ဖြာနဲ့ ပြည့်စုံတဲ့ပန်းဆိုတော့ ဘုရားကို ပူဇော်ရတာ အရမ်း အရသာရှိတာပဲ။ ပန်းထွားတော့ ပီတိလည်း ထွားတာပေါ့။ ပီတိထွားရင် အကျိုးပေးလည်း ထွားမှာပါပဲ။ အကျိုးပေး ထွားချင်လို့ ပြောတာ မဟုတ်ပါဘူး။ သဘောပြောတာပါ။ အကြောင်းအကျိုးသဘောကို ပြောတာပါ။

အများအားဖြင့် ပန်းဆိုရင် 'အဆင်းလည်းလှ၊ ရနံ့ လည်းမွှေး' လို့ ဂုဏ်ပုဒ်နှစ်ခုပဲ ပြောလေ့ရှိကြတယ်လေ။ 'လှမွှေးထွား' ကျတော့ ဂုဏ်ပုဒ်နှစ်ခုတွင်မကဘူး၊ ဂုဏ်ပုဒ် သုံးခု ပြည့်စုံနေတယ်။ အဆင်းလည်း လှတယ်၊ ရနံ့လည်း မွှေးတယ်၊ အရွယ်လည်း ထွားတယ်၊ လှမွှေးထွား။ တိုက်ဂါး လီလီပါ။

သထုံမှာ ကိုယ်နဲ့ အနီးကပ် ထိတွေ့မှုရှိတဲ့ လူငယ်

http://www.dhammadownload.com

လေးတွေ၊ ဝေယျာဝစ္စဒကာလေးတွေကဆိုရင် 'အရှင်ဘုရား . . . ၊ လှူမွေးထွားတွေ ရှိသေးလား။ လှူမွေးထွားတွေ စွန့်လိုက်ပြီလား။ ရန်ကုန်က ဒကာမကြီးတွေက လှူမွေးထွားတွေ ပို့ပြီလား၊ ဒီတစ်ခေါက် အရှင်ဘုရား ရန်ကုန်က ပြန်လာတာ လှူမွေးထွားတွေ ပါခဲ့သေးလား' နဲ့ အမြဲတမ်းမေးကြတာပေါ့လေ။

လှူမွေးထွားပန်း အဓိကပို့ပေးတာကတော့ ရန်ကုန်က ရဟန်းအမတစ်ဦးဖြစ်တဲ့ ဒကာမကြီး ဒေါ်အေးအေးဝင်းပါပဲ။ လှူမွေးထွားရာသီ မဟုတ်တဲ့အခါမှာလည်း ရေမွှေးနှင်းဆီပန်းတွေ အမြဲပို့ပေးနေတာပေါ့။ ရန်ကုန်ကနေ သထုံ၊ တောင်ပေါ်ကို ဦးဇင်း ပြန်တိုင်းလည်း ထည့်ပေးလိုက်တယ်။ သထုံလူကြုံရှိတိုင်းလည်း ထည့်ပေးတယ်။ သထုံမှာက ရေမွှေးနှင်းဆီ မရှိဘူးလေ။ ရိုးရိုးနှင်းဆီထက် ရေမွှေးနှင်းဆီက ဘုရားကျောင်းဆောင်ကို ဂန္ဓကုဋိ ပိုဖြစ်စေပါတယ်။

အဆင်းလည်း လှ၊ ရနံ့လည်း မွှေးတဲ့ ပန်းတွေနဲ့ ပူဇော်မယ်ဆိုရင်တော့ ဘုရားကျောင်းဆောင်ဟာ ဂန္ဓကုဋိဆိုတဲ့နာမည်နဲ့ လိုက်လျောညီထွေ ဖြစ်သွားပါလိမ့်မယ်။

အကြောင်းမညီညွတ်လို့ ကိုယ်တင်လှူပူဇော်ထားတဲ့ပန်းက ရနံ့မရှိဘူးဆိုရင်လည်း အဲဒီပန်းမှာ ရေမွှေးလေး

http://www.dhammadownload.com

ဆွတ်လိုက်ပေါ့။ ဒါမှမဟုတ်လည်းပဲ ဘုရားကျောင်းဆောင်ရဲ့ ရှေ့မှာထားတဲ့ အဝတ်မှာ ရေမွှေးလေး ဆွတ်ချင်ဆွတ်။ ဒါမှမဟုတ် ဘုရားကျောင်းဆောင်နောက်မှာရှိတဲ့ ကန့်လန့်ကာလေးမှာ ရေမွှေးလေး ဆွတ်ချင်ဆွတ်။ အကွက်တွေဘာတွေနဲ့ ညစ်ညစ်ပတ်ပတ် မဖြစ်အောင်လည်း ဆွတ်ရမှာပေါ့နော်။

ဘုရားကျောင်းဆောင် ကျယ်ရင်တော့ ဘုရားရုပ်ပွားတော်ရဲ့ ရှေ့မျက်နှာစာနဲ့ ဘေးဝဲယာ၊ လေထဲမှာ ရေမွှေးဖျန်းလိုက်လို့ရပါတယ်။ အဲဒီလိုဆိုရင် ဂန္ဓကုဋိ ဖြစ်မသွားဘူးလား။ ဖြစ်သွားတယ်။

ဘယ်သူတွေ ဘာပဲပြောပြော ဦးဇင်းတို့ကတော့ အဆင်းလည်းလှ၊ ရနံ့လည်း မွှေး၊ အမြဲတမ်းလည်း ရနိုင်တဲ့ နှင်းဆီပန်းကို အမြဲတမ်း တင်ပါတယ်။ စံပယ်ပန်းကတော့ တစ်ခါတစ်ရံ ပြတ်သွားတာလေးတွေ ရှိတတ်တယ်။ အပွင့်ပြတ်သွားတဲ့ရာသီကျရင်ပေါ့။

တချို့ကျတော့လည်း နှင်းဆီပန်းတွေ ဆူးပါလို့ဆိုပြီးတော့ မတင်ကြဘူးနော်။ ဆူးပါတဲ့ပန်း တင်လိုက်ရင် ဘဝမှာ ဆူးငြောင့်ခလုတ်တွေ ကြုံတတ်တယ်လို့ ယူဆကြတာကိုး။ ဘာမှ မဆိုင်ပါဘူးနော်။

ဘုရားကို နှင်းဆီပန်း ကပ်တာက ဆူးတွေကို ကပ်

http://www.dhammadownload.com

တာ မဟုတ်ပါဘူး။ နှင်းဆီပွင့်လေးရဲ့ လှပတဲ့ အဆင်းရယ်၊ မွှေးပျံ့တဲ့ ရနံ့ရယ်။ အဲဒီ အဆင်းရယ်၊ ရနံ့ရယ်ကိုသာ ပူဇော်တာပါ။ ဆူးပါတော့ရော ဘာဖြစ်လဲ၊ စိတ်ထက်တာပေါ့၊ ဉာဏ်ထက်တာပေါ့။

ဆူးကြောင့်ခလုတ် တွေ့လိမ့်မယ်လို့ အဆိုးမတွေးဘဲ ဆူးလိုပဲ စိတ်ထက်၊ ဉာဏ်ထက်လိမ့်မယ်လို့ အကောင်းတွေးလိုက်ရင် ဆူးပါနေတာကိုက အရသာတစ်မျိုးပဲနော်။ ဒါပေမဲ့ ပန်းအိုးထဲမှာ ညပ်သပ်ငြိတွယ်မနေအောင်၊ ပန်းခက်တွေ များများထိုးနိုင်အောင် အောက်ခြေပိုင်း ဆူးလေးတွေတော့ သင်လိုက်ရမှာပေါ့။ ဆူးအစွဲကြောင့် ဆူးသင်ပစ်ရမှာ မဟုတ်ပါဘူး၊ ပန်းအိုးထိုးရတာ အဆင်ပြေအောင်လို့ ဆူးသင်ပစ်ရမှာပါ။

အဲဒီတော့ ဂန္ဓကုဋိဖြစ်အောင် ရနံ့မွှေးတဲ့ပန်းတွေနဲ့ ပူဇော်ပါ။ မွှေးနံ့နဲ့ ကိုက်တာတွေ၊ မကိုက်တာတွေ၊ အပွင့်အရေအတွက် ဘယ်လောက်ဘယ်ညာတွေ ထည့်တွက်မနေပါနဲ့တော့။

တချို့ကျတော့ နှင်းဆီပန်း ကြိုက်တော့ ကြိုက်ပါတယ်။ အဆင်းလေးကလည်း လှ၊ ရနံ့လေးကလည်း မွှေး။ သဘောကျပါတယ်။ ဒါပေမဲ့ ဗေဒင်ဆရာက ကိုယ့်မွေးနံ့နဲ့ မကိုက်လို့ မပူဇော်ဖို့ တားမြစ်လို့ ဆိုပြီးတော့ မပူဇော်တာ

တွေလည်း မရှိဘူးလား။ ရှိတယ်။

စံပယ်ပန်းက မွှေးနံ့နဲ့ မကိုက်လို့တဲ့။ နှင်းဆီပန်းက မွှေးနံ့နဲ့ မကိုက်လို့တဲ့။ ကိုယ့်မွှေးနံ့နဲ့ မကိုက်လို့ဆိုပြီးတော့ မပူဇော်ဘဲ ထားတဲ့ ပန်းတွေ ရှိတယ်။ ဘယ်ပန်း မတင်ကောင်းဘူးဆိုပြီးတော့ မလှူဘဲထားတဲ့ပန်းတွေ ရှိတယ်။

■

http://www.dhammadownload.com



## ယတြာချေရင်သဒ္ဒါကြေမယ်

အဲဒီလိုဆိုတော့ ဘုရားတင်တဲ့ပန်းကို နှစ်မျိုးခွဲရမလို ဖြစ်နေပြီ။ ယတြာပန်းရယ်၊ ရတနာပန်းရယ်။ နာမည်က ခပ်ဆင်ဆင်ပဲ။ အဆုံးသတ်စကားလုံး ရာနဲ့နာပဲ ကွာတယ်နော်။ ရှေ့ဆုံးနှစ်လုံး အသံထွက်တူတယ်။ နောက်ဆုံးတစ်လုံးပဲ ကွဲတယ်။ ဒါပေမဲ့ ကာရန်တူတယ်။ အာကာရန်။ ဘာပန်းနဲ့ ဘာပန်းတဲ့တုံး။

'ယတြာပန်း နဲ့ ရတနာပန်း'

ယတြာပန်းဆိုတာကတော့ ဗေဒင်နည်း၊ ဓာတ်ရိုက်ဓာတ်ဆင်နည်းတွေနဲ့ တွက်ချက်ပြီးတော့ ယတြာချေတဲ့သဘောမျိုး တင်တဲ့ပန်း၊ ယတြာချေတဲ့အနေနဲ့ တင်တဲ့ပန်း

http://www.dhammadownload.com

ပေါ့။ ကုသိုလ်လိုချင်လို့ တင်တာ မဟုတ်ဘူး၊ အကျိုးလိုချင်လို့ တင်တာ။ အကျိုးကိုလည်း သဘာဝကျကျ လိုချင်တာ မဟုတ်ဘူး၊ ဖြတ်လမ်းနည်းနဲ့ အချောင်လိုချင်တာ။

ကိုယ့်မွေးနေ့ မွေးနံနဲ့ ကိုက်တဲ့ပန်းမှ ရွေးလှူတယ်။ ကိုယ်ကြိုက်ကြိုက် မကြိုက်ကြိုက်၊ အဆင်းလှလှ မလှလှ၊ ရနံ့မွှေးမွှေး မမွှေးမွှေး ဗေဒင်ဆရာက ဒီပန်းပူဇော်ဆိုရင် ပူဇော်လိုက်တာပဲ။ ဘယ်နှခက် ပူဇော်ရမယ်၊ ဘယ်နှပွင့် ပူဇော်ရမယ်ဆို သူသတ်မှတ်ထားတဲ့အတိုင်း ပူဇော်လိုက်တာပဲ။

အဲဒီလိုဆိုတော့ ကုသိုလ်စစ်စစ် ဖြစ်ပါဦးမလား။ မဖြစ်တော့ဘူး။ ကုသိုလ်စစ်စစ် မဖြစ်ဘူးဆိုတော့ ဘာကုသိုလ်တုံး။ အကုသိုလ်လို့တော့ မလုပ်ပါနဲ့လေ။ အားနာစရာကြီး။ မစစ်တစစ် ကုသိုလ်လုပ်ပေါ့။ နားခံသာအောင်လေ။ ယတြာပန်းလှူရင် ကုသိုလ်စစ်စစ် မဖြစ်တော့ဘူး။ ကုသိုလ် မစစ်တစစ်ပဲဖြစ်မယ်။ စစ်စစ်နဲ့ ဆန့်ကျင်ဘက်ပြောရင်တော့ ကုသိုလ်အတုပဲဖြစ်မယ်။

တချို့ကျတော့ အပွင့်အရေအတွက်လည်း ကြည့်သေးတယ်။ စုံဂဏန်း မကပ်ကောင်းဘူး၊ မဂဏန်းမှ ဆိုတော့ လေးပွင့် မကပ်ကောင်းဘူး၊ သုံးပွင့်ကပ်ပေါ့။ အဲဒီလို လုပ်တဲ့သူတွေလည်း မရှိဘူးလား။ ရှိပါတယ်။

http://www.dhammadownload.com

ကိုယ့်ဆီမှာ ဘုရားကို ပူဇော်ဖို့အတွက် ပန်းလေးပွင့် ရှိနေတယ်။ စုံဂဏန်း မကပ်ကောင်းဘူးဆိုတော့ သုံးပွင့်ပဲ ကပ်တယ်။ သုံးပွင့်ပဲကပ်တော့ သုံးပွင့်စာကုသိုလ်ပဲ ရတော့တာပေါ့။ လေးပွင့်စာကုသိုလ် မရတော့ဘူး။

ပန်းလေးပွင့်လှူရင် ကုသိုလ်က တစ်ပိဿာရမယ် ဆိုပါတော့။ သုံးပွင့်ပဲ ကပ်တော့ ခုနစ်ဆယ့်ငါးကျပ်သားပဲ ရတော့မှာပေါ့။ နှစ်ဆယ့်ငါးကျပ်သား၊ အစိတ်သား မဆုံးရှုံးဘူးလား။ ဆုံးရှုံးတယ်။ ကုသိုလ်အရေးအတွက်ဆိုတာ များသည်ထက် များအောင် ကြိုးစားရမှာ။

ဟိုလိုဆိုရင် မကောင်းလို့၊ ဒီလိုဆိုရင် မကောင်းလို့၊ ဟိုလိုဆိုရင် ဓာတ်မကိုက်လို့၊ ဒီလိုဆိုရင် ဓာတ်မကိုက်လို့နဲ့ ဟိုလျှော့ ဒီလျှော့၊ ဟိုဖြည့် ဒီဖြည့်နဲ့ဆိုတော့ ဖြည့်တာက တော်သေးတယ်၊ လျှော့လိုက်ရင်တော့ ကုသိုလ်တွေ လျော့မသွားဘူးလား။ လျော့သွားတယ်။

ဒါ့ကြောင့် ပန်းအမျိုးအစားကိုလည်း မစွဲပါနဲ့။ နေ့နံနဲ့ ကိုက်တာ မကိုက်တာတွေ၊ ဗေဒင်ယတြာသဘောတွေ လုပ်မနေပါနဲ့။ ကိုယ်ကြိုက်တဲ့ပန်း၊ ကိုယ်ရတဲ့ပန်း တင်လှူပူဇော်လိုက်ပေါ့။ ပန်းအရေအတွက်ကိုလည်း မစွဲပါနဲ့။ စုံဂဏန်းတွေ၊ မဂဏန်းတွေ၊ ဂြိုဟ်သက်တွေ၊ သက်စေ့တွေ လုပ်မနေပါနဲ့။ ကိုယ့်ရှိသလောက်၊ ဘုရားကျောင်းဆောင်မှာ

http://www.dhammadownload.com

ထားမယ့် ပန်းအိုးနဲ့ ဆန့်သလောက် တင်လှူပူဇော်လိုက်ပေ့ါ။ ပန်းအိုးကိုလည်း စုံအိုး၊ မ, အိုး စွဲမနေပါနဲ့။

ယတြာပန်းဆိုတာ သဘောပေါက်ပြီနော်။ ကိုယ့်မွေးနေ့မွေးနံနဲ့ ကိုက်တာ မကိုက်တာတွေ၊ သက်ရောက်ဂြိုဟ်နဲ့ ကိုက်တာ မကိုက်တာတွေ၊ အပွင့်အရေအတွက်က ဘယ်လိုဘယ်ညာ၊ အဲဒီလိုလောကီယတြာအနေနဲ့ လိုက်ပြီးတော့ လှူတဲ့ပန်းမျိုးကျတော့ ယတြာပန်းပေ့ါ။

ယတြာပန်း လှူတဲ့ပုဂ္ဂိုလ်ရဲ့ စိတ်ဟာ အေးအေးချမ်းချမ်း မဖြစ်နိုင်ပါဘူး။ ပူလောင်နေမှာပါ။ ဘာပန်းလှူမှ၊ ဘယ်နှပွင့်ကပ်မှ ဘာဖြစ်မယ်၊ စီးပွားက ဘယ်လိုတက်မယ်၊ ရာထူးက ဘယ်လိုတက်မယ်။ ဘုရားဂုဏ်ကို အာရုံမပြု၊ ကုသိုလ်စိတ်ကို အာရုံမပြုဘဲ ကိုယ်လိုချင်တဲ့အကျိုးတွေချည်းပဲ အာရုံပြုနေတာဆိုတော့ ဘုရားကို ပန်းသာလှူနေရတယ်။ စိတ်က အေးချမ်းရဲ့လား။ မအေးချမ်းဘူး။

သဒ္ဓါနဲ့လှူတာ မဟုတ်ဘူး၊ တဏှာနဲ့ လှူတာဆိုတော့ ဘယ်မှာစိတ်အေးချမ်းပ့ါမလဲ။ သဒ္ဓါနဲ့လှူတာ မဟုတ်ဘူး၊ ဘယာနဲ့လှူတာဆိုတော့ ဘယ်မှာ စိတ်မြင့်မြတ်ပ့ါမလဲ။

ဘယာဆိုတာ ကြောက်တာနော်။ စီးပွားမတက်မှာ ကြောက်တယ်၊ ရာထူးမတိုးမှာ ကြောက်တယ်၊ ကား

http://www.dhammadownload.com

ရောင်းမထွက်မှာ ကြောက်တယ်၊ သူပစ်သွားမှာ ကြောက်တယ်။ ကိုယ်လိုချင်တာ မရမှာ ကြောက်နေတာ ဘယာပဲ။ ကိုယ်မလိုချင်တာ ရမှာ ကြောက်နေတာ ဘယာပဲ။ တဏှာနဲ့၊ ဘယာနဲ့ လှူနေသမျှတော့ စိတ်လည်း မအေးချမ်းဘူး၊ စိတ်လည်း မမြင့်မြတ်ဘူး။ မအေးချမ်းတဲ့စိတ်၊ မမြင့်မြတ်တဲ့စိတ်နဲ့ လှူတဲ့အလှူဟာ အကျိုးပေးလည်း မကြီးကျယ်ပါဘူး။

ဘယ်အရာဝတ္ထုပဲဖြစ်ဖြစ် ချေလိုက်ရင် ကြေသွားတဲ့သဘော ရှိပါတယ်။ ဘယ်လောက်မာတဲ့အရာဝတ္ထုပဲဖြစ်ဖြစ် သူ့ကို ကြေအောင် ချေနိုင်တဲ့ အရာဝတ္ထုနဲ့သာ ချေလိုက်ရင် ကြေသွားမှာပါပဲ။

ယတြာနဲ့ ချေရင်လည်း ကြေပါတယ်။ ဘာကြေတာလဲဆိုရင် သဒ္ဓါကြေတာပါ။ ယတြာနဲ့ ချေလိုက်တဲ့အတွက် သဒ္ဓါတွေ ကြေသွားပါတယ်။ သဒ္ဓါတရားတွေ ကြေမွပျက်စီးသွားပါတယ်။ ယတြာချေလေ သဒ္ဓါကြေလေပါပဲ။

ယတြာက သဒ္ဓါကို ချေလိုက်တဲ့အတွက် သဒ္ဓါကြေသွားတာမို့ ကြေတဲ့သဒ္ဓါနဲ့ အခြေနဲ့စွာ ပြုတဲ့ကုသိုလ်ဟာ အသရေမဲ့ကာ အကျိုးပေး ညံ့ဖျင်းသွားပါတယ်။ သဒ္ဓါကြေလို့ ကုသိုလ်ကြေရင် အကျိုးပေးလည်း ကြေတာပါပဲ။ အကျိုးပေးမကြေချင်ရင် သဒ္ဓါကို ယတြာနဲ့ မချေလိုက်ပါနဲ့။

http://www.dhammadownload.com



## နှစ်သက်တာလှူရင်
## အနှစ်မတက်မှာ မပူရတော့ဘူး

ရတနာပန်း ဆိုတာကျတော့ နှစ်ပိုင်းခွဲရမှာပေါ့လေ။ ရွှေ၊ ငွေ၊ ပတ္တမြား၊ ကျောက်စိမ်း၊ နီလာ၊ စိန် အစရှိတဲ့ တကယ့်ရတနာအစစ်တွေနဲ့ ပန်းပုံဖော်ပြီးတော့ ဘုရားကို ပူဇော်တာလည်း ရတနာပန်းပဲ။ ဘာရတနာနဲ့ပဲ ပန်းလုပ်လုပ် ရွှေကတော့ ပါရမှာပေါ့နော်။

ကျောက်စိမ်းကို ရွှေနဲ့ကွပ်၊ ပတ္တမြားကို ရွှေနဲ့ကွပ် စသည်အားဖြင့် တကယ့်ရတနာအစစ်တွေကို ရွှေလေးနဲ့ ကွပ်ပြီးတော့ ရွှေပန်းခိုင်လေးတွေ လုပ်ပြီးတော့ ဘုရားကို ပူဇော်တာ။ အဲဒါလည်းပဲ ရတနာပန်းလို့ ခေါ်တာပေါ့။

ဇောတိက၊ ဇဋိလအစရှိတဲ့ သူဌေးကြီးတွေရဲ့ ရှေးကောင်းမှုတွေမှာလည်း အဲဒါတွေ မပါဘူးလား။ ဘုရားဌာ

http://www.dhammadownload.com

ပနာတိုက်ထဲမှာ ရွှေပန်းခိုင်တို့၊ ရွှေတံခွန်တို့ စသည်အားဖြင့် ပူဇော်ကြတယ်။ ရွှေတံခွန်မှာ ပန်းပုံ ဖော်ထည့်လိုက်ရင်လည်း ရွှေပန်းပွင့် ဖြစ်သွားတာပါပဲ။ ဒါ့ကြောင့် တကယ့်ရတနာအစစ်တွေနဲ့ ရွှေပန်းပွင့်၊ ရွှေပန်းခိုင်တွေ လုပ်ပြီးတော့ ဘုရားကို ပူဇော်ရင်လည်း ရတနာပန်းပဲ။

ရွှေမကွပ်ဘဲ ကိုယ်နှစ်သက်ရာ ရတနာကျောက်မျက်သက်သက်ကိုပဲ ပန်းပွင့်ပုံ၊ ပန်းခိုင်ပုံ ထုဆစ်ပြီးတော့ ပူဇော်မယ်ဆိုရင်လည်း ရတနာပန်းပါပဲ။ ကျောက်စိမ်းချည်းပဲ ပန်းပုံထုဆစ်၊ ကျောက်စိမ်းပန်းပေါ့။ ပတ္တမြားချည်း၊ စိန်ချည်း ပန်းပုံထုဆစ်၊ ပတ္တမြားပန်း၊ စိန်ပန်းပေါ့။

ကျောက်မျက်ရတနာကို ရွှေနဲ့ကွပ်၊ ဒါမှမဟုတ် ရွှေပေါ်မှာ ကျောက်မျက်ရတနာတွေ စီထားတဲ့ ပန်းကိုလည်း ရတနာပန်းလို့ ခေါ်ပါတယ်။ ကျောက်မျက်ရတနာချည်းသက်သက်၊ ရွှေချည်းသက်သက် ပုံဖော်ထားတဲ့ ပန်းကိုလည်း ရတနာပန်းလို့ ခေါ်ပါတယ်။ ဘုရားဌာပနာတိုက်ထဲမှာပဲဖြစ်ဖြစ်၊ ဘုရားရုပ်ပွားတော်ရှေ့မှာပဲဖြစ်ဖြစ် ပူဇော်လို့ရပါတယ်။

ရတနာပန်းနောက်တစ်မျိုးကတော့ . . . ကျောက်မျက်ရတနာနဲ့ လုပ်ထားတဲ့ပန်း မဟုတ်ဘူး၊ တကယ့်ပန်းအစစ်။ ရတနာထိုက်တဲ့ပန်း၊ ရတနာဂုဏ်မြောက်တဲ့ပန်း၊

http://www.dhammadownload.com

ကိုယ့်အတွက် ရတနာဖြစ်နေတဲ့ပန်းကိုပဲ ရတနာပန်းခေါ်တာပါ။

ရတနာဆိုတဲ့ စကားလုံးလေးက ပါဠိစကားလုံးပါ။ 'ရတနာ' ဆိုတာ မြန်မာလို 'နှစ်သက်မှုကို ဖြစ်စေတယ်' လို့ အဓိပ္ပာယ်ရပါတယ်။ စိတ်ကြည်နူးမှု၊ စိတ်အေးချမ်းမှု၊ စိတ်ပျော်ရွှင်မှုကို ဖြစ်စေတဲ့အရာကို ရတနာလို့ ခေါ်ပါတယ်။

ကိုယ်က နှင်းဆီပန်းကြိုက်တယ်ဆိုရင် နှင်းဆီပန်းလေး မြင်လိုက်တာနဲ့ စိတ်ထဲမှာ နှစ်သက်ကြည်နူးမှု ဖြစ်တယ်။ နှင်းဆီပန်းလေး ပေးရ၊ လှူရ၊ ပူဇော်ရရင် စိတ်ထဲမှာ နှစ်သက်ကြည်နူးမှု ဖြစ်တယ်။ ကိုယ်က ကံ့ကော်ပန်းလေး ကြိုက်တယ်ဆိုရင် ကံ့ကော်ပန်းလေး မြင်ရတိုင်း၊ ကံ့ကော်ပန်းလေးနဲ့ ပူဇော်ရတိုင်း စိတ်ထဲမှာ နှစ်သက်ကြည်နူးမှုဖြစ်တယ်။

ကိုယ့်စိတ်ထဲမှာ နှစ်သက်ကြည်နူးမှုဖြစ်တဲ့ပန်းဟာ ကိုယ့်အတွက်တော့ ရတနာပန်းပဲပေါ့။ ရတနာဆိုတဲ့ ပါဠိအတိုင်း ပြောတာပေါ့နော်။ နှစ်သက်ကြည်နူးမှုကို ဖြစ်စေတဲ့ အရာကို ရတနာ လို့ ခေါ်ပါတယ်။

ဒါ့ကြောင့် ဗေဒင်ဆရာက တင်သင့်တယ်၊ မတင်သင့်ဘူး ဘယ်လိုပဲပြောပြော ဒီပန်းလေးကို လှူလိုက်ရလို့

http://www.dhammadownload.com

ကိုယ့်စိတ်ထဲမှာ နှစ်သက်မှု၊ ကြည်နူးမှုဖြစ်တယ်ဆိုရင် လှူလိုက်ပါ။ ကိုယ်နှစ်သက်တဲ့ပန်း၊ ကိုယ့်စိတ်ကို နှစ်သက်ကြည်နူးစေတဲ့ပန်းနဲ့ မြတ်စွာဘုရားကို ပူဇော်တာလည်း ရတနာပန်းပါပဲ။

ရတနာပန်းရဲ့ အဓိပ္ပာယ်နှစ်မျိုးပါ။ ရတနာနဲ့လုပ်တဲ့ပန်းမို့ ရတနာပန်း၊ ရတနာဖြစ်တဲ့ပန်းမို့ ရတနာပန်း။ ရတနာဖြစ်တယ်ဆိုတာ နှစ်သက်တာကို ပြောတာ။'ရတနာ' ဆိုတဲ့ပါဠိက 'နှစ်သက်' လို့ အဓိပ္ပာယ်ရပါတယ်။

နေ့စဉ်လှူနေတဲ့ ပန်းအနေနဲ့ ပြောရမယ်ဆိုရင်တော့ ကိုယ်နှစ်သက်တဲ့ပန်းဟာ ရတနာပန်းပါပဲ။ ကိုယ်သဘောကျတဲ့ပန်း၊ ကိုယ့်စိတ်ကို ပျော်ရွှင်အေးချမ်းစေတဲ့ပန်းဟာ ရတနာပန်းပါပဲ။ နေ့နံကိုက်ကိုက် မကိုက်ကိုက်၊ ရနံ့မွှေးမွှေး မမွှေးမွှေး၊ အရွယ်ကြီးကြီး မကြီးကြီး ကိုယ်သဘောကျနှစ်သက်ရင် အဲဒီပန်းဟာ ကိုယ့်အတွက် ရတနာပန်းပါပဲ။ ဘုရားရှေ့မှာ အားရပါးရ ပူဇော်လိုက်ပါ။ ဘုရားရှေ့မှာ ဝေနေအောင် ပူဇော်လိုက်ပါ။

ဒီတော့ ယတြာပန်းရယ်၊ ရတနာပန်းရယ်လို့ ပန်းနှစ်မျိုးရှိပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ ဂန္ဓကုဋီကျောင်းဆောင်ကြီးဖြစ်ဖို့အတွက် ယတြာပန်း လှူရမှာလား၊ ရတနာပန်း လှူရမှာလား။ ရတနာပန်း လှူရမှာ။

http://www.dhammadownload.com



## ရနံ့မွှေးလေ အသန့်တွေးလေ

ရတနာပန်းကလည်းပဲ ဘယ်လိုပန်းမျိုး ဖြစ်ရမှာလဲ။ အဆင်းသာ လှပြီးတော့ ရနံ့မမွှေးတဲ့ပန်း ဖြစ်ရမှာလား။ အဆင်းလည်းလှ၊ ရနံ့လည်း မွှေးတဲ့ပန်း ဖြစ်ရမှာလား။ အဆင်းလည်းလှ၊ ရနံ့လည်းမွှေးတဲ့ပန်း ဖြစ်ရမှာ။

အကြောင်းမညီညွတ်လို့ အဆင်းလှတဲ့ပန်းပဲ ကပ်ဖြစ်တယ်ဆိုရင် မွှေးအောင် ပြုပြင်လိုက်ပေါ့။ မွှေးအောင် မပြုပြင်ရင်လည်း ကိစ္စမရှိပါဘူး။ အဆင်းသာ လှပြီးတော့ ရနံ့မမွှေးတဲ့ပန်းကို ပူဇော်လို့ ဖြစ်လေရာဘဝမှာ . . . ရုပ်အဆင်းသာ လှပြီးတော့ ဘာအရည်အချင်းမှ မရှိတဲ့လူ ဖြစ်လိမ့်မယ်လို့တော့ သွားမတွေးနဲ့နော်။ တချို့ကလည်း

http://www.dhammadownload.com

အဲဒီလို အတွေးခေါင်တတ်လို့။

အဆင်းရော၊ ရနံ့ရော ပြည့်စုံတယ်ဆိုရင် အဆင်းရော ရနံ့ရော နှစ်ခုလုံးနဲ့ မြတ်စွာဘုရားကို ပူဇော်တာပေါ့။ အဆင်းသာ လှပြီးတော့ ရနံ့မမွှေးဘူးဆိုရင်တော့ အဆင်းနဲ့ပဲ ပူဇော်တာပေါ့။

တချို့ သစ်ခွပန်းတွေ ဘာတွေကျတော့ မလှဘူးလား။ လှတယ်။ လှတဲ့ပန်းလေး မြင်တယ်ဆိုရင် ပူဇော်ချင်နေတာပဲ။ သဒ္ဓါတရားရှိတဲ့ပုဂ္ဂိုလ်က ပန်းလှလှလေး မမြင်လိုက်နဲ့၊ မြင်လိုက်တာနဲ့ ဘုရားပူဇော်ချင်လိုက်တာ။ ဒီပန်းလေး ဘုရားပူဇော်ချင်လိုက်တာနဲ့ ဖြစ်သွားတာပဲ။

ရနံ့မမွှေးပေမယ့် ပူဇော်လို့ရပါတယ်။ ပူဇော်ချင်စိတ်ရှိဖို့နဲ့ ပူဇော်ဖြစ်ဖို့က အဓိကပါပဲ။

အဆင်းလှတယ်ဆိုရင်ကိုပဲ ပန်းက မြတ်နိုးစရာဖြစ်နေပါပြီ။ ဘုရားကို ပန်းနဲ့ ပူဇော်တယ်ဆိုတာ ပန်းကို မြတ်နိုးသလို ဘုရားကို မြတ်နိုးကြောင်း သက်သေပြတာပါပဲ။ ကိုယ်မြတ်နိုးတဲ့ပန်း ဘုရားကို ပေးလှူလိုက်ခြင်းဖြင့် ဘုရားကို ပန်းထက်၊ အရာအားလုံးထက် မြတ်နိုးကြောင်း၊ တန်ဖိုးထားကြောင်း သက်သေပြလိုက်တာပါ။ ကိုယ့်ရဲ့ ဘုရားအပေါ် မြတ်နိုးစိတ်၊ တန်ဖိုးထားစိတ်ကို ပန်းက ကိုယ်စားပြုပါတယ်။

http://www.dhammadownload.com

ဒါကြောင့် အဆင်းလှတဲ့ပန်းလည်း ပူဇော်ပါ။ ဂန္ဓကုဋိနဲ့ ကိုက်ညီအောင် ရနံ့လေးပါ မွှေးစေချင်တယ်ဆိုရင်တော့ ပန်းကို ရေမွှေးဆွတ်ချင်လည်း ဆွတ်၊ ပန်း မဆွတ်ချင်ရင်လည်းပဲ ပန်းထည့်ထားတဲ့ ရေအိုးလေးထဲက ရေလေးကို ဆွတ်။ ဒါမှမဟုတ် ဘုရားကျောင်းဆောင်ရဲ့ ပတ်ဝန်းကျင် သင့်တော်တဲ့နေရာမှာ ဆွတ်လိုက်လို့ရှိရင် . . . မိမိအိမ်က ဘုရားကျောင်းဆောင် ဂန္ဓကုဋိ ဖြစ်မသွားဘူးလား။ ဖြစ်သွားတယ်။

ဒီမွှေးရနံ့ ဆိုတာကလည်း နေရာပေါ် မူတည်ပြီးတော့ စိတ်အခြေအနေ ကွာခြားပါတယ်။ လူ့ရဲ့ ခန္ဓာကိုယ်မှာ ရေမွှေးဆွတ်ထားတယ် ဆိုရင်တော့ အဲဒီရေမွှေးရနံ့ ရတာနဲ့ ရေမွှေးရနံ့ပေါ်မှာလည်း သာယာတယ်။ ရေမွှေးရနံ့ ကိန်းဝပ်နေတဲ့ ရေမွှေးဖြင့် ထုံမွှမ်းအပ်သော ခန္ဓာကိုယ်ကိုလည်း သာယာတယ်။

လူတစ်ယောက်ဆီက ရေမွှေးနံ့လေး ရလိုက်တယ်ဆိုရင် အနံ့လေးကိုလည်း သဘောကျတယ်။ အဲဒီအနံ့ တည်ရှိနေတဲ့လူကိုလည်းပဲ သဘောကျတယ်။ လူကိုပါ သာယာတဲ့စိတ် ဖြစ်သွားတတ်တယ်။ ဒါ လူတိုင်းကိုတော့ မဆိုလိုဘူးပေါ့နော်။

ဒါပေမဲ့လို့ ဘုရားကျောင်းဆောင်ထဲက ရေမွှေးနံ့

http://www.dhammadownload.com

လေး မွှေးလာတာကျတော့ မတူတော့ဘူး။ ရေမွှေးအမျိုးအစား တစ်မျိုးတည်းကိုပဲ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ် အင်္ကျီပေါ်မှာ ဆွတ်ထားတာနဲ့ ဘုရားကျောင်းဆောင်ထဲမှာ ဆွတ်ထားတာနဲ့ မတူဘူး။

ဘုရားကျောင်းဆောင်ထဲမှာ ဆွတ်ဖျန်းထားတဲ့ ရေမွှေးရနံ့လေး ရလိုက်တာနဲ့ သဒ္ဓါတရားခေတ်ခံရှိပြီးသား ပုဂ္ဂိုလ်ဆိုရင် လက်အုပ်ကလေး အလိုလို ချီမိလျက်သား ဖြစ်သွားတယ်။ နမောတဿ အလိုလို ဆိုမိလျက်သား ဖြစ်သွားတယ်။ ဘုရားဂုဏ်တော် အလိုလို ပွားမိလျက်သားဖြစ်သွားတယ်။ နေရာကွာခြားသွားတဲ့အတွက် စိတ်ဖြစ်ပုံလည်း ကွာခြားသွားတယ်နော်။

မိန်းကလေးတစ်ယောက် စံပယ်ပန်းတွေ ခေါင်းမှာ ဝေနေအောင် ပန်ထားတယ်။ စံပယ်ပန်းရနံ့လေး ရတယ် ဆိုရင် စံပယ်ပန်းရနံ့လေးကိုလည်း နှစ်သက်သွားတယ်။ စံပယ်ပန်း ပန်ထားတဲ့ မိန်းကလေးကိုလည်း နှစ်သက်သွားတယ်။ အများစု ဖြစ်တတ်တဲ့သဘာဝက အနံ့မွှေးတဲ့ပန်းလေး ပန်ထားတယ်ဆိုရင် ပန်းလေးကိုလည်း ချစ်တယ်။ ပန်းပန်ထားတဲ့သူကိုလည်း ချစ်တယ်။

ဒါပေမဲ့ မြတ်စွာဘုရားရဲ့ ကျောင်းဆောင်ထဲမှာ စံပယ်ပန်းနံ့တွေ၊ မြတ်လေးပန်းနံ့တွေ ပန်းရနံ့မျိုးစုံ မွှေးနေ

http://www.dhammadownload.com

ပြီဆိုရင် အဲဒီပန်းရနံ့လေး ရလိုက်တာနဲ့ သာယာဖို့ တဏှာ ဖြစ်ဖို့ဆိုတာ ထားလိုက်တော့။ လက်အုပ်ကလေး ချီမိလျက် သား၊ နမောတဿ ဆိုမိလျက်သား ဖြစ်သွားတယ်။ ဒါမှ မဟုတ် ဣတိပိသော ရွတ်မိလျက်သား၊ ဗုဒ္ဓ သရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ ရွတ်မိလျက်သား ဖြစ်သွားတယ်။

ဒါမှမဟုတ် အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ စတဲ့ ဂုဏ်တော်ရဲ့ မြန်မာလို အဓိပ္ပာယ်လေး ဆင်ခြင်မိလျက်သား၊ ဒါမှမဟုတ် နှာသီးဝ သတိကပ် ဝင်လေထွက်လေ ရှုမှတ်မိလျက်သား ဖြစ်သွားတယ်။ ဒါမှမဟုတ်လည်း သတ္တဝါတွေ အားလုံး ကျန်းမာချမ်းသာကြပါစေ။ မေတ္တာပို့မိလျက်သား ဖြစ်သွားပါတယ်။

သဒ္ဓါတရားခေတ်ခံရှိပြီးသား ပုဂ္ဂိုလ်အတွက်တော့ ဘုရားကျောင်းဆောင်မှာ ရနံ့မွှေးနေတာဟာ . . ကုသိုလ် အတွေးသန့်သန့်လေးတွေ တွေးဖြစ်ဖို့ အကြောင်းဖန်နေတာ ပါပဲ။ ရနံ့မွှေးလေ အသန့်တွေးလေပေါ့။ ဂုဏ်တော်ပွားတာ၊ မေတ္တာပို့တာ၊ ဝိပဿနာရှုတာကို အသန့်တွေးတယ်လို့ ခေါ် ပါတယ်။ ကုသိုလ်စိတ်သန့်သန့်လေးတွေ ဖြစ်နေတာဟာ အသန့်တွေးနေတာ၊ အတွေးသန့်နေတာပေါ့။

ဒါ့ကြောင့် ဂန္ဓကုဋိဖြစ်ဖို့ အရေးကြီးတယ်နော်။

http://www.dhammadownload.com

ခါတိုင်း ဂန္ဓကုဋိဖြစ်ရဲ့လား။ ကိုယ့်အိမ်က ဘုရားကျောင်း ဆောင်လေ။ မဖြစ်သေးရင် ဖြစ်အောင်လုပ်။ ဒီနေ့ ဒီအချိန် က စပြီးတော့ 'ဂန္ဓကုဋိဆိုတာ မွှေးရနံ့သင်းပျံ့ကြိုင်လှိုင်နေ တဲ့ကျောင်းလို့ အဓိပ္ပာယ်ရတယ်။ ငါတို့ အိမ်က ပူဇော်ထား တဲ့ ဘုရားကျောင်းဆောင်ဟာလည်း မွှေးရနံ့တွေ သင်းပျံ့ ကြိုင်လှိုင်နေမှ ဖြစ်မယ်' ဆိုပြီးတော့ ရနံ့မွှေးတဲ့ပန်းတွေနဲ့ ပူဇော်ပါ။

နံ့သာတုံး၊ နံ့သာခဲလေးတွေနဲ့ ပူဇော်ထားလည်း ရတာပါပဲ။ နံ့သာဖြူ၊ နံ့သာနီတုံးလေးတို့၊ စန္ဒကူးနံ့သာတုံး လေးတို့၊ အကျော်ကရမက်တုံးလေးတို့ပေါ့။ အရည်ဖျော်ပြီး ဟိုပက်ဒီပက် မပက်ရင် ပြီးတာပါပဲ။ ဒါ့ကြောင့်ဆိုလိုက်ပါ။

ကျောင်းဆောင်တိုင်းမှာ၊ မွှေးနံ့သာ၊ ပျံ့ကာသင်းရမည်။

■

http://www.dhammadownload.com



## နံ့သာအလှူနဲ့ သန့်တာယူမယ်

ဒီဘဒ္ဒကမ္ဘာကနေ နောက်ပြန်ရေတွက်လိုက်မယ် ဆိုရင် လွန်ခဲ့တဲ့ ကိုးဆယ့်လေးကမ္ဘာတုန်းက သိဒ္ဓတ္ထမြတ်စွာ ဘုရားဆိုတာ ပွင့်ထွန်းပေါ်ပေါက်ခဲ့ပါတယ်။

အဲဒီတုန်းက အမျိုးကောင်းသားတစ်ယောက်က သိဒ္ဓတ္ထမြတ်စွာဘုရားရှင် သီတင်းသုံးတော်မူတဲ့ ဂန္ဓကုဋိ ကျောင်းဆောင်အတွင်းမှာ စန္ဒကူးနံ့သာတို့၊ အကျော်ကရ- မက်တို့၊ စံပယ်ပန်း၊ မြတ်လေးပန်းတို့၊ ကံ့ကော်ပန်း၊ ခရေ ပန်းတို့ အစရှိတဲ့ ရနံ့မွှေးတဲ့ ပန်းတွေ၊ အနံ့မွှေးတဲ့ အရာ- ဝတ္ထုတွေနဲ့ ပူဇော်ခဲ့ပါတယ်။

ဘုရားကျောင်းတော် သွားပြီးတော့ တရားနာတိုင်း

http://www.dhammadownload.com

တရားနာတိုင်း မွှေးရနံ့ရှိတဲ့ ပန်းတစ်မျိုးမျိုး ယူဆောင်သွားပြီးတော့ ဂန္ဓကုဋိကျောင်းဆောင်မှာ ပူဇော်ပါတယ်။ အဲဒီပူဇော်ရတဲ့ကောင်းမှုကြောင့် အဲဒီကိုးဆယ့်လေးကမ္ဘာလုံး အပါယ်လေးပါး မလားရောက်ရပါဘူး။ လူချမ်းသာ၊ နတ်ချမ်းသာတွေကိုပဲ အဆင့်မြင့်မြင့် ခံစားရပါတယ်တဲ့။ ဒါကထေရာပဒါန်ရဲ့ လိုရင်းအနှစ်ချုပ်အဓိပ္ပာယ်ပေါ့လေ။

ဒီလိုဝတ္ထုကြောင်းမျိုးတွေ တွေ့တိုင်းတွေ့တိုင်း သဘောပေါက်ရမှာကတော့ စံပယ် မြတ်လေး အစရှိတဲ့ ရနံ့မွှေးတဲ့ပန်းတွေနဲ့ ဂန္ဓကုဋိကျောင်းဆောင်မှာ ပူဇော်ခဲ့လို့ ကိုးဆယ့်လေးကမ္ဘာလုံး အပါယ်မလားဘူးဆိုတာ ဒီကုသိုလ်တစ်ခုတည်းကပဲ ကိုးဆယ့်လေးကမ္ဘာလုံး မ, သွားလို့ အပါယ်မလားတာလို့ ဒီလိုတော့ မယူဆပါနဲ့။ ဒီတစ်ခုတည်းကြောင့် ကိုးဆယ့်လေးကမ္ဘာလုံး အပါယ်မလားဘဲ ကောင်းရာရောက်ခဲ့တာတော့ မဟုတ်ပါဘူး။

ဘယ်ကုသိုလ်လေးတစ်ခုကြောင့် ဘယ်နှကမ္ဘာလုံး အပါယ်မလားတာ၊ သုဂတိချည်းပဲ ကျင်လည်ရတာ၊ နိဗ္ဗာန်ရောက်ရတာလို့ ပြောတာဟာ သူတို့ပြုခဲ့တဲ့ ကုသိုလ်တွေထဲက သူတို့အနှစ်သက်ဆုံးတစ်ခုကို ပြန်ပြောင်းပြောပြတာသာ ဖြစ်ပါတယ်။ ဒါမှမဟုတ်ရင်လည်း သူတို့ပြုခဲ့တဲ့ကုသိုလ်တွေထဲက နိဗ္ဗာန်ကို ဦးတည်ပြီးတော့ စ, ပြုခဲ့တဲ့ကုသိုလ်

http://www.dhammadownload.com

ကောင်းမှုကို ထုတ်ပြခြင်းသာ ဖြစ်ပါတယ်။

ဒီဂန္ဓကုဋိကျောင်းဆောင်အတွင်းမှာ စံပယ် မြတ်လေး အစရှိတဲ့ အမွှေးနံ့သာနဲ့ မပူဇော်ခင် ရှေးတုန်းကလည်း ကုသိုလ်ပြုခဲ့တာတွေ ရှိမှာပါ။ ဒါပေမဲ့ အဲဒီကုသိုလ်တွေက လူချမ်းသာ၊ နတ်ချမ်းသာ၊ လောကီချမ်းသာတွေကို တောင့်တပြီးတော့ ပြုခဲ့တဲ့ကုသိုလ်တွေ ဖြစ်လိမ့်မယ်။

အခု သိဒ္ဓတ္ထဘုရားရှင်ရဲ့ ဂန္ဓကုဋိကျောင်းဆောင်အတွင်းမှာ ရနံ့မွှေးတဲ့ပန်းတွေ ပူဇော်တဲ့ကုသိုလ်ကျတော့ ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု - ဒီကောင်းမှုဟာ နိဗ္ဗာန်ရဲ့ အထောက်အပံ့ဖြစ်ပါစေ။ သစ္စာလေးပါးကို သိဖို့အတွက် အထောက်အပံ့ဖြစ်ပါစေ။ ဝိဝဋ္ဋနိဿိတကုသိုလ် (နိဗ္ဗာန်ကို ဦးတည်တဲ့ကုသိုလ်)အဖြစ်နဲ့ ပြုခဲ့တယ်။

သူ့ရဲ့ ဘဝဇာတ်ကြောင်းမှာ နိဗ္ဗာန်ရဲ့ အထောက်အပံ့အဖြစ်နဲ့ ပထမဦးဆုံးပြုခဲ့တဲ့ကုသိုလ်ကို ပြန်ပြောပြခြင်းသာ ဖြစ်ပါတယ်။ တခြားတခြားသော ကုသိုလ်တွေ ဘာတစ်ခုမှ ထပ်မလုပ်တော့ဘဲနဲ့ ဒီရနံ့မွှေးတဲ့ပန်းလေး လှူခဲ့ဖူးတဲ့ကုသိုလ်လေးတစ်ခုတည်းနဲ့ လူနတ်စည်းစိမ်တွေ ခံစားခဲ့ရတာ မဟုတ်ပါဘူး။

ရနံ့မွှေးတဲ့ပန်းတွေနဲ့ ပူဇော်၊ အဲဒီကုသိုလ်တွေက နောင်ဘဝတွေကျတော့ အကျိုးပေးပြီး လူ့ချမ်းသာ၊ နတ်

http://www.dhammadownload.com

ချမ်းသာတွေရ။ လူ့စည်းစိမ်၊ နတ်စည်းစိမ်တွေရ။ ရလာတဲ့ စည်းစိမ်ချမ်းသာတွေကို အသုံးပြုပြီးတော့ ကုသိုလ်အသစ် အသစ်တွေကို ထပ်ပြီးတော့ ပြုမှာပါ။

ပန်းလှူတဲ့ကုသိုလ် တစ်ခုတည်းတော့ မဟုတ်ဘူး။ ဆွမ်းတွေလည်း လှူမှာပဲ။ သင်္ကန်းတွေလည်း လှူမှာပဲ။ ကျောင်းတွေလည်း လှူမှာပဲ။ တခြား တခြားသော ကုသိုလ် ကောင်းမှုတွေလည်း ပြုမှာပါပဲ။

ကုသိုလ်တွေ ထပ်ထပ် ထပ်ထပ် ပြုသွား။ ဘဝ တိုင်း ဘဝတိုင်း ကုသိုလ်တွေ ပူဇွေးအောင် လုပ်သွားလို့ သေခါနီးတိုင်း သေခါနီးတိုင်း ကုသိုလ်တစ်ခုမဟုတ်တစ်ခု လာထင်တဲ့အတွက်ကြောင့် ကိုးဆယ့်လေးကမ္ဘာ၊ ကိုးဆယ့် တစ်ကမ္ဘာ၊ ကိုးဆယ့်နှစ်ကမ္ဘာ စသည်အားဖြင့်ပေါ့လေ။ ကိုယ်ကျင်လည်ခဲ့တဲ့ ဘဝသံသရာမှာ . . . အပါယ်လေးပါး မလားရောက်ရဘဲနဲ့ ကောင်းရာသုဂတိလားရောက်ရတာ ဖြစ်ပါတယ်။

သစ်သီးလေးတစ်လုံးလှူလို့၊ ပန်းလေးတစ်ပွင့်လှူ လို့၊ ရေလေးတစ်ခွက် လှူလို့ ဘယ်နှကမ္ဘာ အပါယ်မလား ဘဲနဲ့ နောက်ဆုံးကျတော့ နိဗ္ဗာန်ချမ်းသာ ဆိုက်ရောက်သွား တယ်ဆိုတဲ့ ဝတ္ထုကြောင်းလေးတွေ တွေ့တိုင်း အဲဒီအဓိ- ပ္ပာယ်လေး နားလည်ရမယ်နော်။

http://www.dhammadownload.com

နို့မို့ရင် တို့ ရေတစ်ခွက်မက ကပ်ဖူးပြီ၊ တော်ပြီ။ ပန်းတစ်ပွင့်မက တင်ဖူးပြီ၊ တော်ပြီ။ သစ်သီးတစ်လုံးမက လှူဖူးပြီ၊ တော်ပြီ။ ဆွမ်းတစ်နပ်မက ကျွေးဖူးပြီ၊ တော်ပြီ။ ကုသိုလ်တစ်ခုလောက် တစ်ကြိမ်လုပ်ဖူးတာနဲ့ လုံလောက်ပြီ ထင်သွားမှာစိုးလို့။ မလုံလောက်ပါဘူး။

အဲဒီတော့ ရနံ့မွှေးတဲ့ပန်းတွေနဲ့ ဂန္ဓကုဋိကျောင်းဆောင်အတွင်းမှာ ပူဇော်ခဲ့တဲ့ကောင်းမှုကြောင့် ခုပဒါယက မထေရ် လို့ ခေါ်တာပေါ့။ မြတ်စွာဘုရားလက်ထက်ကျတော့ ရဟန္တာ လာဖြစ်ပါတယ်။ တခြားလည်းပဲ ဂန္ဓမာလိယမထေရ် စသည်အားဖြင့် ရနံ့မွှေးတဲ့ပန်းတွေ လှူခဲ့ဖူးတဲ့ ဝတ္ထုကြောင်းတွေ အများကြီးရှိတာပါပဲ။

ဂန္ဓမာလိယမထေရ်ကျတော့ စန္ဒကူးနံ့သာတွေ၊ အကျော် ကရမက်တွေနဲ့ ရနံ့မွှေးတဲ့ပန်းတွေ ပေါင်းပြီးတော့ နံ့သာစေတီ တည်လိုက်တယ်။ ခုခေတ်လို ပြောရင်တော့ ပန်းပေါင်းစေတီပေါ့လေ။ ဘုရားရုပ်ပွားတော်ဆိုရင်လည်း ပန်းပေါင်းဘုရားပေါ့။ သူက ဂန္ဓထူပ လို့ခေါ်တဲ့ နံ့သာစေတီလေး တည်လိုက်တယ်။ တည်ပြီးတော့ အဲဒီအပေါ်မှာ မြတ်လေးပန်းတွေ ဖုံးလွှမ်းပြီးတော့ ပူဇော်တယ်။

ဂန္ဓကုဋိကျောင်းဆောင်အတွင်းမှာ စန္ဒကူး၊ အကျော်ကရမက်စတဲ့ နံ့သာနှစ်တွေနဲ့ လုပ်ထားတဲ့ နံ့သာ

http://www.dhammadownload.com

စေတီလေးကလည်း ရန့်မွှေးနေတယ်။ အဲဒီ နံ့သာစေတီ ပေါ်မှာမှ စံပယ်၊ မြတ်လေး အစရှိတဲ့ ရနံ့မွှေးတဲ့ ပန်းတွေ ရာသီအလိုက် တင်လှူပူဇော်တဲ့အတွက် အမွှေးပေါ် အသင်းလှိုင်ပြီး ကြိုင်ချင်တိုင်း ကြိုင်နေပါတယ်။

အဲဒီလို အမွှေးနံ့သာ ပူဇော်ခဲ့တဲ့ကောင်းမှုကြောင့် ကိုးဆယ့်လေးကမ္ဘာပတ်လုံး အပါယ်မလားဘဲနဲ့ လူ့ပြည်၊ နတ်ပြည် ကောင်းရာသုဂတိမှာ ကျင်လည်။ ဦးဇင်းတို့ မြတ်စွာဘုရားလက်ထက်မှာကျတော့ ရဟန္တာအရှင်မြတ်ကြီး ဖြစ်သွားပါတယ်။ ဒါ ဂန္ဓကုဋိနဲ့ ဆက်စပ်နေတဲ့ ဝတ္ထုလေး နမူနာပြောတာပါ။

နံ့သာစေတီ လှူတဲ့ ဒီဝတ္ထုကို ကြည့်ပြီးတော့ ဒီနေ့ ခေတ် နံ့သာဖြူ၊ နံ့သာနီ၊ သရက္ခန် စတဲ့ ရနံ့မွှေးတဲ့ သစ်သားတွေ၊ သစ်မွှေးတွေနဲ့ ဘုရားရုပ်ပွားတော် ထုလုပ်ပူဇော်တာဟာ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်၊ အကျိုးကြီးတဲ့အလုပ်ပဲ လို့ မှတ်သားထားကြရမယ်နော်။

နံ့သာအလှူကြောင့် နိဗ္ဗာန်ရောက်သွားတယ်ဆိုတာ နံ့သာအလှူနဲ့ သန့်တာယူလိုက်တာပါပဲ။ နိဗ္ဗာန်ဆိုတာ ဘာဆင်းရဲဒုက္ခမှ မရောနှောတဲ့အတွက် လုံးဝသန့်စင်ပါတယ်။ နံ့သာလှူမှ သန့်တာယူရမှာ မဟုတ်ပါဘူး။ ဘာလှူလှူ နိဗ္ဗာန်ဆိုတဲ့ အသန့်ဆုံးအကျိုးကိုသာ ယူရမှာပါ။

http://www.dhammadownload.com



## အမွှေးကံချစ်တော့ အချစ်ကံမွှေးတာပေါ့

ရနံ့မွှေးတဲ့ပန်းတွေ ပူဇော်ခဲ့တဲ့ ကောင်းမှု၊ တစ်နည်းအားဖြင့် မွှေးရနံ့တွေ ပူဇော်ခဲ့ရတဲ့ ကောင်းမှုကြောင့် ဘာအကျိုးတွေရသလဲ ဆိုရင်တော့ . . . တချို့ ဒကာဒကာမတွေက မေးလေ့ရှိကြတယ်။ 'ဒါလှူရင် ဘာရမလဲ'။ 'ဒါလှူရတဲ့အကျိုးတွေက ဘာတွေလဲ'။ သူတို့လှူထားတဲ့ ပစ္စည်းလေးတွေ ပြောပြောပြီး မေးကြတာပေါ့။ ဘာပစ္စည်း ဝတ္ထုပဲလှူလှူ အလှူခံပုဂ္ဂိုလ်အတွက် အကျိုးရှိတဲ့ပစ္စည်းဖြစ်မယ်ဆိုရင် ကောင်းမြတ်တဲ့ ကောင်းကျိုးချမ်းသာတွေ အကုန်ရမှာပါပဲ။

ဘာဒါနပဲပြုပြု၊ အနည်းဆုံး သွားကြားထိုးတံပဲ လှူလှူ ဒါနမှန်သမျှကတော့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊

http://www.dhammadownload.com

အထိအတွေ့လို့ခေါ်တဲ့ အာရုံငါးပါး ကာမဂုဏ်တရားရယ်၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အခြံအရံ အကျော်အစော များခြင်း၊ ဩဇာအာဏာ အရှိန်အဝါကြီးခြင်း ဆိုတဲ့ အကျိုးငါးမျိုးရယ်။ စုစုပေါင်း အကျိုးဆယ်မျိုးကတော့ ဒါနမပြုတဲ့ပုဂ္ဂိုလ်တွေထက် သာလွန်မှာပဲ။ အဲဒီ အကျိုးဆယ်မျိုးမှာ အဆင့်အတန်း မြင့်မားမှာပါပဲ။ ဘာပဲလှူလှူ လှူချမ်းသာ၊ နတ်ချမ်းသာ၊ ကောင်းတဲ့အကျိုးတွေကတော့ ရမှာချည်းပါပဲနော်။

ဆွမ်းလှူလို့ ဖြစ်လေရာဘဝ အစားအသောက်ပဲ ပြည့်စုံတယ်၊ ဝတ်စရာမရှိဘူးလို့ ရှိပါ့မလား။ မရှိပါဘူး။ သင်္ကန်းလှူလို့ ဖြစ်လေရာဘဝ အဝတ်အစားပဲ ပေါတယ်၊ စားစရာ မရှိဘူး၊ ငတ်ပြတ်နေတယ်ဆိုတာရော ဖြစ်နိုင်ပါ့မလား။ မဖြစ်နိုင်ပါဘူး။

သွားကြားညပ်နေတဲ့ ရဟန်းတစ်ပါးကို သွားကြားထိုးတံ လှူလိုက်လို့ ဖြစ်လေရာဘဝမှာ အစားအသောက်တွေလောက်ပဲ ပေါ၊ ဝတ်စရာမရှိ၊ နေစရာမရှိ ဆိုတာ ဖြစ်နိုင်ပါ့မယား။ မဖြစ်နိုင်ပါဘူး။ သွားကြားထိုးတံလှူတာ တကယ်တော့ စားစရာလှူတာ မဟုတ်ဘူးနော်။ ဒါပေမဲ့ စားစရာနဲ့ ဆက်စပ်နေလို့ စားစရာပေါတယ်လို့ ပြောလိုက်တာ။ သွားကြားထိုးတံလှူလို့ သွားလှတဲ့အကျိုးပဲ ရမယ်၊

http://www.dhammadownload.com

ဘေးရန်အန္တရာယ်ကင်းတဲ့ အကျိုးလောက်ပဲရမယ်လို့ ဒီလို ပြောလို့ မရပါဘူး။

ဆိုပါတော့။ ပန်းလေးတစ်ပွင့် လှူလို့ နတ်သမီး လေး ဖြစ်သွားတယ်။ နတ်သမီးဘဝမှာ ပန်းလှူတဲ့ကောင်းမှု ကြောင့် လှပဲ လှတယ်။ စားစရာမရှိ ဝတ်စရာမရှိဆိုတာ ဖြစ်ပါ့မလား။ မဖြစ်ဘူးနော်။ ပန်းလှူရင် လှတယ်လို့ အ ကြောင်းအကျိုးအရ ပြောရပေမယ့် လှတဲ့ အကျိုးတစ်ခု တည်း ရတာတော့ မဟုတ်ပါဘူး။

အခု မွှေးရနံ့လှူတဲ့နေရာမှာလည်း ဒီလိုပါပဲ။ ကောင်းမြတ်တဲ့၊ လူသားတွေ နှစ်သက်မြတ်နိုးတောင့်တတဲ့ ကောင်းကျိုးချမ်းသာတွေ အကုန်ရနိုင်တာပါပဲ။ နတ်ပြည် ဆိုရင်လည်း နတ်တွေနှစ်သက်မြတ်နိုးတောင့်တတဲ့ ကောင်း ကျိုးချမ်းသာတွေ အကုန်ရနိုင်တာပါပဲ။

ဒါပေမဲ့ ထူးခြားတာလေး ပါလာတယ်။ မွှေးရနံ့ လှူရခြင်းကြောင့်၊ နံ့သာလှူရခြင်းကြောင့် ရနိုင်တဲ့ ကောင်း ကျိုးချမ်းသာတွေ သူတို့ပြောပြတဲ့အထဲမှာ ထူးထူးခြားခြား နှစ်ချက်ပါပါတယ်။

တစ်အချက်က လူချစ်လူခင်၊ နတ်ချစ်နတ်ခင် ပေါ များပါတယ်။ အများရဲ့ ချစ်ခင်မြတ်နိုးမှုကို ခံယူရပါတယ်။ ဒုတိယအချက်က ကိုယ်ချစ်ခင်နှစ်သက်တဲ့ ပုဂ္ဂိုလ်တွေနဲ့

http://www.dhammadownload.com

ဘယ်တော့မှ ခွဲခွာကွေကွင်းရခြင်း မရှိပါဘူးတဲ့။ ကဲ - ဒီအကျိုးနှစ်ခုက ထူးခြားမနေဘူးလား။

ဘယ်သူမဆို ချစ်သူခင်သူ မြတ်နိုးသူတွေ ဝိုင်းဝိုင်းလည်ချင်ကြတာချည်းပါပဲ။ မြင်မြင်သမျှ လူတိုင်းက ကိုယ့်ကို ချစ်ခင်ကြတယ်ဆိုရင် သဘောကျကြတာပဲပေါ့။ လူတိုင်းလူတိုင်း အချစ်ကံကောင်းချင်ကြပါတယ်။ ဒါကြောင့်မို့ ပီယဆေး စွမ်းသတဲ့ဆိုရင် ဆောင်ကြတာပေါ့။

ဘယ်သူမဆိုပါပဲ။ ကိုယ့်ကို အများက ချစ်ခင်မြတ်နိုးစေချင်ကြပါတယ်။ ချစ်တယ် ဆိုတာက သမီးရည်းစားသဘောမျိုးချစ်တာ၊ ဖိုမဆိုင်ရာသဘောမျိုး ချစ်တာကိုဆိုလိုတာ မဟုတ်ပါဘူး။ အမေအရွယ်ပုဂ္ဂိုလ်တွေကလည်း ကိုယ့်ကို သားသမီးလို ချစ်မှာပေါ့။ သားသမီးအရွယ်တွေဆိုရင်လည်း ကိုယ့်ကို မိဘလို ချစ်မှာပေါ့။

အသက်အရွယ်အားလျော်စွာ ညီအစ်ကိုအရင်းလို၊ ညီအစ်မအရင်းလို၊ မောင်နှမအရင်းလို၊ တူ-တူမအရင်းလို၊ မြေးအရင်းလို ချစ်မှာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ ချစ်သူချစ်နဲ့ပဲ ချစ်ချစ်၊ မိသားစုချစ်နဲ့ပဲ ချစ်ချစ်၊ မိတ်ဆွေချစ်နဲ့ပဲ ချစ်ချစ်၊ ကိုယ့်ကို ချစ်တဲ့သူတွေ များတယ်ဆိုရင် လူတိုင်းကြိုက်တာပါပဲ။

လူချစ်လူခင်ပေါများတယ်ဆိုတာ မကောင်းဘူး

http://www.dhammadownload.com

လား။ ကောင်းတာပဲ။ အဲဒီတော့ လူချစ်လူခင် ပေါများချင်တယ်ဆိုရင် ဘာကောင်းမှုလုပ်ရမှာတုံး။ ရနံ့မွှေးတဲ့ပန်းတွေပူဇော်ရမှာပေါ့။ ရနံ့မွှေးတဲ့ပန်းတွေနဲ့ ဘုရားကိုပူဇော်မယ်။ ရဟန်းသံဃာကို လှူဒါန်းမယ်။ ဒါမှမဟုတ်လည်းပဲ ကိုယ့်မိတ်ဆွေကို ရေမွှေးလက်ဆောင်ပေးမယ်ဆိုရင် ဒါ မွှေးရနံ့လှူတာပဲ မဟုတ်ဘူးလား။

ရနံ့မွှေးတဲ့ပန်းပဲဖြစ်ဖြစ်၊ ရေမွှေးပဲဖြစ်ဖြစ် အမွှေးနံ့သာတစ်ခုခုကို လှူမယ်ဆိုရင် ဖြစ်လေရာ ဘဝတိုင်းမှာ လူချစ်လူချင် ပေါများပါတယ်။ ချစ်သူခင်သူ မြတ်နိုးသူတွေ ဝိုင်းဝိုင်းလည်နေတတ်ပါတယ်။ ချစ်သူချစ် အချစ်ကံရော၊ မိတ်ဆွေချစ် အချစ်ကံရော အချစ်ကံကောင်းပါတယ်။ ဒါကလည်း အကြောင်းအကျိုး ဆက်စပ်ပြီး စဉ်းစားကြည့်ရင် သဘာဝကျပါတယ်။

နံစော်နေတဲ့သူနဲ့ မွှေးကြိုင်နေတဲ့သူ ဘယ်သူ့နားကပ်ချင်တုံး။ မွှေးကြိုင်နေတဲ့သူနားပဲ ကပ်ချင်တာပေါ့။ ဒါ သဘာဝပါပဲ။ ရနံ့လေး မွှေးကြိုင်နေတယ်ဆိုရင် မွှေးကြိုင်နေတဲ့ပုဂ္ဂိုလ်ကို ချစ်ခင်တဲ့စိတ် ဖြစ်တာပေါ့။ ဟိုလို ချစ်ခင်တာကို ဆိုလိုတာ မဟုတ်ဘူးနော်။ သူငယ်ချင်း အချင်းချင်းဆိုရင်လည်း ရနံ့လေးမွှေးနေတဲ့ သူငယ်ချင်းအနားပဲ ကပ်ချင်တာပေါ့။

http://www.dhammadownload.com

အဲဒီတော့ မွှေးရနံ့ဟာ တစ်ဖက်သားရဲ့ ချစ်ခြင်းကို ဆွဲဆောင်ခေါ်ယူတတ်တဲ့သဘော ရှိတယ်နော်။ 'ကြည်ချင်ရင် ဖီလင်ကို ဆွတ်ပါ' တဲ့။ ဖီလင်ရေမွှေးရဲ့ ကြော်ငြာစာသားလေး ရှိတယ် မဟုတ်လား။ ဖီလင်နဲ့ ကာရန်ကိုက်အောင် လုပ်ထားပေမယ့် ဘယ်ရေမွှေးမဆို ဒီသဘောပါပဲ။ 'ကြည်ချင်ရင် ဆွတ်ပါ' ပေါ့နော်။

ဘယ်ရေမွှေးမဆိုပါပဲ။ ရေမွှေးအသစ် မိတ်ဆက်ပြီဆိုရင် မဂ္ဂဇင်းတို့၊ ဂျာနယ်တို့မှာ တွေ့တာပဲလေ။ 'ဒီရေမွှေးက ဆွဲဆောင်မှု အပြည့်ရှိတယ်။ စွဲလမ်းမှုကို ဖြစ်စေတယ်။ လူတစ်ဖက်သားရဲ့ စွဲမက်မှုကို အပြည့်အဝ သိမ်းကျုံးယူနိုင်တဲ့ ရေမွှေးလေးပါ' ဆိုပြီးတော့ ရေမွှေးကို ကြော်ငြာကြတယ်။

ရနံ့မွှေးတဲ့ အရာဝတ္ထုဟာ တစ်ဖက်သားရဲ့ ချစ်ခြင်းမေတ္တာကို သိမ်းကျုံးယူငင်နိုင်တဲ့သတ္တိ ရှိပါတယ်။ ဒါ့ကြောင့် ချစ်ခြင်းကို ဖြစ်စေတတ်တဲ့ အမွှေးရနံ့ကို လှူရတဲ့ ကုသိုလ်ကြောင့် အဲဒီကုသိုလ်ပိုင်ရှင်ဟာလည်း ဖြစ်လေရာဘဝတိုင်း တစ်ဖက်သားရဲ့ ချစ်ခြင်းမေတ္တာကို လက်ခံရရှိပါတယ်။ ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်ပြီး ကံကောင်းပါတယ်။

နောက်တစ်ချက်က ချစ်တဲ့သူတွေနဲ့၊ ချစ်ခင်နှစ်သက်တဲ့ပုဂ္ဂိုလ်တွေနဲ့ ဘယ်တော့မှ မခွဲခွာ မကွေကွင်းရဘူး။

http://www.dhammadownload.com

'ပိယေဟိ ဝိပ္ပယောဂဒုက္ခ' ကင်းတယ်ပေါ့။

ကိုယ်ချစ်တဲ့ မိဘတို့ ညီအစ်ကို မောင်နှမတို့ ဆွေမျိုးမိတ်ဆွေတို့ အပေါင်းအသင်း သူငယ်ချင်းတို့နဲ့ မခွဲခွာရဘူး၊ မကွေကွင်းရဘူး၊ မဝေးရဘူး ဆိုတာလည်း မကောင်းဘူးလား။ ကောင်းတာပဲ။ ဘယ်သူမှ ကိုယ်ချစ်တဲ့သူတွေနဲ့ မခွဲခွာချင်ကြပါဘူး။

မွေးရန့်ဟာ ရန့်ရတဲ့ပုဂ္ဂိုလ်ကို ချစ်လည်း ချစ်စေတယ်၊ စွဲလည်း စွဲစေတယ်။ မွှေးရန့်လေး ရတယ်ဆိုရင် ရတဲ့သူက မွှေးတဲ့သူအပေါ်မှာ ချစ်ရုံတွင် မကဘူး၊ စွဲလည်း စွဲသွားတယ်။ စွဲမနေဘူးလား။ သူ့သဘာဝကို ပြောတာလေ။ စားမဝင် အိပ်မပျော် စွဲလမ်းနေတာမျိုးကို မဆိုလိုဘူးနော်။ ချစ်စိတ် ခိုင်မြဲသွားတာကို ပြောတာ။

မွှေးရန့်ဟာ တစ်ဖက်သားရဲ့ ချစ်ခြင်းမေတ္တာကို ရေရှည်လည်း ထိန်းသိမ်းထားနိုင်တဲ့အတွက်ကြောင့် ချစ်ခြင်းကို ရေရှည်ထိန်းသိမ်းထားနိုင်တဲ့ မွှေးရန့် လှူရတဲ့ ကုသိုလ်ကောင်းမှုပိုင်ရှင်ဟာလည်း ချစ်ခင်နှစ်သက်တဲ့ပုဂ္ဂိုလ်တွေနဲ့ ဘယ်တော့မှ မခွဲခွာ မကွေကွင်းရပါဘူး။

အမွှေးကံချစ်တော့ အချစ်ကံမွှေးတာပေါ့။ မွှေးရန့်သင်းတဲ့ ပစ္စည်းဝတ္ထုတွေ လှူဖို့ ပေးဖို့ ဝါသနာပါတာ၊ ဝါသနာပါတဲ့အတိုင်းလည်း လှူနေ၊ ပေးနေတာဟာ အမွှေးကံ

http://www.dhammadownload.com

ချစ်တာပါ။ ချစ်သူခင်သူတွေများတာ၊ ချစ်သူခင်သူတွေနဲ့ မခွဲခွာမကွေကွင်းရတာဟာ အချစ်ကံမွေးတာပါ။ အမွေးကံ ချစ်ရင်တော့ အချစ်ကံမွေးမှာပါပဲ။

ဒီလိုပြောလိုက်လို့ ကိုယ့်ကို ချစ်အောင်၊ ကိုယ့်ကိုစွဲအောင်ဆိုပြီး ရေမွှေးတွေ နင်းကန်မဆွတ်ကြနဲ့ဦးနော်။ ရေမွှေးအရမ်းဆွတ်ရင်လည်း ချစ်စရာမကောင်းတော့ဘဲ မုန်းစရာကောင်းသွားလိမ့်မယ်။ မွှေးလွန်းသည့်ပန်း မနမ်းဝံ့ပါကိုး။ မွှေးလွန်းတော့လည်း နံသွားတာပဲ။

အထူးသဖြင့် ဘုန်းကြီးကျောင်း သွားတဲ့အခါ၊ ဆရာတော် သံဃာတော်တွေဆီ သွားတဲ့အခါမျိုးမှာ ရေမွှေးကို လွန်လွန်ကဲကဲ ဆွတ်သွားတာမျိုး ရှောင်ကြဉ်ရမယ်။ ရေမွှေးနံ့က ပြင်းလွန်းတော့ မွှန်ပြီး အနံ့မခံနိုင်တော့ဘူး။ မမွှေးတော့ဘဲ နံနေတော့တာ။ ရေမွှေး နင်းကန်ဆွတ်ထားတဲ့လူမျိုးလာရင် ဦးဇင်းတို့ကတော့ မြန်မြန်ပြန်စေချင်နေတော့တာပဲ။ အနံ့မခံနိုင်လို့။ သည်းခံပြီး ခံမယ်ဆိုရင်တော့လည်း ရတာပေါ့လေ။ ဒါပေမဲ့ ဒီအနံ့က ကျန်းမာရေးအတွက်လည်း လုံးဝ မကောင်းလို့ပါ။

ထားပါတော့လေ။ ဒါကတော့ တစ်ပိုင်းတစ်ကဏ္ဍပြောရမှာပေါ့။ ရေမွှေးဆွတ်တဲ့ကိစ္စက ရှုထောင့်အမျိုးမျိုးကနေ ချဉ်းကပ်ရမှာပါပဲ။ သူ့နေရာနဲ့သူ ပြောလည်း ပြောခဲ့ပြီး

http://www.dhammadownload.com

ပါပြီနော်။ ရေမွှေးနံ့ဆိုတာ မာယာရနံ့ပဲ . . . ဘာညာနဲ့ သံဝေဂရှုထောင့်ကနေ အစွဲကင်းအောင် ပြောခဲ့ပြီးပါပြီ။

တချို့တရားပွဲတွေမှာ တရားဟောပလ္လင်ရဲ့နောက်မှီမှာ ရွှေပန်းတွေ ချိတ်ဆွဲထားတတ်တယ်။ အနံ့ပြင်းလွန်းတဲ့အတွက် တရားဟောရတာ သမာဓိပျက်ပါတယ်။ ဦးဇင်းတို့တော့ အဲဒီလိုမျိုးတွေ့ရင် တရားမဟောခင် အမြဲဖြုတ်ခိုင်းပါတယ်။ ပလ္လင်နောက်မှီမှာရော၊ ပလ္လင်ရှေ့ ပန်းအိုးတွေမှာရော၊ မိုက်ခရိုဖုန်းမှာရော ရွှေပန်းတို့လို အနံ့ပြင်းတဲ့ပန်းတွေ လုံးဝ မသုံးသင့်ပါဘူး။

အနံ့မပြင်းတဲ့ပန်းတွေကိုလည်း လွန်လွန်ကဲကဲ အများကြီး မသုံးသင့်ပါဘူး။ များလွန်းသွားရင် အနံ့ပြင်းသွားတာပါပဲ။ တရားဟောပလ္လင်နဲ့ အနီးကပ်ကို ပြောတာပါနော်။ တရားဟောဆရာတော် စိတ်အနှောင့်အယှက်မဖြစ်အောင်လို့ပါ။ တရားဟောပလ္လင်နဲ့ အနီးကပ်မဟုတ်တဲ့နေရာတွေ၊ တရားဟောစင်မြင့်တို့၊ လျှောက်လမ်းတစ်လျှောက်တို့ . . . စတဲ့ နေရာတွေမှာတော့ ကိုယ်တတ်နိုင်ရင် တတ်နိုင်သလို ဆန္ဒရှိသလောက် ပူဇော်နိုင်ပါတယ်။

ပန်းအလှပြင်တယ်လို့ သဘောမထားဘဲ တရားတော်ကို ပန်းနဲ့ပူဇော်တယ်လို့ သဘောထားရင် ပူဇော်နိုင်လေ အကျိုးကြီးလေပါပဲ။

http://www.dhammadownload.com



## ကျော်ချအနာပေးတာ ဒေါသအစာကျွေးတာပါ

ဂန္ဓကုဋီ ကျောင်းဒကာ ကျောင်းအမတွေကတော့ အများကြီးရှိတာပေါ့။ သက်တော်ထင်ရှား ဘုရားရှင်လက်ထက်မှာ ဂန္ဓကုဋီကျောင်းဆောင်တွေ ဆောက်လုပ်လှူဒါန်းကြတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ဦးဇင်းတို့ အကြည်ညိုဆုံး၊ သဘောအကျဆုံး၊ အလေးစားရဆုံးပုဂ္ဂိုလ်ကတော့ သုမင်္ဂလ ဆိုတဲ့ သူဌေးကြီးပါပဲ။

ဘယ်သူတဲ့တုံး။ သုမင်္ဂလ။ မြန်မာလိုမှတ်မယ်ဆိုရင်တော့ ဦးမင်္ဂလာပေါ့။ ကျောင်းဒကာကြီး ဦးမင်္ဂလာ။

ကဿပဘုရားရှင် လက်ထက်တုန်းက (အခုဘုရားလက်ထက် ဇေတဝန်ကျောင်းနေရာမှာ) ကဿပ

http://www.dhammadownload.com

ဘုရားရှင် သီတင်းသုံးတော်မူဖို့အတွက် ဂန္ဓကုဋိကျောင်း ဆောင်ကြီး ဆောက်လုပ်လှူဒါန်းတဲ့ ကျောင်းဒကာဟာ သုမင်္ဂလသူဌေးကြီး ဖြစ်ပါတယ်။

တစ်နေ့ကျတော့ အဲဒီကျောင်းဒကာကြီးက မနက် စောစောပေါ့လေ။ ဝေလီဝေလင်းအချိန်မှာ မြတ်စွာဘုရား ကျောင်းတော်ကို ထွက်လာခဲ့တယ်။ ထွက်လာတဲ့အချိန် မြို့ ပြင်ဇရပ်လေးတစ်ခုမှာ သူခိုးတစ်ယောက်က သင်္ကန်းရောင်၊ အညိုရောင်အဝတ်ကြီးကို ခေါင်းမြီးခြုံပြီးတော့ အိပ်နေ တယ်။ ခြေထောက်ကလေးကတော့ ပေါ်နေတာပေါ့။ သူ့ ခြေထောက်မှာကလည်း ရွှံ့တွေက ပေနေသေးတယ်။

အဲဒါနဲ့ ဦးမင်္ဂလာကြီးက အဲဒီဇရပ်ပေါ်မှာ အိပ် နေတဲ့ သူခိုးကို မြင်တာနဲ့ ခြေထောက်လှမ်းကြည့်ပြီးတော့ 'ဒီလူဟာ နေ့မှာ အိပ်ပြီးတော့ ညမှာ ကျက်စားတဲ့ ညမင်း သား ဖြစ်လိမ့်မယ်'။သူခိုးလို့တော့ တိုက်ရိုက်မပြောဘူးနော်။ အဲဒီလိုလေးပြောပြီးတော့ ရှေ့ဆက် ထွက်သွားတာပေါ့။

အဲဒီမှာ သူခိုးက အိပ်မပျော်သေးတော့ မျက်လုံး လေးဖော်ပြီး ကြည့်လိုက်တော့ ကျောင်းဒကာကြီး ဦးမင်္ဂ- လာမှန်း သိသွားတယ်။

'အောင်မယ်၊ငါ့ကို့များ ညမင်းသားလေးဘာလေး။ နေ့မှာ အိပ်ပြီးတော့ ညမှာ ကျက်စားသလေး ဘာလေးနဲ့

http://www.dhammadownload.com

တွေ့ကြသေးတာပေါ့။ ငါ့အကြောင်း သိစေရမယ်'

ဘာမဟုတ်တဲ့ စကားလေးအပေါ်မှာ ရန်ငြိုးဖွဲ့လိုက်တာနော်။ ရန်ငြိုးဖွဲ့ပြီးတော့ သူဌေးကြီး ဦးမင်္ဂလာပိုင်ဆိုင်တဲ့လယ်ကို ခုနစ်ကြိမ်တိုင်တိုင် မီးရှို့ပါတယ်။ ဦးမင်္ဂလာပိုင်ဆိုင်တဲ့ နွားခြံထဲက နွားတွေကို ခုနစ်ကြိမ်တိုင်တိုင် ခြေထောက်တွေ ရိုက်ချိုးပစ်လိုက်ပါတယ်။

သူဌေးကြီး ဦးမင်္ဂလာရဲ့ အိမ်ကိုလည်းပဲ ခုနစ်ကြိမ်တိုင်တိုင် မီးရှို့ပါတယ်။ တစ်ကြိမ်မီးရှို့၊ အသစ်ပြန်ဆောက်။ မကြာခင် မီးပြန်ရှို့၊ အသစ်ပြန်ဆောက်နဲ့ ခုနစ်ကြိမ်တိုင်တိုင် အိမ်ကိုလည်း မီးရှို့တယ်။

ဦးမင်္ဂလာရဲ့ အကျိုးစီးပွားတွေကို ဘယ်လိုပဲဖျက်ဆီးဖျက်ဆီး ဦးမင်္ဂလာက တစ်ချက်ကလေးမှ စိတ်မတိုဘူး။ တစ်ချက်ကလေးမှ ဒေါသမထွက်ဘူး။

ဦးမင်္ဂလာက ဒေါသမထွက်လေ၊ သူခိုးက ပိုပြီးတော့ အသည်းယားလေ။

ကောပံ နိဗ္ဗာပေတုံ န သက္ကောတိ . . . တဲ့။ သူ့ရဲ့ဒေါသကို ငြိမ်းအေးအောင်လုပ်ဖို့ မစွမ်းနိုင်တော့ဘူးတဲ့။

ဒါလေးကလည်း မှတ်သားစရာကောင်းပါတယ်။ ဒါပေမဲ့ ဒီဝတ္ထုကို အဓိကထားပြီးဟောတဲ့အခါကျတော့မှပဲ ဒါလေးကို ကောက်ချက်ချပေးတော့မယ်။ နမူနာလေးတော့

http://www.dhammadownload.com

အစဖော်ပေးရဦးမလား။

ဒေါသအလိုလိုက်ပြီးတော့ တစ်ဖက်သားကို ဖျက်ဆီးတယ်၊ တစ်ဖက်သားကို ပုတ်ခတ်တယ်ဆိုတာ တကယ်တမ်းကျတော့ ကိုယ့်ဒေါသကို ငြိမ်းစေချင်လို့ပဲ။ တစ်နည်းပြောရင်တော့ ကိုယ့်ဒေါသကို အစာကျွေးတာပဲ။

တချို့မိဘတွေ သားသမီးကို ရိုက်တာ ရှိတယ်။ ပြောလိုက်ရင်တော့ 'ကောင်းစေချင်လို့' လို့ ပြောမှာပါပဲ။ ဘယ်အလုပ်မဆို ကိုယ့်ကိုယ်ကိုယ်တော့ ကောင်းတဲ့တံဆိပ်ပဲ တပ်မှာပဲ။ ရိုက်သင့်ရိုက်ထိုက်တဲ့ အတိုင်းအတာ ကျော်လွန်သွားပြီ၊ ရိုက်သင့်ရိုက်ထိုက်တဲ့နေရာ မဟုတ်ဘဲလည်း ကိုယ်ရိုက်ချင်သလို ရိုက်နေပြီဆိုရင်တော့ ကောင်းစေချင်လို့ရိုက်တာ မဟုတ်တော့ဘူး။ သူ့ဒေါသကို အစာကျွေးတာပဲ။ သူ့ဒေါသကို အစာကျွေးတဲ့အနေနဲ့ ရိုက်တာ။

ဒေါသဖြစ်လာတဲ့အခါကျတော့ ကိုယ့်ဒေါသမငြိမ်းမချင်း ရိုက်နှက်နေတော့တာပဲ။ နားရင်းလည်း ပိတ်အုပ်။ ခေါင်းလည်း တီးပေ့ါလေ။ ရင်ဘတ်တွေ ဘာတွေလည်း ဆောင့်ကန်ချင်ကန်မှာပဲ။ ကျောကုန်းတွေ ဘာတွေလည်း ချချင်ချမှာပဲ။ ဘယ်လိုရိုက်ရင် ကျန်းမာရေး ထိခိုက်သွားစေနိုင်တယ်ဆိုတာတွေ ထည့်ကို မစဉ်းစားတော့ဘူး။

ကောင်းစေချင်လို့ စေတနာမှန်နဲ့ ရိုက်တဲ့သူက

http://www.dhammadownload.com

တင်ပါးတို့၊ ခြေသလုံးတို့၊ ရိုက်သင့်တဲ့နေရာပဲ ရိုက်တယ်။ ရိုက်ပြန်တော့လည်း အတိုင်းအတာနဲ့ပဲ တစ်ချက်ရိုက်သင့်ရင် တစ်ချက်၊ သုံးချက်ရိုက်သင့်ရင် သုံးချက်ပေါ့။ ရိုက်လို့ အားရတဲ့အထိ၊ ရိုက်လို့ ဝတဲ့အထိ လက်အရသာခံပြီး ဘယ်တော့မှ မရိုက်ဘူး။

ဒေါသကို မထိန်းနိုင်လို့ ဒေါသအလိုလိုက်ပြီး ဒေါသကို အစာကျွေးတဲ့အနေနဲ့ ဒေါသငြိမ်းအောင် ရိုက်တဲ့သူကတော့ ခေါင်း၊ မျက်နှာ၊ နားရင်း၊ ရင်ဘတ်၊ ကျော၊ ဘယ်နေရာကိုမှ မရွေးတော့ဘူး။ သူလက်တွေ့တဲ့နေရာ၊ သူလက်ဦးတဲ့နေရာ ရိုက်မှာပဲ။ တစ်ဖက်သား ပိုထိခိုက်မယ့်နေရာ၊ တစ်ဖက်သား ပိုနာကျင်မယ့်နေရာ၊ တစ်ဖက်သား ပိုခံစားရမယ့်နေရာကို တမင်ရွေးပြီးကို ရိုက်နှက်ထိုးကြိတ်တော့တာပဲ။

အတိုင်းအတာ အကန့်အသတ်လည်း မရှိဘူး။ ရိုက်လို့ အားရတဲ့အထိ၊ ရိုက်လို့ ဝတဲ့အထိ လက်အရသာခံ၊ ခြေအရသာခံပြီးတော့ ရိုက်နှက်ထိုးကြိတ်ကန်ကျောက်တော့တာပဲ။ နေရာလည်း မရွေးဘူး၊ အတိုင်းအတာလည်း မရှိဘူးဆိုရင် ကောင်းစေချင်လို့ ရိုက်တာ မဟုတ်ပါဘူး။ ကိုယ့်ဒေါသကို အစာကျွေးချင်လို့ ရိုက်တာပါ။ ဒေါသကို အရသာခံတဲ့အနေနဲ့ ရိုက်တာပါ။

http://www.dhammadownload.com

ကောင်းစေချင်လို့ ရိုက်တာကိုတောင် ဆုံးမတယ်လို့ မခေါ်နိုင်တဲ့အတွက် ဒေါသကို အစာကျွေးချင်လို့ အရသာခံ ရိုက်တာကို ဆုံးမတယ်လို့ လုံးဝ မခေါ်နိုင်ပါဘူး။ 'ဆုံးမတာပါ' လို့ စကားလုံးလှလှနဲ့ အကြောင်းပြပြီး အဆင်အခြင်မဲ့ တိရစ္ဆာန်တစ်ကောင်လို ညှဉ်းပန်းနှိပ်စက်တာမျိုး လုံးဝ မလုပ်ပါနဲ့။ ဘယ်ပညာရှိသူတော်ကောင်းကမှ သာဓု မခေါ်ပါဘူး။

တချို့များ ကိုယ့်သားသမီး၊ ကိုယ့်တပည့်ကို ရိုက်တာ နားရင်းတွေချည်း ပိတ်အုပ်နေလို့ နားပင်းသွားတဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီးရှိတယ်။ ကောပံ နိဗ္ဗာပေတုံ န သက္ကောတိ . . . တဲ့။ ကိုယ့်ဒေါသ မငြိမ်းမချင်း ချနေတော့တာပဲ။

ဒီလောက် အစဖော်လိုက်ရင် ကိုယ့်ဘာသာကိုယ် ချဲ့တွေးတော့နော်။ မိဘတွေကလည်း သားသမီးအပေါ်မှာ ဒေါသ အစာ မကျွေးပါနဲ့။ ဆရာသမားတွေကလည်း ကိုယ့်တပည့်အပေါ်မှာ ဒေါသ အစာမကျွေးပါနဲ့။

ကိုယ့်ဒေါသကို အစာကျွေးတဲ့သဘောနဲ့ လူတစ်ဖက်သားကို ညှဉ်းပန်းနှိပ်စက်တာကိုပဲ ကောင်းစေချင်လို့ ဆုံးမတာပါလို့ တံဆိပ်မတပ်လိုက်ပါနဲ့။

တချို့သားသမီးက အကြောမာပြီးတော့၊ အကြော

http://www.dhammadownload.com

တင်းပြီးတော့ မျက်ရည်မကျဘူးဆိုရင် မိဘက ပိုရိုက်တယ်။ သူ့ဒေါသက မငြိမ်းဘဲကိုး။ ဒေါသက အစာမဝသေးဘူး ဖြစ်နေတာနော်။ တချို့ကျတော့လည်း ငိုလို့ကို ပိုရိုက်တာလည်း ရှိသေးတယ်။ မျက်ရည်မတိတ်မချင်းကို ချနေတော့တာနော်။

တချို့ဆို ဘယ်လောက်တောင် အငြိုးကြီးသလဲဆိုရင် ဒီနေ့ရိုက်ပြီးသားကိစ္စ နောက်နေ့ကျ အစပြန်ဖော်ပြီးတော့ ထပ်ရိုက်သေးတယ်။ ဒါမှမဟုတ် နောက်ပြဿနာတစ်ခု ထပ်ပေါ်လာရင် အရင်ပြဿနာနဲ့ ထပ်ပေါင်းပြီးတော့ ရိုက်တယ်။ ဒါတွေဟာ ကောင်းစေချင်လို့ ဆုံးမနေတာ မဟုတ်ပါဘူး။ ကိုယ့်ဒေါသကို အစာကျွေးနေတာပါ။

■

http://www.dhammadownload.com



## အခုလို စိတ်မဆိုးတော့
## ကုသိုလ်သိပ်တိုးသွားတာပေါ့

အခုဒီမှာ သူခိုးကလည်း သူ့ဒေါသကို ငြိမ်းအောင် မလုပ်နိုင်ဘူး။ သူဖျက်ဆီးလိုက်ပေမယ့် အဖျက်ဆီးခံပုဂ္ဂိုလ်က ဝမ်းမှ မနည်းဘဲ။ စိတ်မှ မညစ်ဘဲ။ သူစိတ်ဆင်းရဲအောင်လုပ်တဲ့သူက စိတ်မဆင်းရဲတော့ သူ့ဒေါသက ငြိမ်းကို မငြိမ်းတော့ဘူး။

အဲဒါနဲ့ သူဌေးရဲ့ အတွင်းနေတပည့်ကို စုံစမ်းပြီးတော့ 'သူဌေးကြီးအနှစ်သက်ဆုံးက ဘာလဲ' လို့ မေးလိုက်တော့ 'ကျွန်ုပ်တို့သူဌေးကြီး အနှစ်သက်ဆုံးအရာကတော့ မြတ်စွာဘုရား သီတင်းသုံးတဲ့ ဂန္ဓကုဋိကျောင်းဆောင်ကြီးပဲ။ သူဆောက်လုပ်လှူဒါန်းထားတဲ့ ဂန္ဓကုဋိကျောင်းဆောင်ကြီး

http://www.dhammadownload.com

ကို သူ့အနှစ်သက်ဆုံးပဲ'။

'ဟုတ်ပြီ။ သူ့အနှစ်သက်ဆုံးအရာကို ငါ ဖျက်ဆီးပစ်မယ်။ ဒါမှ သူစိတ်ဆင်းရဲသွားမှာ'

အဲဒါနဲ့ တစ်နေ့ကျတော့ မြတ်စွာဘုရားနဲ့တကွ သံဃာတော်တွေ မြို့ထဲ ဆွမ်းခံထွက်နေတဲ့အချိန်မှာ . . . သောက်ရေအိုးတွေ၊ သုံးရေအိုးတွေ အကုန်ရိုက်ခွဲပြီးတော့ ဂန္ဓကုဋိကျောင်းဆောင်ကြီးကို မီးရှို့ပစ်လိုက်ပါတယ်။

ဂန္ဓကုဋိကျောင်းဆောင်ကြီး မီးလောင်နေတဲ့အချိန်မှာပဲ သိတဲ့လူတွေက 'သူဌေးကြီး ဦးမင်္ဂလာ၊ သူဌေးကြီးရဲ့ ဂန္ဓကုဋိကျောင်းဆောင်ကြီးတော့ မီးလောင်နေပြီ' ပြောတော့ တစ်ခါတည်း ထသွားတာပေါ့။

သူရောက်သွားတဲ့အချိန်မှာကို ဂန္ဓကုဋိကျောင်းဆောင်ကြီးက မီးလောင်နေဆဲပါပဲ။ မီးလောင်နေတဲ့ ဂန္ဓ-ကုဋိကျောင်းဆောင်ကြီးကိုကြည့်ပြီးတော့ သူဌေးကြီးဦးမင်္ဂ-လာက တစ်ချက်ကလေးမှ မျက်နှာမပျက်ဘူး။ တစ်စက်ကလေးမှ စိတ်မဆိုးဘူး။ ဘယ်ဘက်လက်မောင်းကို ကွေး။ ညာဘက်လက်ဖဝါးနဲ့ ဘယ်ဘက်လက်မောင်းကို တဖြောင်းဖြောင်းရိုက်ပြီးတော့ လက်ခမောင်းခတ်တယ်။ မျက်နှာကလည်း ပြုံးရွှင်လို့။ အူမြူးနေတာပေါ့။ 'ဝမ်းသာလိုက်တာ၊ ဝမ်းသာလိုက်တာ'နဲ့ တစ်ခါတည်း လက်ခမောင်းခတ်တယ်။

ဘေးကလူတွေက သူဌေးကြီး ဦးမင်္ဂလာတော့ ပေါက်သွားပြီ ထင်တယ်။ ကိုယ်ဆောက်လှူထားတဲ့ကျောင်း ကြီး မီးလောင်သွားတာကို ကြည့်ပြီးတော့ ဝမ်းသာလိုက်တာ ဝမ်းသာလိုက်တာနဲ့ လက်ခမောင်းခတ်နေတယ်ဆိုတော့ ပေါက်သွားပြီထင်တယ်။

'သူဌေးကြီး၊ သူဌေးကြီး အကုန်အကျအများကြီး ခံပြီးတော့ ဆောက်ထားတဲ့ကျောင်း မီးလောင်သွားတာ ဘာဖြစ်လို့ ဝမ်းသာနေရတာလဲ။ ဘာဖြစ်လို့ လက်ခမောင်း ခတ်နေရတာလဲ'

'အို . . . ကျုပ်ဝမ်းသာလွန်းလို့ပါ။ တကယ်လို့သာ ဒီဂန္ဓကုဋိကျောင်းဆောင်ကြီး မီးလောင်မသွားလို့ရှိရင် ဂန္ဓကုဋိကျောင်းဆောင်တစ်ဆောင်ဆောက်တဲ့ ကုသိုလ်ပဲရမှာ။ အခု ဒီကျောင်းဆောင်ကြီး မီးလောင်သွားတော့ နောက်ထပ် ဂန္ဓကုဋိကျောင်းဆောင်အသစ်တစ်ခု ဆောက်ရတော့မယ်'

အဲဒီ ဂန္ဓကုဋိကျောင်းဆောင်ကြီးက သိန်းတစ်ထောင်တန်တယ် ဆိုပါတော့။ မြတ်စွာဘုရားသီတင်းသုံးတော်မူဖို့အတွက် နဂိုတုန်းက သိန်းတစ်ထောင်ပဲ လှူခွင့်ရခဲ့တယ်။ အခုတော့ ကျောင်းဆောင်ကြီး မီးလောင်သွားပြီဖြစ်တဲ့အတွက် နောက်ထပ် သိန်းတစ်ထောင် လှူခွင့်ရဦး

http://www.dhammadownload.com

မယ်။ သာသနာတော်ကို သိန်းနှစ်ထောင် လှူခွင့်ရသွားတာ ပေါ့။

'ကုသိုလ်တွေ နှစ်ဆတိုးတော့မှာမို့လို့ ဝမ်းသာလွန်းလို့ပါဗျာ။ ဝမ်းသာလွန်းလို့ပါ'

'ကျုပ်ပိုင်ဆိုင်တဲ့ ရတနာပစ္စည်းတွေကို ရန်သူမျိုးငါးပါး မနှောင့်ယှက်မဖျက်ဆီးနိုင်တဲ့ သာသနာတော်တည်းဟူသော ဘဏ္ဍာတိုက်ထဲမှာ မြှုပ်နှံခွင့်ရတော့မှာမို့လို့ လက်ခမောင်းခတ်ရခြင်း ဖြစ်ပါတယ်'

အဲဒီလို ပြောပြီးတော့ နဂို ဂန္ဓကုဋိကျောင်းဆောင်ကြီးရဲ့ တန်ဖိုးနဲ့ညီမျှတဲ့ နောက်ထပ်ဂန္ဓကုဋိကျောင်းဆောင်အသစ်တစ်ခု ဆောက်လုပ်လှူဒါန်းလိုက်ပါတယ်။ ပစ္စည်းဈေးတက်သွားတယ်ဆိုရင် ပထမတစ်ကြိမ် ဆောက်တုန်းကထက်တောင် ပိုကုန်ကျတဲ့အတွက် ကုသိုလ်ပိုရဦးမှာပါ။

ဘယ်လောက်အတုယူဖို့ကောင်းထားတုံးနော်။

သုမင်္ဂလသူဌေးကြီးရဲ့ ကုသိုလ်ကောင်းမှုဟာ 'နှံ့သာဖြင့် ထုံမွမ်းအပ်သော ကောင်းမှု' ဖြစ်နေပါတယ်။ 'နှံ့သာဖြင့် ထုံမွမ်းအပ်သောကျောင်း' ဆိုတဲ့ အခြေခံစကားကနေ တစ်ဆင့်ထပ်တက်လိုက်ပါတယ်။ နှံ့သာဖြင့်ထုံမွမ်းအပ်သောကောင်းမှု။

'ကျောင်း' နေရာမှာ 'ကောင်းမှု' ကို အစားထိုး

http://www.dhammadownload.com

လိုက်ပါတယ်။ အဲဒီလိုအစားထိုးပြီး နှလုံးသွင်းနိုင်အောင်၊ ကျင့်သုံးနိုင်အောင်လို့ တရားခေါင်းစဉ်ကို 'နှံ့သာဖြင့် ထုံမွမ်းအပ်သော' လို့ 'သော' နဲ့ တမင် အဆုံးသတ်ထားတာပါ။ 'ကျောင်း' နေရာမှာ 'ကောင်းမှု' တွင် မကပါဘူး။ 'စိတ်ဓာတ်'၊ 'အသိဉာဏ်' . . . စသည်အားဖြင့် အများကြီး အစားထိုး နှလုံးသွင်းလို့ ရပါတယ်။

သုမင်္ဂလသူဌေးကြီးအကြောင်းကတော့ ရှိသေးတာပေါ့လေ။ ဒီမှာတော့ ဂန္ဓကုဋိနဲ့ဆိုင်တာလေးပဲ ကွက်ပြီးတော့ ပြောပါတယ်။

သူခိုးက သူဌေးကြီးကို ကြည့်နေတာပေါ့လေ။ ဂန္ဓကုဋိကျောင်းဆောင်ကြီး မီးလောင်ရင်တော့ စိတ်တိုမှာပဲ၊ မျက်ရည်ကျမှာပဲလို့ ထင်တာ။ လက်ခမောင်းခတ်ပြီးတော့ ဝမ်းသာနေတော့ သူ့ဒေါသက မငြိမ်းပြန်ဘူး။

အဲဒါနဲ့ ဂန္ဓကုဋိကျောင်းဆောင်ကြီး အသစ်ပြန်ဆောက်ပြီးသွားလို့ ခုနစ်ရက်တိုင်တိုင် ရေစက်ချအလှူအတန်းကြီးလုပ်တော့၊ ပုဆိုးကြားထဲမှာ ဓားမြှောင် ထည့်ထားပြီးတော့ သူဌေးကြီးကို သတ်ဖို့ လိုက်ချောင်းတယ်။

ဒါပေမဲ့ လူအုပ်တွေက အရမ်းများလွန်းတော့ အခွင့်မသာဘူး။ အဲဒါနဲ့ ခုနစ်ရက်မြောက်နေ့ နောက်ဆုံးနေ့ကျတော့ သူဌေးကြီးက ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ

http://www.dhammadownload.com

ကို မွန်မြတ်တဲ့ ဆွမ်း၊ ဘောဇဉ်၊ ခဲဖွယ်တွေ ကပ်။ သက်နိုး အစရှိတဲ့ လှူဖွယ်ဝတ္ထုတွေ လှူ။

အလှူပြီးလို့ ရေစက်ချအခမ်းအနားလည်းကျရော သူဌေးကြီး ဦးမင်္ဂလာက . . .

'မြတ်စွာဘုရား၊ ဘုရားတပည့်တော်အပေါ်မှာ လူ တစ်ယောက် ရန်ငြိုးဖွဲ့နေပါတယ်။ တပည့်တော်ရဲ့ လယ်ကို လည်း ခုနစ်ကြိမ်တိုင်တိုင် မီးရှို့ပါတယ်။ နွားခြံထဲက နွား တွေကိုလည်း ခုနစ်ကြိမ်တိုင်တိုင် ခြေထောက်တွေ ရိုက်ချိုး ပါတယ်။ ဘုရားတပည့်တော်ရဲ့ နေအိမ်ကိုလည်း ခုနစ်ကြိမ် တိုင်တိုင် မီးရှို့ပါတယ်။ အခု ဘုရားတပည့်တော် အနှစ် သက်ဆုံးဖြစ်တဲ့ ဂန္ဓကုဋိကျောင်းဆောင်ကြီးကို မီးရှို့တာ လည်း သူပဲဖြစ်ပါလိမ့်မယ်'

'ဒါကြောင့်မို့ ဘုရားတပည့်တော် ဂန္ဓကုဋိကျောင်း ဆောင်တော်ကြီး အသစ်ဆောက်လုပ်လှူဒါန်းရတဲ့ ကုသိုလ် ကောင်းမှုနဲ့တကွ ခုနစ်ရက်တိုင်တိုင် ကျောင်းရေစက်ချ အခမ်းအနားမှာ လှူရတဲ့ ကုသိုလ်ကောင်းမှုတွေအားလုံးရဲ့ အဖို့ဘာဂကို (ဝေစုကို) ဘုရားတပည့်တော်အပေါ်မှာ ရန် ငြိုးဖွဲ့နေတဲ့ အဲဒီလူ သို့မဟုတ် အဲဒီအမျိုးသား သို့မဟုတ် အဲဒီအမျိုးသမီးကို ဘုရားတပည့်တော် ပထမဆုံး အမျှ အတန်းပေးဝေပါတယ်။ ဘုရားတပည့်တော်ပြုတဲ့ ကုသိုလ်

http://www.dhammadownload.com

ကောင်းမှုတွေကို အဲဒီပုဂ္ဂိုလ် ပထမဆုံး ရယူပါစေ'

စိတ်သဘောထား ဘယ်လောက်တောင် ကြီးကျယ်မြင့်မြတ်ထားတုံးနော်။ အဲဒီအသံကို ကြားတော့မှ သူခိုးက တစ်ခါတည်း သူဌေးကြီး ဦးမင်္ဂလာကို တောင်းပန်တော့တာပဲ။ သူဌေးကြီးကလည်း ခွင့်လွှတ်လိုက်ပါတယ်။ ဆိုလိုက်ပါ။

ကောင်းမှုတိုင်းမှာ၊ မွေးနံ့သာ၊ ပျံ့ကာသင်းရမည်။

■

http://www.dhammadownload.com



## အခုလိုတွေးမှ ကုသိုလ်မွေးမယ်

ဘာကုသိုလ်ကောင်းမှုပဲပြုပြု၊ ကိုယ်ပြုလိုက်တဲ့ ကုသိုလ်ကောင်းမှုဟာ နှံ့သာဖြင့် ထုံမွမ်းအပ်သော ကုသိုလ်ကောင်းမှု ဖြစ်ရမယ်။ နှံ့သာဖြင့် ထုံမွမ်းအပ်သောကောင်းမှုဆိုတာ ကြီးကျယ်မြင့်မြတ်တဲ့ စိတ်နေစိတ်ထားနဲ့ပြုတဲ့ ကုသိုလ်ကောင်းမှုကို ဆိုလိုတာပါ။

ဒါနကောင်းမှုအနေနဲ့ ပြောမယ်ဆိုရင်တော့ စိတ်စေတနာ ပြတ်ပြတ်သားသားနဲ့ စွန့်လွှတ်လှူဒါန်းတဲ့ ကုသိုလ်ကောင်းမှုဟာ နံ့သာဖြင့်ထုံမွမ်းအပ်သောကုသိုလ်ကောင်းမှုပေါ့။ ကောင်းမှုအမည်ကို ဖော်ပြီး တိတိကျကျ ပြောမယ်ဆိုရင်တော့ 'နံ့သာဖြင့် ထုံမွမ်းအပ်သောဒါန' ပေါ့။

http://www.dhammadownload.com

ဒါနကောင်းမှုရဲ့ နံ့သာတွေဆိုတာက ပြတ်ပြတ်သားသား စွန့်လွှတ်လှူဒါန်းခြင်းပါပဲ။ ဒါ အခြေခံအကျဆုံး နံ့သာပေါ့လေ။ စာဂတရားပေါ့။

ကံ-ကံရဲ့အကျိုးကို ယုံကြည်တဲ့ သဒ္ဓါတရားဟာလည်း ဒါနကောင်းမှုရဲ့ နံ့သာပါပဲ။ သဒ္ဓါဒါနပေါ့။

သက္ကစ္စဒါနအနေနဲ့ ကြည့်လိုက်မယ်ဆိုရင် လှူဖွယ်ဝတ္ထုကို သန့်သန့်ရှင်းရှင်း စင်စင်ကြယ်ကြယ် မွန်မွန်မြတ်မြတ်ဖြစ်အောင် ပြုပြင်တာ၊ အလှူခံပုဂ္ဂိုလ်အပေါ်မှာ ရိုရိုသေသေ လေးလေးစားစားရှိတာ။ သက္ကစ္စတရား၊ တစ်နည်း ဂါရဝတရားဟာလည်း ဒါနကောင်းမှုရဲ့ နံ့သာပါပဲ။

ကာလဒါနအနေနဲ့ ကြည့်မယ်ဆိုရင် အခြေအနေ အချိန်အခါနဲ့ လိုက်လျောညီထွေစွာ လှူတာ၊ လိုအပ်ချက်နဲ့ ကွက်တိဖြစ်အောင် အံကိုက်လှူတာဟာလည်း ဒါနကောင်းမှုရဲ့ နံ့သာပါပဲ။

လိုရင်းကတော့ ပြတ်ပြတ်သားသား စွန့်လွှတ်လှူဒါန်းတာ၊ စိတ်စေတနာ ပြတ်သားတာပေါ့။ သူဌေးကြီး ဦးမင်္ဂလာ စိတ်စေတနာ မပြတ်သားဘူးလား။ ပြတ်သားတယ်။

ကိုယ်က လှူဖွယ်ဝတ္ထုကို စွန့်လွှတ်လှူဒါန်းလိုက်တယ်။ လှူပြီးခါမှ လှူဖွယ်ဝတ္ထုကို အလှူခံပုဂ္ဂိုလ်က တစ်မျိုး

တစ်ဖုံ အသုံးပြုလိုက်လို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ပျက်စီးသွားလို့ပဲဖြစ်ဖြစ် ဝမ်းနည်းတတ်တယ်။ ဒေါသ ဒေါမနဿတွေ ဖြစ်တတ်တယ်။ 'ဒီလိုမှန်းသိ မလှူပါဘူး။ လှူမိတာတော့ မှားလေခြင်း' စသည်အားဖြင့် ဒီလိုဖြစ်သွားတယ်ဆိုရင် ကိုယ့်ရဲ့ ဒါနကောင်းမှုဟာ 'နုံ့သာဖြင့် ထုံမွမ်းအပ်သော ကောင်းမှု' ဟုတ်ရဲ့လား။ မဟုတ်တော့ဘူး။

နံ့သာဖြင့် ထုံမွမ်းအပ်သောကောင်းမှု မဟုတ်ဘူး ဆိုရင်တော့ ဘာနဲ့ ထုံမွမ်းအပ်သောတုံး။ သူ့ပြောင်းပြန်ပေါ့။ အပုပ်နံ့ဖြင့် ထုံမွမ်းအပ်သောကောင်းမှုပေါ့။

အခု ဒကာ ဒကာမတွေက ဦးဇင်းကို သင်္ကန်းကပ်ကြတယ်လေ။ ကပ်လိုက်တဲ့သင်္ကန်းကို အခု ပလ္လင်ပေါ်က လည်း ဆင်းရော ဦးဇင်းက တွေ့တဲ့ဘုန်းကြီး လှူလိုက်မယ် ဆိုရင် လှူတဲ့ပုဂ္ဂိုလ် ဘယ်လိုနေမတုံး။ ကျေနပ်မှာ မဟုတ်ဘူးနော်။ ကြည်မှာ မဟုတ်ဘူးပေါ့။

ဆိုပါတော့။ အလှူရှင်တစ်ယောက်က ဦးဇင်းကို ကြက်သားကြော် ဆယ်ခု ကပ်တယ်ဆိုပါတော့။ 'နိဗ္ဗာန-ပစ္စယော' ဆိုပြီးတော့ ကပ်လိုက်တယ်။ အဲဒီ ဆယ်ခု ဦးဇင်း က တစ်ခုမှ မဘုဉ်းပေးဘူး။ အလှူရှင်က ကြက်သားကြော် ပန်းကန်ကို ကြည့်ပြီးတော့ ဘယ်လိုနေမတုံး။

'ငါ့မှာဖြင့် ဘယ်နှနာရီကတည်းက ထပြီးတော့

http://www.dhammadownload.com

ကြော်လိုက်ရတာ။ ဘုန်းကြီးက တစ်စက်ကလေးမှ မဘုဉ်း ပေးဘူး။ တို့တောင်မတို့ဘူး။ ဒီလိုမှန်းသိ မကပ်ပါဘူး။ တော် ပြီ။ နောက်ကို ဘယ်တော့မှ မကပ်တော့ဘူး'

ဟော . . . 'နှံ့သာဖြင့် ထုံမွမ်းအပ်သော ကြက် သားကြော်' ဟုတ်ရဲ့လား။ မဟုတ်တော့ဘူးနော်။ ကြက် သားကြော်လှူရင် ကိုယ်လှူတဲ့ ကြက်သားကြော်က ဘယ်လို ကြက်သားကြော် ဖြစ်ရမှာလဲ။ 'နံ့သာဖြင့် ထုံမွမ်းအပ်သော ကြက်သားကြော်' ဖြစ်ရမှာ။ လွတ်လွတ်ကျွတ်ကျွတ် စွန့် လွှတ်တဲ့ စေတနာစာတ်တွေနဲ့ ထုံမွမ်းထားတဲ့ ကြက်သား ကြော် ဖြစ်ရမှာ။

အမှန်ကတော့ စိတ်နေစိတ်ထားက ရှင်းရှင်းလေး ပါ။ ကြက်သားကြော် ဆယ်ခု ဦးဇင်းကို ကပ်လိုက်တယ် နော်။ ဦးဇင်းက အကြောင်းမညီညွတ်လို့၊ တခြားဘုဉ်းပေး စရာတွေ များနေလို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ဒီနေ့ဒီအချိန်မှာ မလိုအပ်လို့ပဲဖြစ်ဖြစ် တို့ကို မတို့မိဘူးပဲ ဆိုပါတော့။ မစား ဖြစ်ဘူးပေါ့လေ။

အဲဒါဆိုရင် . . . အလှူရှင်ရဲ့ ကြက်သားကြော်ကို ဦးဇင်းက မဘုဉ်းတာလား။ ဦးဇင်းရဲ့ ကြက်သားကြော်ကို ဦးဇင်းက မဘုဉ်းတာလား။ သေချာစဉ်းစားနော်။

ဦးဇင်းကို ကပ်ပြီးသွားပြီဆိုရင် အဲဒီကြက်သား

http://www.dhammadownload.com

ကြော်က ဘယ်သူ့ကြက်သားကြော်တုံး။ ကြော်လာတဲ့အလှူရှင်ရဲ့ ကြက်သားကြော် ဟုတ်သေးရဲ့လား။ မဟုတ်တော့ဘူး။ လှူပြီးပြီလေ။

လှူပြီးပြီဆိုတော့ ဘယ်သူ့ကြက်သားကြော် ဖြစ်သွားပြီတုံး။ ဦးဇင်းရဲ့ ကြက်သားကြော် ဖြစ်သွားပြီ။ ကိုယ့်ကြက်သားကြော် ကိုယ်မဘုဉ်းတာ ဘယ်သူ ဘာပြောချင်သေးတုံး။ ဘာမှ မပြောနဲ့နော်။ ပြောလည်း မရပါဘူး။

လှူတယ်ဆိုတာ ကိုယ်ပိုင်အဖြစ်ကနေ လုံး၀ စွန့်လွှတ်လိုက်တာပါ။ တစ်နည်းအားဖြင့် ကိုယ်ပိုင်ပစ္စည်းကို သူ့ပိုင်ပစ္စည်းအဖြစ် ပြောင်းလဲပေးလိုက်တာပါ။ ကိုယ်ပိုင်တယ်၊ ကိုယ့်ပစ္စည်းလို့ ထင်နေသေးရင် ဒါနကို မဖြစ်သေးပါဘူး။ အလှူကို မမြောက်သေးပါဘူး။

'ငါ့ကြက်သားကြော် ဘုဉ်းလည်း မဘုဉ်းဘူး' ဆိုပြီး စိတ်မကျေမနပ်ဖြစ်နေတာဟာ အဲဒီကြက်သားကြော်ကို သူ့ကြက်သားကြော်လို့ မသတ်မှတ်သေးဘဲ ငါ့ကြက်သားကြော်လို့ သတ်မှတ်နေသေးလို့ပါ။

'ငါ့ကြက်သားကြော် မဟုတ်တော့ဘူး၊ သူ့ကြက်သားကြော် ဖြစ်သွားပြီ' လို့ စိတ်ထဲက ပြတ်ပြတ်သားသား သတ်မှတ်နိုင်မှ လွှတ်လွှတ်ကျွတ်ကျွတ် စွန့်လွှတ်ရာရောက်တဲ့အတွက် ဒါနမြောက်ပါတယ်။ လှူတယ်ဆိုတာ အပြီး

http://www.dhammadownload.com

အပြတ် စွန့်လိုက်တာပါ။ အပြီးအပြတ် မစွန့်ရင် လှူတယ်လို့ မခေါ်ပါဘူး။ ချေးတယ်၊ ငှားတယ်၊ ပေါင်တယ်လို့ပဲ ခေါ်ပါတယ်။

အဲဒီတော့ အလှူခံပုဂ္ဂိုလ်ရဲ့ လက်ထဲကို့ ထည့်လိုက်ပြီးပြီဆိုတာနဲ့ တစ်ပြိုင်နက် ကိုယ်ပိုင်ပစ္စည်း မဟုတ်တော့ပါဘူး။ ကိုယ်ပိုင်ပစ္စည်း မဟုတ်တော့တဲ့အရာအပေါ်မှာ ဘာဖြစ်လို့များ ဝမ်းနည်းပန်းနည်း ခံစားနေရဦးမှာလဲ။ ခံစားနေရသေးတယ်ဆိုရင် ကိုယ်လှူတာ စိတ်မပြတ်သေးလို့ပေါ့။

ပြတ်ပြတ်သားသား စွန့်လိုက်စမ်းပါနော်။ ရှေးစကားနဲ့ ပြောရင်တော့ လွတ်လွတ်စွန့်လိုက်စမ်းပါ။

ပြတ်ပြတ်သားသား စွန့်တဲ့အလှူ၊ လွတ်လွတ်စွန့်တဲ့အလှူဟာ ရန့်မွှေးတဲ့အလှူပါပဲ။ 'ရန့်မွှေးတဲ့အလှူ' ဆိုတာ အရည်အသွေးမြင့်မားတဲ့အလှူ၊ အကျိုးပေးကြီးကျယ်တဲ့အလှူ လို့ ဆိုလိုပါတယ်။

စိတ်ပြတ်သားလေ အကျိုးကြီးမားလေပေါ့။ မလိုချင်လေ ရလေပါပဲ။ မလိုချင်စိတ်နဲ့ လှူလေ . . . မလိုချင်လောက်အောင် ရလေပါ။

■

http://www.dhammadownload.com



## လှူပြီးမဆိုင်၊ သူ့အပြီးပိုင်

အဲဒီလိုအားဖြင့် မိမိတို့ပြုသမျှ ဒါနကောင်းမှုဟာလည်း နံ့သာဖြင့် ထုံမွှမ်းအပ်သော ဒါနကောင်းမှု ဖြစ်နေရမယ်။ ကောင်းမှုဆိုတာနဲ့ တွဲပြောတော့ စကားလုံးထောက်ပါတယ်။ ဒီလိုပြောလိုက်ကြစို့။

မိမိတို့ပြုသမျှ ဒါနတိုင်းဟာ 'နံ့သာဖြင့်ထုံမွှမ်းအပ်သောဒါန' ဖြစ်ရပါမယ်။ ဒါနတိုင်းမှာ လွတ်လွတ်ကျွတ်ကျွတ် စွန့်လွှတ်တဲ့ဓာတ် ကိန်းဝပ်နေပါစေ၊ စိတ်ပြတ်သားမှု လွှမ်းခြုံနေပါစေ။

ဒါနတစ်ခုတည်းကိုပဲ 'နံ့သာဖြင့် ထုံမွှမ်းအပ်သော ဒါန' ဖြစ်အောင်လုပ်နည်း အသေးစိတ် အကျယ်ခဲ့ပြော

http://www.dhammadownload.com

မယ်ဆိုရင် အများကြီးပေါ့နော်။

ယောနိသော မနသိကာရဆိုတဲ့ စိတ်ထားကောင်းလေးနဲ့ စိတ်ကောင်းထားနိုင်မယ်ဆိုရင် ဘယ်လိုအခြေအနေနဲ့ပဲကြုံကြုံ ကုသိုလ်တရားတွေက တိုးပွားနေမှာပါပဲ။ ကုသိုလ်တိုင်းရဲ့ လိုရင်းပဓာန နံ့သာကတော့ ယောနိသော မနသိကာရ ဆိုတဲ့ စိတ်ထားကောင်းပါပဲ။

ကုသိုလ်ကောင်းမှုက . . . ဘယ်နှမျိုးရှိတာတဲ့တုံး။ တရားနာပရိသတ်တို့ တစ်နေ့တစ်နေ့ ပြုစရာကုသိုလ်က ဘယ်နှမျိုးရှိတာတဲ့တုံး။ ဒါန၊ သီလ၊ ဘာဝနာနဲ့ ကြည့်ရင်တော့ သုံးမျိုးပေါ့နော်။ ဘာဝနာကို ထပ်ခွဲလို့ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာအနေနဲ့ကြည့်ရင် လေးမျိုးပေါ့။ ပုညကြိယဝတ္ထုဆယ်ပါးနဲ့ ကြည့်ရင် ဆယ်မျိုးပေါ့။ အဲဒီကုသိုလ်ဆယ်မျိုးက နေ့စဉ်ပြုရမယ့် ကုသိုလ်တွေပေါ့နော်။

အဲဒီကုသိုလ်ဆယ်မျိုး တစ်မျိုးတိုင်း တစ်မျိုးတိုင်း နံ့သာဖြင့် ထုံမွမ်းအပ်သော ကုသိုလ်ကောင်းမှုဖြစ်ရမယ်။

ဒါနကောင်းမှုရဲ့ နံ့သာဆိုရင် . . အဓိကအားဖြင့် စိတ်စေတနာ ပြတ်သားရမယ်။ ကလေးတုန်းက ပြောကြသလိုပေါ့။ ငါ့လက်ကလွှတ် ဂွတ်ဆိုတဲ့အတိုင်းပဲ။ ကိုယ့်လက်ကနေ တစ်ဖက်သား အလှူခံပုဂ္ဂိုလ်ရဲ့လက်ထဲ စွန့်လိုက်ပြီးပြီဆိုတာနဲ့ ကိုယ်နဲ့ ဘာမှကို မဆိုင်တော့ဘူးနော်။

http://www.dhammadownload.com

ကိုယ်လှူလိုက်တဲ့ပစ္စည်း အလှူခံပုဂ္ဂိုလ် သုံးသုံး၊ မသုံးသုံး၊ ကိုယ်နဲ့ ဘာမှ မဆိုင်တော့ဘူး။ မသုံးရုံမကလို့ ရေပဲ မျှောပစ်ပစ်၊ မီးပဲ ရှို့ပစ်ပစ်၊ ဘာမှ မကျေမနပ် ဖြစ်နေစရာ မရှိပါဘူး။ တကယ်လို့ မကျေမနပ်ဖြစ်နေရင် အဲဒီ ကိုယ်လှူလိုက်တဲ့ ပစ္စည်းကို ကိုယ့်ပစ္စည်းလို့ သတ်မှတ်နေသေးလို့၊ ကိုယ်နဲ့ ဆိုင်တယ်လို့ ထင်နေသေးလို့ပါပဲ။

ကိုယ့်ပစ္စည်းကို အလှူခံပုဂ္ဂိုလ်ရဲ့လက်ထဲ လှူလိုတဲ့စိတ်နဲ့ ထည့်လိုက်ပြီးပြီဆိုရင် အဲဒီပစ္စည်းဟာ ကိုယ့်ပစ္စည်း လုံးဝ မဟုတ်တော့ပါဘူး။ ကိုယ်နဲ့ ဘာမှမဆိုင်တော့ပါဘူး။ ကိုယ် လုံးဝ မပိုင်တော့ပါဘူး။ အလှူခံပုဂ္ဂိုလ်ရဲ့ ကိုယ်ပိုင်ပစ္စည်း ဖြစ်သွားပါပြီ။ အလှူခံပုဂ္ဂိုလ်နဲ့ပဲ ဆိုင်ပါတယ်။ အလှူခံပုဂ္ဂိုလ်ပဲ ပိုင်ပါတယ်။

အလှူခံပုဂ္ဂိုလ်က သူပိုင်တဲ့ပစ္စည်းကို သူ့သဘောကျ၊ သူ့ဆန္ဒနဲ့သူ စီမံပိုင်ခွင့်ရှိပါတယ်။ သူ့ဘာသာသူ ဘာလုပ်လုပ်၊ လှူတဲ့ပုဂ္ဂိုလ်က ဝင်ရောက်စွက်ဖက်ပိုင်ခွင့်၊ ဝင်ရောက်ခြယ်လှယ်စီမံပိုင်ခွင့် မရှိပါဘူး။ မကျေမနပ် ဖြစ်စရာ၊ စိတ်မချမ်းမသာ ဖြစ်စရာလည်း အကြောင်းမရှိပါဘူး။ 'လှူပြီးမဆိုင်၊ သူ့အပြီးပိုင်' ပါပဲ . . နော်။

အဲဒီလိုပြောလို့ မျက်နှာလွှဲခဲပစ်နဲ့ ဂရုမစိုက် လျစ်လျူရှုရမှာမျိုး ဆိုလိုတာ မဟုတ်ဘူးနော်။ ကျောင်းတွေဘာ

http://www.dhammadownload.com

တွေ ဆောက်ထားတယ်ဆိုရင်တော့ ငါလက်ကလွတ် ဂွတ် လုပ်လို့ ဘယ်ရပ့်ါမလဲ။ ဟုတ်လား။ ကိုယ့်ကျောင်းမှာ ဆေး မှိန်နေတယ်ဆိုရင် ပြန်သုတ်ရမယ်။ ပျက်စီးနေတာရှိရင် ပြုပြင်ရမယ်။ ကျောင်းသွားပြီးတော့ တံမြက်စည်းလှည်းတာ တို့၊ ရေဖြည့်တာတို့ စသည်အားဖြင့် ပြုရမယ်။ ကိုယ့်ကျောင်း မှာ သီတင်းသုံးတဲ့ ရဟန်းသာမဏေတွေရဲ့ ပစ္စည်းလေးပါး အတွက် ထောက်ပံ့လှူဒါန်းရမယ် စသည်အားဖြင့် လှူပြီးတဲ့ နောက် တာဝန်တွေကတော့ ရှိတာပဲနော်။ လှူဖွယ်ဝတ္ထု အမျိုးအစားပေါ် မူတည်တာပေါ့လေ။ ဘယ်လိုပဲဖြစ်ဖြစ် လှူပြီးပြီဆိုရင်တော့ စိတ်က ပြတ်ပြတ်သားသား ရှိရပါမယ်။

ဒါန ဆိုတာကိုက စွန့်လွှတ်တာကို ပြောတာပဲ။ ခုနက သူဌေးကြီး ဦးမင်္ဂလာရဲ့ ဒါနကောင်းမှုက မင်္ဂလာ မရှိဘူးလား။ ဦးမင်္ဂလာဆိုတဲ့ နာမည်နဲ့လိုက်အောင် ကိုယ် လုပ်တဲ့ဒါနကိုလည်း မင်္ဂလာမြောက်အောင် လုပ်နိုင်တယ်။

သုံးဆယ့်ရှစ်ဖြာမင်္ဂလာထဲမှာ ဒါနမင်္ဂလာဆိုတာ လည်း မပါဘူးလား။ ပါတယ်။ ဒါနဟာ မင်္ဂလာဆိုပေမယ့် ဒါနတိုင်း မင်္ဂလာမရှိဘူး။ မင်္ဂလာရှိသောဒါနဆိုတာ စိတ် ပြတ်သားမှ။ ပြတ်ပြတ်သားသား စွန့်လွှတ်မှ မင်္ဂလာရှိသော ဒါနဖြစ်တာ။

မပြတ်မသားလေးနဲ့ စွန့်လွှတ်တဲ့ဒါနက မင်္ဂလာ

http://www.dhammadownload.com

မရှိဘူးနော်။ ဒါနတော့ဖြစ်တယ်။ ဒါနမင်္ဂလာတော့ မဖြစ်ဘူး။ မင်္ဂလာမမြောက်ဘူးလို့ ပြောလိုက်လို့ရှိရင် ပါရမီမမြောက်ဘူးလို့လည်း ပြောပြီးသား ဖြစ်သွားတာပါပဲ။ မင်္ဂလာမြောက်တဲ့ဒါန၊ ပါရမီမြောက်တဲ့ဒါနဖြစ်ဖို့ဆိုရင် ပြတ်သားဖို့လိုတယ်။ ဒါအခြေခံအနေနဲ့ ပြောတာပါ။ ပြတ်သားတာ တစ်ခုတည်းတော့ မဟုတ်ဘူးပေါ့။

အလှူခံပုဂ္ဂိုလ်တွေ ကိုယ်လှူလိုက်တဲ့ လှူဖွယ်ဝတ္ထုတွေ အသုံးပြုပြီးတော့ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ အစစအရာရာ အဆင်ပြေကြပါစေ စသည်အားဖြင့် ကိုယ်လှူလိုက်တဲ့ လှူဖွယ်ဝတ္ထုနဲ့ လိုက်လျောညီထွေစွာ မေတ္တာစာတ်တွေ ပို့လွှတ်ပြီးတော့၊ မေတ္တာစာတ်တွေ လွှမ်းခြုံပြီးတော့ ထားရမယ်။ စေတနာ ပြတ်သားမယ်၊ မေတ္တာ အားကောင်းမယ်ဆိုရင် ကိုယ့်ရဲ့ ဒါနဟာ နံ့သာဖြင့်ထုံမွှမ်းအပ်သောဒါန ဖြစ်သွားပြီ။

စေတနာဆိုတဲ့ နံ့သာ၊ မေတ္တာဆိုတဲ့ နံ့သာ၊ သဒ္ဓါဆိုတဲ့ နံ့သာ စသည်အားဖြင့်ပေါ့။ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာပါပဲ။ အဓိကအားဖြင့်ပေါ့လေ။ အဲဒီ သူတော်ကောင်းတရားဆိုတဲ့ နံ့သာလေးတွေနဲ့ ထုံမွှမ်းထားရမှာပေါ့။

■

http://www.dhammadownload.com



## ကိုယ်မကြိုက်တာသူများမပေးပါနဲ့

သီလကောင်းမှုဆိုရင်လည်း ဘယ်လိုနံ့သာလေးတွေ ထုံမွှမ်းထားရမတုံး။ ကိုယ့်ဘာသာကိုယ် စဉ်းစားကြည့်ပေါ့လေ။ ဒါနကတော့ စိတ်ပြတ်ဖို့ မေတ္တာကြီးဖို့။ သီလကျတော့ မေတ္တာထက် ကရုဏာအားကောင်းဖို့ ပိုအရေးကြီးတယ်။

ဖြစ်လေရာဘဝ ကိုယ်အသက်တိုမှာစိုးလို့ သူများအသက် မသတ်တာမျိုး မဖြစ်စေရဘူး။ ကိုယ်အသက်တိုမှာစိုးလို့ ကိုယ်အနာရောဂါများမှာစိုးလို့ သူ့အသက် မသတ်ဘဲ ရှောင်တာဟာ လုံးဝ မရှောင်တာထက်စာရင်တော့ အများကြီးသာတာပေါ့နော်။ ဒါပေမဲ့လို့ 'နံ့သာဖြင့် ထုံမွှမ်း

http://www.dhammadownload.com

အပ်သောသီလ' မဖြစ်သေးဘူး။ ရိုးရိုးသီလပဲ ဖြစ်သေးတယ်။ ရိုးရိုးသီလဆိုတော့ ရှယ်သီလ မဖြစ်သေးဘူးလို့ ပြောရမှာပေါ့လေ။

ဖြစ်လေရာဘဝ မွဲမှာ ကြောက်လို့၊ ကိုယ့်ပစ္စည်းတွေ ရန်သူမျိုးငါးပါး ဖျက်ဆီးခံရမှာ ကြောက်လို့၊ ငတ်မှာပြတ်မှာ ကြောက်လို့ သူများပစ္စည်း မခိုးတာဆိုရင် 'နံ့သာဖြင့် ထုံမွမ်းအပ်သောသီလ' မဖြစ်သေးဘူး။

ဖြစ်လေရာဘဝ လူမုန်းခံရမှာကြောက်လို့၊ မိန်းမဖြစ်မှာ ကြောက်လို့၊ မိန်းမလျာ၊ ယောက်ျားလျာ ဖြစ်မှာကြောက်လို့ ကာမေသုကို ရှောင်တာ၊ ကာမဂုဏ် မဖောက်ပြန်တာဆိုရင် 'နံ့သာဖြင့် ထုံမွမ်းအပ်သောသီလ' မဖြစ်သေးဘူး။

ဖြစ်လေရာဘဝ ပါးစပ်ပုပ်စော်နံမှာ စိုးလို့၊ သွားတွေ မလှမှာစိုးလို့၊ ဩဇာမညောင်းမှာစိုးလို့ မုသာဝါဒရှောင်တာဆိုရင် 'နံ့သာဖြင့်ထုံမွမ်းအပ်သောသီလ' မဟုတ်သေးဘူး။

ဖြစ်လေရာဘဝ ရူးမှာနှမ်းမှာစိုးလို့၊ ကျပ်မပြည့်မှာစိုးလို့၊ စိတ်မမှန်မှာစိုးလို့၊ ဉာဏ်ထိုင်းမှာစိုးလို့ သေရည်အရက်ကို ရှောင်ကြဉ်တာဆိုရင်လည်း နံ့သာဖြင့် ထုံမွမ်းအပ်သောသီလ မဖြစ်သေးဘူး။

http://www.dhammadownload.com

ဒါပေမဲ့လို့ သီလတော့ ဖြစ်တော့ဖြစ်တယ်နော်။ သာမန်သီလတော့ ဖြစ်ပါတယ်။ 'နံ့သာဖြင့် ထုံမွမ်းအပ်သောသီလ' တော့ မဖြစ်ဘူး။ ကရုဏာလေး အရင်းခံပြီးတော့၊ ကရုဏာလေး လွှမ်းခြုံပြီးတော့ သီလစောင့်မှ 'နံ့သာဖြင့် ထုံမွမ်းအပ်သောသီလ' ဖြစ်ပါတယ်။

သီလရဲ့ နံ့သာဟာ ကရုဏာတရားပါပဲ။ တစ်နည်းပြောရင် ကိုယ်ချင်းစာတရားပါပဲ။ ဘယ်သီလပဲစောင့်စောင့်၊ ဘာသိက္ခာပုဒ်ပဲ ထိန်းထိန်း ကိုယ်ချင်းစာတရား အရင်းခံပြီးတော့၊ ကိုယ်ချင်းစာတရား ရှေ့သွားပြုပြီးတော့ စောင့်ထိန်းရင် ကိုယ့်ရဲ့သီလဟာ 'နံ့သာဖြင့် ထုံမွမ်းအပ်သောသီလ' ဖြစ်ပြီး အရည်အသွေး မြင့်မားသွားပါတယ်။ အစွမ်းသတ္တိ ထက်မြက်သွားပါတယ်။

ကိုယ့်သတ်ရင် ကိုယ်မကြိုက်သလို၊ သူ့သတ်ရင်လည်း သူကြိုက်မှာ မဟုတ်ဘူး။ ကိုယ်ချင်းစာပြီးတော့ သတ်တာကနေ ရှောင်ကြဉ်ရမယ်။ ငါ့ကို နာကျင်အောင် လုပ်ရင် ငါမကြိုက်သလိုပဲ သူ့ကို နာကျင်အောင် လုပ်ရင်လည်း သူဘယ်ကြိုက်ပါ့မလဲ။ တစ်ဖက်သား နာကျင်သွားတာကို ကိုယ်ကိုယ်တိုင် နာကျင်သလိုကို ခံစားပြီးတော့ ရှောင်ကြဉ်ရမှာ။ အဲဒီလို ကရုဏာလေးနဲ့ ရှောင်ကြဉ်တယ်ဆိုရင် နံ့သာဖြင့် ထုံမွမ်းအပ်သောသီလဖြစ်သွားတယ်။

http://www.dhammadownload.com

ကိုယ့်ပစ္စည်း သူများခိုးသွားရင် ကိုယ်မကြိုက်ဘူး၊ စိတ်ညစ်တယ်၊ စိတ်တိုတယ်၊ စိတ်ဆင်းရဲတယ်၊ ကိုယ်အမြတ်တနိုး တန်ဖိုးထားတဲ့ပစ္စည်းဆိုရင် ပိုခံစားရတယ်။ သူများပစ္စည်း ကိုယ်ခိုးလိုက်ရင် သူများလည်း ကိုယ့်လိုပဲ ခံစားရမှာပဲ။ ကိုယ်ချင်းစာပြီးတော့ ကရုဏာလေးနဲ့ ခိုးတာကနေ ရှောင်ကြဉ်ရမယ်။

ကာမေသုဆိုရင်လည်း ဒီလိုပဲပေါ့လေ။ သူတစ်ဖက်သားရဲ့ အိမ်ထောင်ရေး ပြိုကွဲသွားမှာစိုးလို့၊ တစ်ဖက်သားရဲ့ ဣန္ဒြေသိက္ခာ ကျဆင်းသွားမှာစိုးလို့၊ တစ်ဖက်သားဘဝပျက်သွားမှာစိုးလို့၊ တစ်ဖက်သား စိတ်ဆင်းရဲသွားမှာစိုးလို့ ဆိုတဲ့ တစ်ဖက်သားအပေါ်မှာ ငဲ့ညှာတဲ့ ကရုဏာလေးနဲ့ ရှောင်ကြဉ်ရမယ်။

မုသာဝါဒကိုရှောင်ရင်လည်း ကိုယ့်အလိမ်အညာခံရ၊ အဘတ်ခံရရင် ကိုယ်မကြိုက်၊ ကိုယ်စိတ်ဆင်းရဲရသလိုပဲ သူ့ကို လိမ်ညာလိုက်ရင်၊ သူ့ကို ဘတ်လိုက်ရင်လည်း သူစိတ်ဆင်းရဲမှာပဲ။ သူ အညာမခံရပါစေနဲ့။ သူ အလိမ်မခံရပါစေနဲ့။ အလိမ်အညာခံရလို့ စိတ်ဆင်းရဲတာမျိုး မဖြစ်ပါစေနဲ့ဆိုတဲ့ ကရုဏာလေးနဲ့ လိမ်ညာတာကနေ ရှောင်ကြဉ်ရမယ်။

ကရုဏာနဲ့လို့ ပြောလို့ရသလို ကရုဏာအခြေခံတဲ့

http://www.dhammadownload.com

မေတ္တာနဲ့လို့လည်း ပြောလို့ရတာပေ့ါလေ။

မေတ္တာ၊ ကရုဏာ၊ မုဒိတာဆိုတဲ့ နေရာမှာ လိုရင်းကတော့ မေတ္တာက အဓိကပါပဲ။ မေတ္တာမှာမှ ကရုဏာအခြေခံတဲ့ မေတ္တာ၊ မုဒိတာအခြေခံတဲ့ မေတ္တာလို့ ကွဲပြားသွားတာပေ့ါ။

သေရည်အရက် မသောက်စားဘူးဆိုတာလည်း ကိုယ်က သေရည်အရက် သောက်စားပြီးတော့ ဆဲဆိုမယ်၊ ကြိမ်းမောင်းမယ်၊ ရိုက်နှက်မယ်ဆိုရင် သူတို့တွေ စိတ်ဆင်းရဲကြလိမ့်မယ်။ ကိုယ်ဆင်းရဲလည်း ဖြစ်ကြလိမ့်မယ်။ ပတ်ဝန်းကျင်အလယ်မှာလည်း အရှက်ရကြလိမ့်မယ်။

အရက်သောက်ပြီး အရပ်ထဲ လျှောက်ပြီးတော့ အော်ဟစ်ဆဲဆိုမယ်ဆိုရင်လည်း ရပ်ကွက်ကလူတွေ၊ လမ်းကလူတွေ စိတ်ဆင်းရဲကြလိမ့်မယ်။ ကိုယ့်ကြောင့် သူတစ်ဖက်သား အနှောင့်အယှက် မဖြစ်ပါစေနဲ့ ဆိုတဲ့ တစ်ဖက်သားအပေါ်မှာ ငဲ့ညှာတဲ့ ကရုဏာစိတ်ကလေးနဲ့ သေရည်အရက်သောက်ခြင်းကနေ ရှောင်ကြဉ်ရမယ်။

သူများ အရက်သောက်ပြီး ကိုယ့်ကို လာရမ်းရင် ကိုယ်မကြိုက်သလို ကိုယ်အရက်သောက်ပြီး သူများကို သွားရမ်းရင်လည်း သူများကြိုက်မှာ မဟုတ်ဘူး၊ ကိုယ့်ကို အရမ်းချစ်တဲ့သူက ကိုယ်အရက်သောက်တာ၊ ဘီယာသောက်တာ

http://www.dhammadownload.com

ကို လုံးဝ မကြိုက်ဘူး၊ ကိုယ်အရက်သောက်ရင်၊ ဘီယာ သောက်ရင် သူ့အရမ်းဝမ်းနည်းတယ်၊ သူ့အရမ်း စိတ်ဆင်း ရဲတယ်၊ သူ့အရမ်းခံစားရတယ်၊ သူမကြိုက်တာ ကိုယ်မလုပ် တော့ပါဘူးလေ၊ ကိုယ့်ကြောင့် သူ စိတ်မဆင်းရဲပါစေနဲ့တော့၊ ကိုယ်ချင်းစာစိတ်လေးနဲ့ . . . အရက်သောက်ခြင်း၊ ဘီယာ သောက်ခြင်းကနေ ရှောင်ကြဉ်ရမယ်။

'ကိုယ်မကြိုက်တာ သူများမပေးဘူး' ဆိုတဲ့စိတ်၊ 'ကိုယ်မကြိုက်တဲ့အလုပ် သူများအပေါ် မလုပ်ဘူး' ဆိုတဲ့ စိတ်ဟာ ကိုယ်ချင်းစာစိတ်ပါပဲ။ အဲဒီကိုယ်ချင်းစာစိတ်ဟာ သီလရဲ့ နံ့သာပါ။

အဲဒီလိုအားဖြင့် ဘာသီလပဲ စောင့်ထိန်းစောင့် ထိန်း တစ်ဖက်သားအပေါ် ငဲ့ညှာထောက်ထားတဲ့၊ တစ်ဖက် သားအပေါ် ကိုယ်ချင်းစာတဲ့ ကရုဏာစိတ်ကလေးနဲ့ စောင့် ထိန်းလိုက်မယ်ဆိုရင် ကိုယ့်ရဲ့သီလက ရိုးရိုးသီလ မဟုတ် တော့ဘဲ 'နံ့သာဖြင့် ထုံမွှမ်းအပ်သောသီလ' ဖြစ်သွားပါ တယ်။

နံ့သာဖြင့်ထုံမွှမ်းအပ်သောလို့ 'သော' လေးနဲ့ ဆုံး ထားတာ အဲဒီရည်ရွယ်ချက်နော်။ အကုန်လုံးယူစေချင်လို့။ ကိုယ့်ဟာကိုယ် ဉာဏ်နဲ့ ချဲ့ထွင်ကြည့်ပေါ့။ ဦးဇင်းကတော့ နမူနာ လမ်းကြောင်းပေးရုံပဲ။

http://www.dhammadownload.com



## အနှစ်ပါဖို့ မေတ္တာဟာ မရှိမဖြစ်

ဘာဝနာကောင်းမှုဆိုရင်လည်း နံ့သာဖြင့်ထုံမွှမ်းအပ်သော ဘာဝနာဖြစ်အောင် ဘယ်လိုလုပ်မလဲ။ နှစ်လုံး၊ သုံးလုံး ဂဏန်းရချင်လို့ တရားထိုင်တာဆိုရင်၊ ပုတီးကြီး တဂျောက်ဂျောက်နဲ့ ဘယ်နှပတ်ဆိုပြီးတော့ အာရုံရချင်လို့၊ အတိတ်စိမ်းတွေ၊ အတိတ်ကျက်တွေ ရချင်လို့ဆိုရင်၊ အကြားအမြင် ရချင်လို့၊ အထူးအဆန်း အဖြစ်အပျက်တွေ ကြုံတွေ့ချင်လို့ဆိုရင်၊ ရုပ်လှချင်လို့၊ ဝိတ်ကျချင်လို့၊ စီးပွားတက်ချင်လို့၊ ရာထူးတိုးချင်လို့ဆိုရင် နံ့သာဖြင့် ထုံမွှမ်းအပ်သောဘာဝနာ ဖြစ်ပါဦးမလား။ မဖြစ်တော့ဘူး။

သမထဘာဝနာပဲပွားပွား၊ ဝိပဿနာဘာဝနာပဲ

http://www.dhammadownload.com

ပွားပွား အဓိက ရည်ရွယ်ချက်က ကိလေသာငြိမ်းအေးဖို့ပဲ ဖြစ်ရမယ်။ လောဘတွေ ပါးသည်ထက် ပါးသွားအောင်၊ ဒေါသတွေ ပါးသည်ထက် ပါးသွားအောင်၊ ဣဿာ၊ မစ္ဆရိယတွေ ပါးသည်ထက် ပါးသွားအောင်၊ ကိလေသာ အညစ်အကြေးတွေ သန့်သည်ထက် သန့်သွားအောင်၊ ကိလေသာ အရှုပ်အထွေးတွေ ရှင်းသည်ထက် ရှင်းသွားအောင်၊ ကိလေသာ အနောက်အကျူတွေ ကြည်သည်ထက် ကြည်သွားအောင်၊ ကိလေသာ အပူအလောင်တွေ ငြိမ်းသည်ထက် ငြိမ်းသွားအောင် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘာဝနာပွားရမှာ။

သတိ၊ သမာဓိတွေ အားကောင်းချင်လို့ သမထပွားများတာ ဖြစ်ရမယ်။ သတိ၊ ဉာဏ်တွေ အားကောင်းချင်လို့ ဝိပဿနာပွားများတာ ဖြစ်ရမယ်။ အထွတ်အထိပ်ကတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ ဘာဝနာပွားတာ ဖြစ်ရမယ်။ အဲဒါဆိုရင် နံ့သာဖြင့် ထုံမွမ်းအပ်သောဘာဝနာ ဖြစ်သွားပြီ။

အပစာယနဆိုတာ ရိုသေလေးစားတာပေါ့။ကိုယ့်ထက် အသက်၊ သိက္ခာ၊ ဂုဏ်အားဖြင့်ကြီးတဲ့ပုဂ္ဂိုလ်တွေကို ရိုသေလေးစားတာကို အပစာယန လို့ ခေါ်တယ်။ အဲဒါလည်း မုန့်ဖိုးလိုချင်လို့ မိဘဘိုးဘွားကို နှိပ်နယ်ပေးတယ်၊ ပြုစုပေးတယ်ဆိုရင် 'နံ့သာဖြင့်ထုံမွမ်းအပ်သောအပစာ-

http://www.dhammadownload.com

ယန' မဖြစ်တော့ဘူး။ ကိုယ့်အခွင့်အလမ်းတစ်ခုခုကို မျှော်လင့်တောင့်တပြီးတော့ တစ်ဖက်သားအပေါ်မှာ ရှိသေကိုင်းညွတ်ပြနေတယ်ဆိုရင် 'နှံ့သာဖြင့် ထုံမွှမ်းအပ်သော အပစာယန' မဖြစ်တော့ဘူး။

တစ်ဖက်သားရဲ့ သိက္ခာ၊ တစ်ဖက်သားရဲ့ ဂုဏ်အရှိန်အဝါကို ကြည်ညိုလေးစားတဲ့စိတ်နဲ့ မြတ်မြတ်နိုးနိုးရိုသေလေးစားတယ်ဆိုရင် 'နှံ့သာဖြင့်ထုံမွှမ်းအပ်သော အပစာယန' ဖြစ်သွားမယ်။ တစ်ဖက်သားရဲ့ အသက်အရွယ်ကို အသိအမှတ်ပြုတဲ့အနေနဲ့ ရိုသေကိုင်းညွတ်တယ်ဆိုရင် 'နှံ့သာဖြင့်ထုံမွှမ်းအပ်သော အပစာယန' ဖြစ်သွားမယ်။

ပုညကြိယဝတ္ထုဆယ်ပါးကတော့ ပါဠိလိုရော၊ မြန်မာလိုရော အလွတ်ကျက်ထားရမှာနော်။ ကြားဖူးနားဝ ရှိပြီးသားပါ။ ဆိုနေကျ စကားလုံးလေးတွေ များပါတယ်။

အပစာယန ပြီးတော့ ဝေယျာဝစ္စ။ သူတစ်ပါးရဲ့ ကုသိုလ်ကိစ္စတွေမှာ ဝေယျာဝစ္စလိုက်လုပ်တယ်။ မိတ်ဆွေတိုးအောင်၊ ကိုယ့်ရဲ့ စီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေးအတွက် အခွင့်အလမ်းတွေရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဟိုလိုက်ပါ ဒီလိုက်ပါဆိုရင်တော့ 'နှံ့သာဖြင့်ထုံမွှမ်းအပ်သော ဝေယျာဝစ္စ' မဖြစ်ဘူး။

အဲဒီလိုပုဂ္ဂိုလ်တွေလည်း မရှိဘူးလား။ ရှိတယ်

http://www.dhammadownload.com

ဟုတ်လား။ ဩော် . . . ဦးဇင်းက မရှိဘူးထင်တာ။ ရှိလောက်တယ်ထင်ပြီး မှန်းပြောတာ။ တကယ်ရှိနေတာနော်။

တစ်ဖက်သားရဲ့ ကုသိုလ်ကိစ္စ၊ ကုသိုလ်ပွဲ အေးအေးချမ်းချမ်း၊ ပြည့်ပြည့်စုံစုံ အောင်မြင်ထမြောက်သွားစေချင်တဲ့စေတနာ၊ အလှူပေးပုဂ္ဂိုလ်၊ အလှူခံပုဂ္ဂိုလ် စသည်အားဖြင့် ကုသိုလ်ကိစ္စ၊ ကုသိုလ်ပွဲနဲ့ ပတ်သက်သူအားလုံး အဆင်ပြေသွားစေချင်တဲ့မေတ္တာ အခြေခံပြီးတော့ ဝေယျာဝစ္စလုပ်ပေးရင်တော့ 'နံ့သာဖြင့်ထုံမွမ်းအပ်သော ဝေယျာဝစ္စ' ဖြစ်သွားတယ်။ ကိုယ်ကိုယ်တိုင်ပြုတဲ့ကုသိုလ်ကောင်းမှုကို ကိုယ်တိုင်ကိုယ်ကျ စီမံဆောင်ရွက်နေရင်လည်း ဝေယျာဝစ္စ ခေါ်တာပါပဲ။

နောက်တစ်ခုက ပတ္တိဒါန - အမျှဝေတာ။ အမျှဝေမှ သရဲမခြောက်မှာ ဆိုပြီးတော့ သရဲကြောက်လို့ အမျှဝေတာမျိုး၊ အစဉ်အလာအရ ဘာရယ်ညာရယ် မဟုတ်ဘဲ ဘုမသိ ဘမသိ အမျှဝေတာမျိုးဆိုရင်တော့ 'နံ့သာဖြင့် ထုံမွမ်းအပ်သော ပတ္တိဒါန' မဖြစ်တော့ဘူး။

ကိုယ့်ရဲ့ ကုသိုလ်ကောင်းမှုကို သူတစ်ဖက်သားလည်း ထပ်တူထပ်မျှရပါစေ၊ ကိုယ့်ကုသိုလ်ကြောင့် သူတစ်ပါးတို့လည်း ကုသိုလ်ဖြစ်ပါစေဆိုတဲ့ စေတနာနဲ့အမျှအတန်း ပေးဝေမယ်ဆိုရင်တော့ 'နံ့သာဖြင့် ထုံမွမ်းအပ်သော

http://www.dhammadownload.com

ပတ္တိဒါန' ဖြစ်ပါတယ်။

နောက်တစ်ခုက ပတ္တာနုမောဒနာ - သူတစ်ပါးရဲ့ ကုသိုလ်ကောင်းမှုကို ဝမ်းမြောက်ဝမ်းသာနဲ့ သာဓုခေါ်တာ။ သာဓု သာဓု သာဓုလို့ ပါးစပ်က ထုတ်မခေါ်လည်းပဲ စိတ်ထဲကနေ ဝမ်းမြောက်ဝမ်းသာဖြစ်နေတာကို ပတ္တာနုမောဒနာလို့ ခေါ်ပါတယ်။

လူမှုရေးသဘောအရ မလွှဲသာ မရှောင်သာ ဟန်လုပ်ပြီး သာဓုခေါ်တာမျိုး၊ လှူတာမလို၊ လှူတာမကြိုက် အရွဲ့တိုက်ပြီး သာဓုခေါ်တာမျိုးဆိုရင်တော့ 'နှံ့သာဖြင့် ထုံမွှမ်းအပ်သော ပတ္တာနုမောဒနာ' မဖြစ်တော့ဘူး။

'ကိုယ်တိုင်လုပ်မှ မဟုတ်ပါဘူး၊ သူများလုပ်တာ သာဓုခေါ်ရင်လည်း ကုသိုလ်ထပ်တူရတာပဲ' ဆိုပြီးတော့ ကိုယ်တိုင် တစ်ပြားတစ်ချပ်မှ မလှူဘဲနဲ့ သူများ လှူတာတွေချည်းပဲ ထိုင်သာဓုခေါ်နေတယ်ဆိုရင်လည်း 'နှံ့သာဖြင့် ထုံမွှမ်းအပ်သော ပတ္တာနုမောဒနာ' . . . မဖြစ်နိုင်တော့ဘူးနော်။ ကောက်ကျစ်တဲ့သဘောပဲ။

ကိုယ်ကိုယ်တိုင်လည်း ကုသိုလ်ကောင်းမှုတွေပြု ကိုယ်ပြုရုံနဲ့ အားမရဘဲနဲ့ သူများပြုနေတာတွေကိုလည်း ကိုယ်တိုင်ပြုနေရသလို ခံစားပြီးတော့ ဝမ်းမြောက်ဝမ်းသာနဲ့ လိုလိုလားလား သာဓုခေါ်မှ 'နှံ့သာဖြင့် ထုံမွှမ်းအပ်သော

http://www.dhammadownload.com

ပတ္တာနုမောဒနာ' ဖြစ်ပါတယ်။

နောက်တစ်ခုက ဓမ္မဿဝန - တရားနာတာ။ သူများကို ပြန်ပြီးတော့ ဆရာလုပ်ချင်လို့၊ လူဘုံအလယ်မှာ ပြင်းချင်ခုံချင်လို့၊ သိကြောင်းတတ်ကြောင်း ကြွားချင်ဝါချင်လို့၊ တစ်ဖက်သားကို အနိုင်ယူချင်လို့ . . . စတဲ့ ရည်ရွယ်ချက်ဆိုးနဲ့ တရားနာတာဆိုရင်တော့ 'နှံ့သာဖြင့် ထုံမွမ်းအပ်သော ဓမ္မဿဝန' မဖြစ်တော့ဘူး။

ကိုယ်ကိုယ်တိုင် သိချင်လို့၊ ကျင့်ချင်လို့၊ လိုက်နာချင်လို့ တရားနာတာ၊ သူတစ်ပါးကို လက်ဆင့်ကမ်း ဖြန့်ဝေပေးချင်လို့၊ ပညာပါရမီ ဖြည့်ချင်လို့ တရားနာတာဆိုရင်တော့ 'နှံ့သာဖြင့် ထုံမွမ်းအပ်သော ဓမ္မဿဝန' ဖြစ်သွားပါတယ်။

အခုလို တရားနာတာမှ ဓမ္မဿဝန မဟုတ်ဘူးနော်။ တရားစာအုပ်တွေ ဖတ်တာလည်း ဓမ္မဿဝနပါပဲ။ ကိုယ်နဲ့ နီးစပ်တဲ့ပုဂ္ဂိုလ်က အခြေအနေနဲ့ လိုက်လျောညီထွေစွာ တရားသဘောလေးတွေ၊ သဘောတရားလေးတွေ စေတနာနဲ့ ပြောပြတာကို နားထောင်နေတာလည်း ဓမ္မဿဝနပါပဲ။

■

http://www.dhammadownload.com



## စိတ်ထားမှန်မှ စိတ်မှန်ထားနိုင်မယ်

နောက်တစ်ခုက ဓမ္မဒေသနာ - တရားဟောတာ။ ကိုယ်သိတဲ့ တရားစကားကို သူများကို ထပ်ဆင့်ပြန်လည် ပြောပြတာပေါ့။ အခုလို ပလ္လင်ပေါ်တက်ပြီး ဟောမှ တရားဟောတာ မဟုတ်ပါဘူး။ ကိုယ်သိတဲ့ တရားဗဟုသုတလေးတွေ သူများကို ပြောပြတယ်။ တမင်ကြီး ပြောပြတာ မဟုတ်တောင်မှ အခြေအနေ အချိန်အခါနဲ့ လိုက်လျောညီထွေစွာ ကြုံရင်ကြုံသလို ပြောပြတယ်။ ဒါ ဓမ္မဒေသနာကုသိုလ်ပဲ ပေါ့။

ဦးဇင်းတို့ သူဌေးကြီး ဦးမင်္ဂလာအကြောင်း . . . ရဟန်းဒကာ၊ ကျောင်းဒကာကြီး ဦးရှိန်ဝင်းကိုလည်း ပြောပြ

http://www.dhammadownload.com

ဖူးတော့ သူက မှတ်ထားတယ်။ မှတ်ထားပြီးတော့ အခွင့်ကြုံ တဲ့အခါကျရင် သူများကို ပြန်ပြောပြတယ်။

သိပ်မကြာခင်က ဒကာကြီးရဲ့ သူငယ်ချင်းတစ်ယောက်က ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ မုခ်ဦးလှူတာပေါ့။ ကျောင်းအဝင်မုခ်ဦး လှူတော့ အင်ဂျင်နီယာ အချိုးမပြေတာနဲ့ မုခ်ဦးက သေးသေးလေး ဖြစ်နေတယ်။ ပုံစံကလည်း မလှမပ။ သူစီစဉ်ထားတဲ့အတိုင်း ဖြစ်မလာဘူး။ ဖြစ်မလာတော့ ဒေါသတွေ ပေါက်ကွဲ။ အင်ဂျင်နီယာကို စိတ်တို၊ လက်သမားပန်းရန်ကို စိတ်တို၊ ဘုန်းကြီးကို စိတ်တို။

သူ့မုခ်ဦး မကောင်းတာနဲ့ စိတ်တို၊ ဒေါသတွေ ဖြစ်နေတာ။ အကုသိုလ်တွေ ဖြစ်နေတာ။ ကုသိုလ်လုပ်ရင်း အကုသိုလ်တွေ ဖြစ်နေတာ။ ကုသိုလ်လုပ်တာ စိတ်မကြည်ဘဲ စိတ်နောက်နေတယ်။ စိတ်နောက်နေတယ်ဆိုရင် မုခ်ဦးမကလို့ ဘာပဲလှူလှူ ကုသိုလ်မရဘူးလို့ ပြောရမှာပဲ။ စိတ်ကြည်နေမှ၊ စိတ်အေးနေမှ ကုသိုလ်လို့ ခေါ်တာကိုး။

အဲဒါနဲ့ ဒကာကြီး ဦးရှိန်ဝင်းက ဒီ ဦးမင်္ဂလာ သူဌေးကြီးအကြောင်း . . . ပြောပြတယ်။ ဂန္ဓကုဋိကျောင်းဆောင်ကြီး သူ့ခိုးက မီးရှို့လိုက်တော့ ‘နောက်ထပ်လှူရတော့မှာပဲ’ ဆိုပြီးတော့ လက်ခမောင်းခတ်တယ်ဆိုတဲ့အကြောင်း

http://www.dhammadownload.com

ပြောပြတော့ ဟိုဒကာကြီး စိတ်ပြောင်းသွားတယ်။

နားလည်ပါပြီ၊ သဘောပေါက်ပါပြီ ဆိုပြီးတော့ မျက်နှာကိုက ချက်ချင်းပြောင်း၊ မျက်နှာတွေ ကြည်လင်ပြုံးရွှင်၊ ဒေါသတွေ ငြိမ်းအေးပြီးတော့ အရင်မုခ်ဦးနဲ့ ပတ်သက်လို့လည်း ဒေါသတွေ အဖြစ်မခံတော့ဘူး။ ကိုယ့်စေတနာကတော့ ကောင်းအောင်လုပ်တာပဲ၊ စီစဉ်တဲ့သူတွေက အဆင်မပြေလို့သာ မကောင်းဖြစ်သွားတာကိုး။

အဲဒါနဲ့ အရင်ဆောက်ပြီးသား မုခ်ဦးထက် ပိုပြီးကောင်းတဲ့၊ ပိုပြီးတော့ ခမ်းနားကြီးကျယ်တဲ့ မုခ်ဦးကြီးအသစ်တစ်ခု အဲဒီကျောင်းမှာပဲ တခြားနေရာတစ်နေရာမှာ ထပ်ပြီးတော့ ဆောက်လိုက်ပါတယ်။ စိတ်ထားတတ်တော့ စိတ်လည်းချမ်းသာ၊ ကုသိုလ်တွေလည်း နှစ်ဆမက တိုးသွားတာပေါ့။

အဲဒီလို စိတ်ထားတတ်အောင် ဘယ်သူက ပြောပေးလိုက်တာလဲဆိုရင် ဒကာကြီးဦးရှိန်ဝင်းက ပြောပေးလိုက်တာ။ ဒါ ဓမ္မဒေသနာကုသိုလ်ပဲနော်။ အခြေအနေ၊ အချိန်အခါနဲ့ အံဝင်ခွင်ကျလေး အဲဒီလို ပြောတတ်ဖို့ အရေးကြီးပါတယ်။

သောကဖြစ်နေတဲ့ လူတစ်ယောက်ကို သောကငြိမ်းအောင် ဖြစ်နေတဲ့အခြေအနေနဲ့ လိုက်လျောညီထွေစွာ

http://www.dhammadownload.com

ပြောပေးတတ်ရမှာပေါ့။ သေသူကြောင့် သောကဖြစ်နေတယ်ဆိုရင် သေခြင်းတရားနဲ့ ပတ်သက်တာလေးတွေ၊ ခွဲခွာခြင်းနဲ့ ပတ်သက်တာလေးတွေ သဘောတရားနဲ့ သာဓကနဲ့ ပြောပြရမှာပါ။

စီးပွားပျက်လို့၊ ပစ္စည်းဥစ္စာ ကုန်ခန်းလို့ သောကဖြစ်နေတဲ့ ပုဂ္ဂိုလ်ဆိုရင်လည်း မတည်မြဲတဲ့သဘောလေးတွေ၊ ပစ္စည်းဥစ္စာနဲ့ ရန်သူမျိုးငါးပါး အမြဲဆက်ဆံနေတဲ့ သဘောလေးတွေ စသည်အားဖြင့် သာဓကလေးတွေ ဘာလေးတွေနဲ့ ပြောပြပေါ့။

ရာထူးကျနေလို့၊ ရာထူးပြုတ်လို့ စိတ်ဒုက္ခဖြစ်နေတဲ့သူတွေနဲ့ တွေ့ရင်လည်း ရာထူးရဲ့ သဘောသဘာဝလေးတွေ၊ မှန်ကင်းတစ်လှည့် ထင်းတစ်လှည့် ဖြစ်တတ်ပုံတွေ ပြောပြပြီးတော့ သောကငြိမ်းအောင် လုပ်ပေးရမှာပါပဲ။

ကိုယ်ပြောပြပေးလိုက်လို့ တစ်ဖက်သား သောကငြိမ်းသွားတယ်ဆိုရင် ကိုယ့်မှာလည်း ဓမ္မဒေသနာကုသိုလ်ဖြစ်သွားပါတယ်။

ငြိမ်းမှ မဟုတ်ပါဘူး။ တစ်ဖက်သား သောကငြိမ်းငြိမ်း မငြိမ်းငြိမ်း၊ ကိုယ်က သောကငြိမ်းစေချင်တဲ့ စေတနာမေတ္တာနဲ့ သောကငြိမ်းအောင် ပြောပြတယ်ဆိုရင် ကိုယ့်မှာ

http://www.dhammadownload.com

လောလောဆယ် ဓမ္မဒေသနာကုသိုလ် ရသွားတာပါပဲ။ ကိုယ်ဘယ်လောက်ပြောပြော၊ တစ်ဖက်သားမှာ စိတ်ထား မတတ်ရင်တော့ သောကငြိမ်းချင်မှ ငြိမ်းမှာပေါ့။

ကိုယ်သိကြောင်း၊ တတ်ကြောင်း ကြွားချင်ဝါချင်လို့၊ သူများကို ဆရာကြီးလုပ်ချင်လို့၊ သူများကို နှိမ်ချင်လို့၊ တရားဟောခ ဓမ္မပူဇာ လိုချင်လို့၊ လာဘ်လာဘ ပေါများချင်လို့၊ ထင်ပေါ်ကျော်ကြားချင်လို့ ပြောတာ၊ ဟောတာဆိုရင်တော့ 'နံ့သာဖြင့် ထုံမွမ်းအပ်သော ဓမ္မဒေသနာ' မဖြစ်တော့ပါဘူး။

တစ်ဖက်သား သိပါစေ၊ အသိဉာဏ် တိုးပွားပါစေ၊ သိတဲ့အတွက် ကျင့်နိုင်ပါစေ၊ စိတ်ချမ်းသာပါစေ၊ သောကတွေ ငြိမ်းပါစေ၊ ဆင်းရဲတွေ ကင်းပါစေ၊ ဘေးအန္တရာယ်တွေ ရှင်းပါစေ၊ ကုသိုလ်တရားတွေ တိုးပွားပါစေ၊ ပါရမီတွေ ဖြည့်နိုင်ပါစေ၊ တရားထူးတရားမြတ်တွေ ရပါစေ၊ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ပါစေ ဆိုတဲ့ မေတ္တာစေတနာ သန့်သန့်လေးနဲ့ တရားစကားလေးတွေ ပြောပြပေးတယ်၊ ဟောပြပေးတယ် ဆိုရင်တော့ 'နံ့သာဖြင့်ထုံမွမ်းအပ်သော ဓမ္မဒေသနာ' ဖြစ်သွားပါတယ်။

ဓမ္မစာပေ ရေးသားတာဟာလည်း ဓမ္မဒေသနာ ကုသိုလ်ပါပဲ။ တရားစာ ရေးတာနဲ့ တရားဟောတာ အတူ

http://www.dhammadownload.com

တူပဲပေါ့။ သိစေချင်၊ ကျင့်စေချင်လို့ ရေးတယ်၊ ငြိမ်းစေချင်၊ အေးစေချင်လို့ ရေးတယ်၊ ပညာပါရမီ ဖြည့်ချင်လို့ ရေးတယ်ဆိုရင် 'နံ့သာဖြင့်ထုံမွမ်းအပ်သော စေ့ဒေသနာ' ဖြစ်သွားပါတယ်။

နောက်တစ်ခုက ဒိဋ္ဌိဇုကမ္မ-အယူဖြောင့်မှန်တာ။ မင်းတို့က မိစ္ဆာဒိဋ္ဌိ၊ ငါတို့ကမှ သမ္မာဒိဋ္ဌိ ဆိုပြီးတော့ သူများကို နှိမ့်ချချင်တဲ့ စေတနာ၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီး ဘဝင်မြင့်တဲ့ မာန်မာနနဲ့ အယူဖြောင့်မှန်တာဆိုရင် 'နံ့သာဖြင့် ထုံမွမ်းအပ်သော ဒိဋ္ဌိဇုကမ္မ' မဖြစ်တော့ဘူး။

ကိုယ့်ရဲ့ ဘဝလမ်းကြောင်း မတိမ်းစောင်းအောင်၊ ကိုယ့်ရဲ့ သံသရာခရီး ဖြောင့်တန်းအောင်၊ မဂ်ဖိုလ်နိဗ္ဗာန်နဲ့ တည့်အောင်၊ မကောင်းမှုရှောင် . . . ကောင်းမှုဆောင်ဖြစ်အောင်၊ စိတ်ဖြူစင်သည်ထက်ဖြူစင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အယူဖြောင့်မှန်နေတာ ဆိုရင်တော့ . . . 'နံ့သာဖြင့် ထုံမွမ်းအပ်သော ဒိဋ္ဌိဇုကမ္မ' ဖြစ်သွားပါပြီ။

ကုသိုလ်ဘယ်နှမျိုးတုံး။ ဆယ်မျိုး။

ဒါ နေ့တိုင်း ပြန်စစ်ရမှာနော်။ ဒီဆယ်မျိုးထဲက ဒီနေ့ ငါ ဘာကုသိုလ်များ လုပ်ပြီးပြီလဲ။ ဘာကုသိုလ်များ ကျန်နေသေးလဲ စသည်အားဖြင့်ပေါ့။

နေ့စဉ်နေ့တိုင်း ဆယ်မျိုးလုံးတော့လည်း စုံချင်မှ

http://www.dhammadownload.com

စုံမှာပေါ့လေ။ ကိုယ့်နားလေးမှာ တရားဟောစရာလူ မရှိရင် ဘယ်လိုလုပ်မတုံး။ တစ်ယောက်တည်း ဟောပေါ့။ နတ်တွေ ပင့်ပြီးတော့ မေတ္တာသုတ်လေးရွတ်ပေးမယ်ဆိုရင်ရော မရဘူးလား။ ဒါလည်း ဓမ္မဒေသနာ - တရားဟောကုသိုလ်ပဲ နော်။

မေတ္တာသုတ် ရွတ်တာလည်းပဲ ကိုယ်စီးပွားတက်အောင်၊ လာဘ်ရွှင်အောင်၊ လူချစ်လူခင်ပေါ်များအောင်၊ လိုအင်ဆန္ဒ ပြည့်ဝအောင် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရွတ်တယ်ဆိုရင် 'နုံ့သာဖြင့် ထုံမွှမ်းအပ်သော ပရိတ်ရွတ်ခြင်း' ဖြစ်ပါဦးမလား။ မဖြစ်တော့ဘူး။

'နံ့သာဖြင့် ထုံမွှမ်းအပ်သော' မဖြစ်တာသာ ပြောတာနော်။ အဲဒီရည်ရွက်ချက်တွေနဲ့ မရွတ်ရဘူးလို့ မဆိုလိုပါဘူး။ ဘာရည်ရွယ်ချက်နဲ့ပဲရွတ်ရွတ် မေတ္တာသုတ်ကတော့ ရွတ်သင့်တာပါပဲ။ ဒါပေမဲ့ ရွတ်နေဆဲစိတ်ကို အရည်အသွေး အကောင်းဆုံးဖြစ်အောင် ရည်ရွယ်ချက်မြင့်မြင့် ထားလိုက်ပေါ့။

မေတ္တာသုတ်လေး ရွတ်တယ်. . ။ နတ်တွေ ပင့်ပြီးတော့ နတ်တွေ နာကြပါစေ။ သူတို့ဘာသာသူတို့ဆို နာဖို့ မလွယ်ဘူး။ လူက ရွတ်ပေးမှ သူတို့ နာရတယ်။

နာရရုံတွင်မကဘူး။ မေတ္တာသုတ်ကလည်း ပါဠိနဲ့

http://www.dhammadownload.com

မေတ္တာပို့ထားတာဆိုတော့ မြတ်စွာဘုရားရဲ့နှုတ်တော်ထွက် ပါဠိတော်ထဲကနေ တစ်ဆင့် မေတ္တာဓာတ်တွေ ရကြပါစေ။ နတ်တွေလည်း မေတ္တာဓာတ် ရကြပါစေ၊ ပြိတ္တာတွေလည်း မေတ္တာဓာတ် ရကြပါစေ။ သတ္တဝါအားလုံးပေ့ါလေ။ လူတွေ၊ တိရစ္ဆာန်တွေ အပါအဝင် သတ္တဝါအားလုံး မြတ်စွာဘုရား ရဲ့ မေတ္တာဓာတ်တွေပါ စိမ့်ဝင်ပျံ့နှံ့နေတဲ့ မြတ်စွာဘုရားရဲ့ နှုတ်တော်ထွက် ပါဠိတော်ကနေတစ်ဆင့် မြတ်စွာဘုရားရဲ့ မေတ္တာဓာတ်တွေ ရကြပါစေဆိုတဲ့ မေတ္တာဓာတ်ကလေးနဲ့ မေတ္တာသုတ်ရွတ်မယ်ဆိုရင် မေတ္တာသုတ်ရွတ်နေတာကိုက ဓမ္မဒေသနာကုသိုလ်လည်း ဖြစ်တယ်နော်။

စိတ်ထဲကနေ မေတ္တာဓာတ်တွေ ပို့လွှတ်နေတယ်၊ ရွတ်တဲ့ ပါဠိနောက်ကို ဉာဏ်လေးက၊ အသိလေးက အစဉ် လိုက်ပြီးတော့ မေတ္တာဓာတ်လေးတွေပါ ပွားနေတယ်ဆိုရင် တော့ မေတ္တာဘာဝနာ ပွားပြီးသားဖြစ်လို့ ဘာဝနာကုသိုလ် လည်း ရောပါသွားတာပါပဲ။

အဲဒီလိုအားဖြင့် ဘာကုသိုလ်ကောင်းမှုပဲ ပြုပြု ဘယ်လိုကောင်းမှု ဖြစ်ရမှာတဲ့တုံး။ 'နှံ့သာဖြင့် ထုံမွမ်းအပ် သောကောင်းမှု' ဖြစ်ရမှာနော်။ ဒါ့ကြောင့် ပြန်ဆိုလိုက်ပါ။

ကောင်းမှုတိုင်းမှာ၊ မွှေးနှံ့သာ၊ ပျံ့ကာသင်းရမည်။

■

http://www.dhammadownload.com



## အဆိုးမရောက်ရင် အဆိုးဖျောက်ပေးရတဲ့ကုသိုလ်မရနိုင်ပါ

ကိုယ်ပြုလိုက်သမျှ ကုသိုလ်ကောင်းမှုတိုင်း 'နံ့သာဖြင့် ထုံမွမ်းအပ်သော ကုသိုလ်ကောင်းမှု' ဖြစ်ဖို့ လိုအပ်သလို ဘယ်အဖြစ်အပျက်နဲ့ပဲ တွေ့တွေ့၊ ဘယ်အာရုံနဲ့ပဲ ကြုံကြုံ ကုသိုလ်ကောင်းမှုဖြစ်အောင်လည်း ကြိုးစားရမယ်။ တွေ့ကြုံသမျှ အဖြစ်အပျက်တိုင်း၊ အာရုံတိုင်းဟာလည်း ကိုယ့်အတွက်တော့ 'နံ့သာဖြင့် ထုံမွမ်းအပ်သော အဖြစ်အပျက်'၊ 'နံ့သာဖြင့် ထုံမွမ်းအပ်သောအာရုံ' ဖြစ်ရမယ်။

ဘယ်အဖြစ်အပျက်ကို အကြောင်းပြုပြီးတော့ပဲ ဖြစ်ဖြစ် ကုသိုလ်ကောင်းမှုဖြစ်အောင် လုပ်ရမယ်။ ဆိုးတဲ့အဖြစ်အပျက်နဲ့ပဲကြုံကြုံ၊ ကောင်းတဲ့အဖြစ်အပျက်နဲ့ပဲ ကြုံ

http://www.dhammadownload.com

ကြုံ၊ ကြုံလာတဲ့ အဖြစ်အပျက်ကနေ ကုသိုလ် ထွက်ကိုထွက် ပေါ်လာရမယ်။ တရားအသိ ထွက်ကို ထွက်ပေါ်လာရမယ်။ သူတော်ကောင်းတရား၊ သူတော်ကောင်းဓာတ် ထွက်ကို ထွက်ပေါ်လာရမယ်။

သူဌေးကြီး ဦးမင်္ဂလာရဲ့ အဖြစ်အပျက်နဲ့ ဆက်စပ်ပြီးတော့ ကိုယ့်အဖြစ်အပျက်လေး ပြောရမယ်ဆိုရင် . . .

တောင်ပေါ်မှာ ဦးဇင်းတို့ နဂိုသီတင်းသုံးနေတဲ့ ကျောင်းလေးက ကျဉ်းလည်း ကျဉ်း၊ ခြတွေကလည်း စာအုပ်တွေ အကုန်လုံးနီးပါး လျှောက်ကိုက်စားတော့ ဘယ်လိုမှ ဆက်သီတင်းသုံးလို့ မဖြစ်တော့ဘူး။ ကျောင်းကလည်း ကျဉ်း၊ ဧည့်သည်ကလည်း များတဲ့အခါကျတော့ ဒီနေရာမှာပဲ အိပ်၊ ဒီနေရာမှာပဲ ဧည့်သည်တွေက ထိုင်ဆိုတော့ အဆင်မပြေဘူးလေ။

အဲဒါနဲ့ နဂိုကျောင်းဟောင်းဘေးနားက တောင်စောင်းပေါ်မှာ ကျောင်းဆောင်အသစ်တစ်ခု ဆောက်နေရပါတယ်။ တန်ဆောင်မုန်းလပြည့်ကျော်လောက် ဆိုရင်တော့ ရေစက်ချဖြစ်တော့မှာပါ။ ကျောင်းဆောက်နေတော့ အင်ဂျင်နီယာတွေကလည်း အနီးကပ်လာပြီးတော့ ကြီးကြပ်ကြရတာပေါ့။

အခုနောက်ဆုံး ကြီးကြပ်နေတဲ့ အင်ဂျင်နီယာ

http://www.dhammadownload.com

ဒကာလေးက တစ်နေ့တော့ ဦးဇင်းတို့သီတင်းသုံးနေတဲ့ တောင်ကြောနဲ့ တစ်ကြောတည်း၊ မြသပိတ်တောင်ဘေးက ဘုရားငါးဆူတောင်ကို သွားတယ်။

ဘာလို့ သွားတာလဲဆိုတော့ အဲဒီ ဘုရားငါးဆူ တောင်က ဆရာတော်ဘုရားက တစ်ညနေမှာ ဦးဇင်းတို့ တောင်ပေါ်ကို ကြွလာတာပေါ့။ ကြွလာတော့ ဦးဇင်းတို့ တောင်ကလည်း တောင်စောင်းဆိုတော့ မြေပြန့်က မရှိဘူး။ တောင်စောင်းကိုပဲ ဟိုဖြို ဒီဖို့နဲ့ ကျောက်တွေစီပြီးတော့၊ မြေလေးညီအောင် လုပ်ပြီးတော့ ကျောင်းဆောက်ရ၊ အတက်အဆင်းလှေကားတွေ လုပ်ရ၊ သစ်ပင်ပန်းပင်တွေ စိုက်ရတာပေါ့။

ဘုရားငါးဆူတောင် ဆရာတော်ဘုရားက . . . ကျောက်စီထားတာတွေ လိုက်ကြည့်ပြီးတော့ 'တပည့်တော် ကျောင်းက ဦးဇင်းလေးတွေက ကျောက်စီတဲ့နေရာမှာ တော့ အိတ်စပတ်ပဲ' တဲ့။ ကျွမ်းကျင်တယ်ပေါ့။ 'ကျောင်းက ဦးဇင်းတွေက နေ့တိုင်း ကျောက်စီနေတာဆိုတော့ ကျောက် စီတာ တော်တော်ကျွမ်းကျင်တယ်' တဲ့။

'ဒါဆို မနက်ဖြန်ကျရင် အဲဒီကျောင်းကို သွားပြီး တော့ ကျောက်စီတာ သွားလေ့လာပါ' လို့ ဦးဇင်းက အင်-ဂျင်နီယာဒကာလေးကို ပြောလိုက်တယ်။ 'အဲဒီမှာ သွား

http://www.dhammadownload.com

လေ့လာ၊ ကောင်းတဲ့နည်းစနစ်ကို ယူပြီးတော့ ဒီမှာကျောက် စီတာကို ပြုပြင်ပါ' လို့။

နောက်တစ်နေ့ကျတော့ အဲဒီအင်ဂျင်နီယာဒကာ လေးက ဘုရားငါးဆူတောင်ကို သွားပြီးတော့ ကျောက်စီ တာကို လေ့လာတာပေါ့။ ဟိုကဆရာတော်ဘုရားက 'ဒီက နောက်ပြီး ပြောလိုက်တာ တကယ်လာပြီး လေ့လာတယ်' တဲ့။ အင်ဂျင်နီယာဒကာလေးက ပြောတော့ 'ရွှေပါရမီမှာ စီထားတာလောက်တောင် မကောင်းပါဘူး' တဲ့။ ဘုရား ငါးဆူဆရာတော်ကိုတော့ သွားမပြောနဲ့နော်။

အဲဒီ အင်ဂျင်နီယာဒကာလေးက သူ့အမြင်နဲ့သူ ပြောတာ ဖြစ်မှာပါ။ ဘုရားငါးဆူမှာ ကျောက်စီထားတာ တွေ အထူးကောင်းလောက်ပါတယ်။ တောင်စောင်းအနေ အထားချင်း မတူတော့ ကျောက်စီပုံ အနေအထားလည်း ကွဲပြားမှာပေါ့။ မကောင်းဘဲနဲ့တော့ ဘုရားငါးဆူတောင် ဆရာတော်ဘုရားက သူ့တပည့်တွေကို ဘယ်ချီးမွမ်းပါ့မလဲ။ ကောင်းလို့သာ ချီးမွမ်းတာပါ . . . နော်။

အင်ဂျင်နီယာ ဒကာလေးက ဘုရားငါးဆူတောင် ကိုလည်း ရောက်ရော ဘုရားငါးဆူက ဘယ်လိုကြိုဆိုလိုက် သလဲဆိုတော့ ခွေးကိုက်လွှတ်လိုက်တယ်။ သားပေါက်နေ တဲ့ ခွေးမကြီးက တစ်ခါတည်း အဲဒီအင်ဂျင်နီယာကို ကိုက်

http://www.dhammadownload.com

လွှတ်လိုက်တာ အသားကို တော်တော်ပဲ့သွားတယ်။

နောက်တစ်နေ့ တောင်ပေါ် တက်လာတော့ ခြေထောက် စည်းထားတာမြင်တာနဲ့ ဘာဖြစ်တာတုံးလို့ မေးတော့ မနေ့က ဘုရားငါးဆူတောင်မှာ ခွေးကိုက်လို့တဲ့။ ဆေးတွေဘာတွေ မထိုးဘူးလားဆိုတော့ မထိုးဘူးတဲ့။ ဆေးကလည်း တစ်လုံးတစ်လုံး ဈေးအရမ်းကြီးတယ်ပေါ့လေ။ အဲဒါနဲ့ . . . အဲဒီလို မလုပ်ပါနဲ့။ ဆေးထိုးပါ။ ဆေးအတွက် ဦးဇင်းလှူပါ့မယ်။

ဆေးကလည်းပဲ ခွေးရူးကာကွယ်ဆေးပေါ့လေ။ တစ်လုံးကို တစ်သောင်းကျော်ဆိုတော့ လေးလုံးဆိုတော့ လေးသောင်းကျော်ပေါ့လေ။ ငါးသောင်းအတိအကျ ကျတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ ဦးဇင်းက နဝကမ္မ ငါးသောင်း လှူလိုက်ပါတယ်။ နဝကမ္မကိုင်ထားတဲ့ ဒကာကို လှမ်းပြီးတော့ အကြောင်းကြားပေးလိုက်တာပေါ့။

'ခွေးရူးကာကွယ်ဆေးထိုးဖို့အတွက် နဝကမ္မ ကျပ်ငါးသောင်း ဦးဇင်း လှူပါတယ်' လို့ ပြောပြီးတော့ ဦးဇင်းက ပါးစပ်က အငြိမ်မနေဘူး။ ပြောလိုက်သေးတယ်။ သူ့နာမည်က အောင်မျိုးခိုင် တဲ့။

'ဒကာ အောင်မျိုးခိုင် ခွေးကိုက်ခံရတာ ဦးဇင်း အရမ်းဝမ်းသာတယ်'

http://www.dhammadownload.com

သူ ခွေးကိုက်ခံရလို့ ကိုယ်ဆေးလှူရတာ မဟုတ်လား။ သူများခွေးကိုက်ခံရလို့ နာသွားတာကို ကြည့်ပြီးတော့ မကောင်းတဲ့စိတ်နဲ့ ဝမ်းသာတာ မဟုတ်ဘူးနော်။ ဆေးလှူရလို့ ဝမ်းသာတာ။ ဆေးကလည်း ရိုးရိုးဆေး မဟုတ်ဘူး။ ခွေးရူးပြန်ကာကွယ်ဆေး။ တခြားဆေးလှူဖူးပေမယ့် ဒီဆေးတော့ ကိုယ်လည်း တစ်ခါမှ မလှူဖူးဘူးလေ။

'ဒကာအောင်မျိုးခိုင် ခွေးကိုက်ခံရတာ ဦးဇင်း အရမ်းဝမ်းသာတာပဲ။ ဒီနေ့တော့ ဆေးအလှူ ငါးသောင်းဖိုးတောင် လှူရပြီ၊ တစ်ခါမှ မလှူဖူးသေးတဲ့ဆေး လှူရလို့ ပိုဝမ်းသာတယ်။ ဒကာအောင်မျိုးခိုင်သာ ခွေးကိုက်မခံရရင် ခုလို ဆေးအလှူ လှူဖြစ်မှာ မဟုတ်ဘူး'

လို့ပြောရတယ်။ သူကလည်း ရယ်ပြီး သဘောတွေကျနေတာပဲ။

သုမင်္ဂလသူဌေးကြီးရဲ့ စိတ်ထားလေးနဲ့ သွားမတူဘူးလား။ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ဖော်ပြီး ပြောတာတော့ မဟုတ်ဘူးနော်။ စကားဆက်စပ်သွားလို့ သတိရလို့။ ကျင့်သုံးချင်သူအတွက်လည်း နမူနာလေး ရအောင်လို့ပါ။

တရားနာပရိသတ်များရဲ့ ဘဝမှာလည်း ဒီလို အဖြစ်အပျက်တွေ ရှိမှာပါပဲ။ ဘယ်အဖြစ်အပျက်မဆို ကုသိုလ်ကောင်းမှုဖြစ်ရမယ်။ ကြုံတွေ့သမျှ အဖြစ်အပျက်

http://www.dhammadownload.com

တိုင်းဟာ 'နံ့သာဖြင့် ထုံမွမ်းအပ်သော အဖြစ်အပျက်' ဖြစ်ရမယ်။

ဘာအဖြစ်အပျက်ပဲ တွေ့လိုက်တွေ့လိုက် အဲဒီအဖြစ်အပျက်ထဲကနေ ကုသိုလ်ကောင်းမှု ရအောင် ယူကိုယူရမယ်။ အဲဒီအဖြစ်အပျက်ကြောင့် ကုသိုလ်အနှစ်၊ သူတော်ကောင်းတရားအနှစ် ရကို ရလိုက်ရမယ်။ သဘောပေါက်ပါတယ်နော်။ ခွေးကိုက်ခံရတာနဲ့ ဆေးလှူရတာကိုသာ မှတ်ထားလိုက်ပါ။

ချဉ်တဲ့ သံပရာသီး လက်ထဲရောက်လာလို့ ဘာမှစိတ်ညစ်စရာ မလိုပါဘူး။ အရည်ညှစ်၊ သကြားနဲ့ ရောပြီး သံပရာရည် ဖျော်သောက်လိုက်ရုံပါပဲ။ ကိုယ့်လက်ထက်မှာသာ သကြားအလုံအလောက်ရှိနေရင် ဘယ်လောက်ချဉ်တဲ့ သံပရာသီးပဲဖြစ်ဖြစ် လာခဲ့၊ အရသာရှိတဲ့သံပရာရည်အဖြစ် ပြောင်းလဲပစ်လိုက်လို့ ရပါတယ်။

အဲဒီလိုပါပဲ. . .၊ ကိုယ့်စိတ်ထဲမှာသာ 'စိတ်ထားကောင်း' ဆိုတဲ့ သကြား အလုံအလောက်ရှိနေမယ်ဆိုရင် ဘယ်လောက်ဆိုးတဲ့ အဖြစ်အပျက်ပဲဖြစ်ဖြစ်၊ လာခဲ့၊ 'စိတ်ထားကောင်း' နဲ့ ရောသမမွှေပြီး ကုသိုလ်သံပရာရည်ဖျော်သောက်ပစ်လိုက်ရုံပါပဲ။ ပါရမီသံပရာရည်၊ ဝိပဿနာသံပရာရည်၊ မဂ်ဖိုလ်သံပရာရည်၊ နိဗ္ဗာန်သံပရာရည် ဖျော်

http://www.dhammadownload.com

သောက်ပစ်လိုက်ရုံပါပဲ။

'စိတ်ထားကောင်း' နဲ့ 'စိတ်ကောင်းထား' နိုင်တဲ့သူ အားလုံးအတွက် အဆိုးမှန်သမျှဟာ ကောင်းဖို့ ဖြစ်လာတာ ချည်းပါပဲ။ အဆိုးရှိလို့ အဆိုးကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ စွမ်းရည်သတ္တိ ပေါ်ထွက်လာတာပါ။ အဆိုးရောက်နေသူ တွေရှိလို့ အဆိုးဖျောက်ပေးရတဲ့ကုသိုလ် ရနေတာပါ။ ကြည့် တတ်တဲ့ မျက်စိသာရှိရင် အဆိုးတိုင်းရဲ့ နောက်မှာ အ ကောင်း ကပ်ပါနေတာကို မြင်တွေ့နိုင်ပါတယ်။

ဘယ်အဖြစ်အပျက်ကိုမဆို 'ယောနိသော မန- သိကာရ' ဆိုတဲ့ 'စိတ်ထားကောင်း' လေးနဲ့သာ 'စိတ်ကောင်း ထား' ပြီး တုံ့ပြန်လိုက်ပါ။ စိတ်ချမ်းသာစရာတွေ တသီတ တန်းကြီး ထွက်ပေါ်လာပါလိမ့်မယ်။ ကုသိုလ်ကောင်းမှုတွေ တစ်ပွေ့တစ်ပိုက်ကြီး ဆိုက်ရောက်လာပါလိမ့်မယ်။

'ပါးမှာ နံ့သာ၊ ခါးမှာ ပဝါ' ဆိုတဲ့ စကားလေး ရှိ တယ်နော်။ ပါးရဲ့ နံ့သာက သနပ်ခါးပေါ့။ စိတ်ရဲ့ နံ့သာက စိတ်ထားကောင်းပေါ့။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် . . . ပါးက 'နံ့သာ' လိမ်းထားမှ လှတယ်။ စိတ်က 'သဒ္ဓါ' လိမ်းထားမှ လှတယ်။

'စိတ်ထားကောင်း' ဆိုတာ 'ယောနိသော' လို့ လည်း ပြောလို့ရသလို 'သဒ္ဓါ' လို့လည်း ပြောလို့ရပါတယ်။

http://www.dhammadownload.com

'ဘာကြံ့ကြံ့ ကိုယ် စိတ်ကောင်းထားရင် ကိုယ်ပဲ အကျိုးကောင်းရမှာ' လို့ ယုံကြည်တဲ့သဒ္ဓါသာ ခိုင်မြဲရင် ဘာနဲ့ကြုံကြုံ၊ စိတ်ထားကောင်းနဲ့ စိတ်ကောင်းထား ဖြစ်သွားတာပါပဲ။ ဒါ့ကြောင့် 'ပါးမှာ နံ့သာ၊ ခါးမှာ ပဝါ' ကို ဒီလိုလေး ထပ်ဖြည့်လိုက်ချင်ပါတယ်။ 'ပါးမှာ နံ့သာ၊ ခါးမှာ ပဝါ၊ တရားမှာ သဒ္ဓါ' . . . လို့ . . . နော်။ ဘယ်ကုသိုလ်တရား မဆို သဒ္ဓါရှိမှ ဖြစ်တာ မဟုတ်လား။

ဆောင်ပုဒ်ဆိုမယ်ဆိုရင်တော့ . . .

အဖြစ်အပျက်တိုင်းမှာ၊ မွှေးနံ့သာ၊ ပျံ့ကာသင်းရမည်။

■

http://www.dhammadownload.com



## မကျေနပ်ရင်
## ငုံ့ကြည့်လိုက်၊ ကျေနပ်ရင်မော့ကြည့်လိုက်

ဆိုးတဲ့ အဖြစ်အပျက်နဲ့ပဲ ကြုံကြုံ၊ ကောင်းတဲ့ အဖြစ်အပျက်နဲ့ပဲ ကြုံကြုံ ကြုံလာသမျှ အဖြစ်အပျက်ထဲကနေ ကုသိုလ်အဆီအနှစ်၊ တရားဓမ္မအဆီအနှစ်၊ အထွတ်အထိပ် အနေနဲ့ ပြောမယ်ဆိုရင်တော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ဆိုတဲ့ အဆီအနှစ် ထုတ်ယူနိုင်ရမယ်။ ဒါဆိုရင် ကိုယ်ကြုံ တွေ့သမျှ အဖြစ်အပျက်တိုင်းဟာ . . နံ့သာဖြင့်ထုံမွမ်းအပ် သော အဖြစ်အပျက် ဖြစ်သွားပါတယ်။

အဖြစ်အပျက်ကိုပဲ တစ်နည်းပြောရင်တော့ အာရုံ လို့ ပြောရမှာပေါ့။ ပညတ်အနေနဲ့ လုံးပြီး ပြောတဲ့အဖြစ် အပျက်ဟာ ပရမတ်အနေနဲ့ ခွဲပြီးပြောရင် အာရုံပါပဲ။ အာ

http://www.dhammadownload.com

ရုံတိုင်း အာရုံတိုင်းဟာ 'နံ့သာဖြင့်ထုံမွမ်းအပ်သောအာရုံ' ဖြစ်သွားစေရမယ်။

မှတ်ရလွယ်အောင် အဖြစ်အပျက်နဲ့ အာရုံကို သီးခြား မခွဲဘဲ အာရုံအနေနဲ့ပဲ ပြောမယ်ဆိုရင်တော့ အာရုံက နှစ်မျိုးရှိတာပေါ့။ အဖြစ်အပျက်အာရုံရယ်၊ သဘောတရားအာရုံရယ်။ အဖြစ်အပျက်အာရုံ ကြုံရင်လည်း ဘာအဖြစ်အပျက်အာရုံပဲကြုံကြုံ ကြုံသမျှအဖြစ်အပျက်အာရုံထဲက နေ ကုသိုလ်ကောင်းမှု ရအောင်ယူနိုင်ရမယ်။ တရားအနှစ်၊ အသိဉာဏ်အနှစ် ရအောင်ယူနိုင်ရမယ်။

သဘောတရားအာရုံ ကြုံရင်လည်း ဘယ်သဘောတရား အာရုံပဲကြုံကြုံ ကြုံသမျှ သဘောတရားအာရုံထဲက နေ ကုသိုလ်အနှစ်၊ တရားအနှစ်၊ အသိဉာဏ်အနှစ်တွေ ရအောင် ယူနိုင်ရမယ်။ တစ်နည်းအားဖြင့် ကိလေသာငြိမ်းတဲ့ခါတ်တွေ ရအောင် ယူနိုင်ရမယ်။

အဖြစ်အပျက်ဆိုတာတွေကို တစ်ခုချင်း လျှောက်ခွဲမယ်ဆိုရင်တော့ အများကြီးပေါ့။ အဖြစ်အပျက်ပေါင်း သောင်းနဲ့ သိန်းနဲ့ချီပြီးတော့ ရှိမှာပဲ။ အနှစ်ချုပ်လိုက်မယ် ဆိုရင်တော့ လောကဓံရှစ်ပါးပေါ့။ အကောင်းလောကဓံ လေးပါး၊ အဆိုးလောကဓံ လေးပါး။

ပစ္စည်းဥစ္စာတွေနဲ့ ပြည့်စုံတယ်။ အခြံအရံ၊ အ

http://www.dhammadownload.com

ကျော်အစေတွေနဲ့ ပြည့်စုံတယ်။ လူတကာရဲ့ အချီးမွမ်းခံရတယ်။ ကိုယ်စိတ်နှစ်ပါး ချမ်းသာတယ်။ အဲဒီ အကောင်းလောကဓံ၊ အကောင်းအဖြစ်အပျက်တွေနဲ့ ကြုံလို့ရှိရင်လည်း အဲဒီအဖြစ်အပျက်ထဲကနေ ကုသိုလ်ရအောင် ယူကိုယူရမှာ။ ကုသိုလ်ရအောင် မယူတတ်ဘူးဆိုရင် ကောင်းတာတွေ ကြုံ လောဘတွေဖြစ်၊ မာနတွေဖြစ်၊ အကုသိုလ်တွေ ဖြစ်တော့တာပဲ။

'မကျေနပ်ရင် ငုံ့ကြည့်လိုက်၊ ကျေနပ်ရင် မော့ကြည့်လိုက်' တဲ့။ 'နှံ့သာဖြင့် ထုံမွမ်းအပ်သော လောကဓံ' ဖြစ်ဖို့အတွက် ဆင်ခြင်သင့်တဲ့ အဆုံးအမပါပဲ။

'ကျေနပ်ရင် မော့ကြည့်လိုက်' ဆိုတာ ကိုယ့်ရဲ့ ပြည့်စုံမှုတွေနဲ့ ကိုယ့်ကိုယ်ကိုယ် ကျေနပ်နေတယ်ဆိုရင် ကိုယ့်ထက် ပြည့်စုံသူတွေကို မော့ကြည့်လိုက်။ ပစ္စည်းဥစ္စာအရမ်းချမ်းသာလို့ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီ ထင်ပြီးတော့ လောဘတွေ၊ မာနတွေ ဖြစ်နေပြီဆိုရင် ကိုယ့်ထက်ချမ်းသာတဲ့သူကို မော့ကြည့်လိုက်စမ်းပါ။

ကိုယ့်ထက်ချမ်းသာတဲ့သူတွေ မရှိဘူးလား။ ရှိတယ်နော်။ ပစ္စည်းဥစ္စာက နမူနာကို ပြောတာနော်။ ကျန်တဲ့ ရာထူး၊ အာဏာ၊ ရုပ်အဆင်း၊ အသိဉာဏ်ပညာ၊ ဘွဲ့ထူးဂုဏ်ထူး စသည်အားဖြင့် လောကီ အကောင်းပိုင်ဆိုင်မှု

http://www.dhammadownload.com

တွေကို အကြောင်းပြုပြီးတော့ လောဘ မာနဖြစ်မယ် ကြံရင် ကိုယ့်ထက် အဆင့်မြင့်တာကို မော့ကြည့်လိုက်။

ကျေနပ်ရင် မော့ကြည့်လိုက်။ ကိုယ့်ထက် မြင့်တာနဲ့ နှိုင်းယှဉ်ပြီးတော့ ကိုယ့်ရဲ့ မာန်မာနတွေကို ချိုးနှိမ်လို့ရတယ်။ လောဘတွေကို ပယ်သတ်လို့ ရပါတယ်။

■

http://www.dhammadownload.com



## သူ့အဆင်ပြေတာ ဝမ်းမြောက်ရင်
## အပူအပင်ဝေဒနာ ခန်းခြောက်ပါတယ် ——

နောက်တစ်နည်းအားဖြင့် ပြောမယ်ဆိုရင်လည်း ကိုယ့်မှာ ကောင်းတဲ့အကျိုးတွေ၊ ကောင်းတဲ့ဂုဏ်တွေနဲ့ ပြည့်စုံနေပြီဆိုရင် အဲဒီအကောင်းတွေကို မေ့ပစ်လိုက်။ မေ့ပစ်လိုက်တာ အကောင်းဆုံးပဲနော်။ 'မော့ကြည့်လိုက်' နဲ့ မရရင် 'မေ့ပစ်လိုက်' နဲ့ သွားရမှာပေါ့။

'ကျေနပ်ရင် မေ့ပစ်လိုက်'။ မေ့ပစ်လိုက်ပြီဆိုရင် ကိုယ့်ရဲ့ ပြည့်စုံမှုကြောင့် လောဘ၊ မာန ဖြစ်စရာအကြောင်း မရှိတော့ဘူး။ ငါကတော့ ချမ်းသာတယ်။ ငါကတော့ ဂုဏ်သတင်း ကျော်စောတယ်။ ငါကတော့ ရုပ်ချောတယ်။ ငါကတော့ ပညာတတ်တယ်။ အဲဒါတွေကို အမြဲတမ်း သတိရ

http://www.dhammadownload.com

နေလို့ရှိရင် မာန်မာနတွေ ဖြစ်မလာနိုင်ဘူးလား။ ဖြစ်လာနိုင်တယ်။ ကိုယ့်ရဲ့ ကောင်းတာတွေ အကုန်လုံး မေ့ပစ်လိုက်။

မေ့ပစ်လိုက်ဆိုလို့ ရှိသမျှပစ္စည်း စွန့်ပစ်ဖို့ မဟုတ်ဘူးနော်။ လမ်းဘေးအမှိုက်ပုံ သွားပစ်ဖို့ပြောတာ မဟုတ်ဘူးနော်။ ငါချမ်းသာတယ်ဆိုတဲ့ဂုဏ်လေးကို မေ့ပစ်လိုက်။

ဒါပေမဲ့ ဘာတော့ သတိရရမလဲဆိုရင် . . ကိုယ့်ရဲ့ ပြည့်စုံမှုကို အကြောင်းပြုပြီးတော့ တစ်ဖက်သား အကျိုးရသွားတာတွေကိုတော့ သတိရပါ။ အမြဲမပြတ်ကို သတိရလိုက်ပါ။

ပစ္စည်းဥစ္စာတွေ ချမ်းသာတယ်။ ကိုယ်ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေကို အကြောင်းပြုပြီးတော့ သာသနာတော်ကို လှူဒါန်းရတယ်။ မိဘကို ကျေးဇူးဆပ်ရတယ်။ ဆွေမျိုးတွေကို ထောက်ပံ့ရတယ်။ မိတ်ဆွေတွေအကျိုးကို ဆောင်ရွက်ရတယ်။ လိုအပ်နေတဲ့ ပုဂ္ဂိုလ်တွေ၊ ဆင်းရဲနွမ်းပါးနေတဲ့ ပုဂ္ဂိုလ်တွေကို ကူညီရတယ်။ ကိုယ်ပိုင်ဆိုင်တဲ့ပစ္စည်းဥစ္စာကို အကြောင်းပြုပြီးတော့ တစ်ဖက်သား အကျိုးရသွားတာလေးတွေကို အာရုံပြုမယ်ဆိုရင်တော့ လောဘ၊ မာန ဖြစ်နိုင်သေးရဲ့လား။ မဖြစ်နိုင်တော့ဘူး။ ကုသိုလ်စိတ်တွေပဲ ဖြစ်တော့မှာနော်။

http://www.dhammadownload.com

ငါလျှိုနိုင်တယ်၊ ငါ အများကို ကူညီနိုင်တယ်ဆိုပြီးတော့ ကြွဖန်ပြီး မာနဖြစ်မယ်ဆိုရင်လည်း ဖြစ်တော့ ဖြစ်နိုင်ပါတယ်။ သိမ်မွေ့တာကိုး။ အဲဒါလေးလည်းပဲ သတိပြုဖို့လိုတာပေါ့နော်။

ဒါပေမဲ့လို့ 'ငါလျှိုနိုင်တယ်၊ ငါကူနိုင်တယ်' ဆိုတာကို အာရုံမပြုဘဲနဲ့ 'ငါလျှိုလိုက်လို့ ဘယ်သူဘယ်ဝါတွေတော့ဖြင့် ဘယ်လိုအကျိုးရသွားပြီ၊ ငါကူလိုက်လို့ ဘယ်သူဘယ်ဝါတွေတော့ဖြင့် ဘယ်လို အဆင်ပြေသွားပြီ' ဆိုပြီးတော့ ကိုယ့်ကြောင့် တစ်ဖက်သား အကျိုးရသွားတာလေးတွေကိုပဲ အာရုံပြုမယ်ဆိုရင်တော့ လောဘ မာနအစရှိတဲ့ ကိလေသာတွေ ဖြစ်စရာအကြောင်း မရှိတော့ပါဘူး။ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားတွေ၊ ကုသိုလ်တရားတွေပဲ တိုးပွားလာမှာပါ။

ကိုယ့်အဖြစ်အပျက်နဲ့ ဥပမာပေးရမယ်ဆိုရင် ဦးဇင်းက စာတွေဘာတွေ ရေးတော့ တချို့ကလည်း ချီးမွမ်းကြတယ်လေ။ အရှင်ဘုရားက စာရေးအရမ်းကောင်းတာပဲ။ အရှင်ဘုရားရဲ့ ကလောင်သွားကလည်း ထက်လိုက်တာနဲ့ မပြောကြဘူးလား။ အဲဒီ သူများချီးမွမ်းတာတွေကို ဦးဇင်းက မေ့ကိုထားလိုက်တာ။ တစ်ခါတစ်ရံ ဖျိုးခနဲ ဖျတ်ခနဲ ပေါ်လာတာမျိုးတော့ ရှိတာပေါ့နော်။

http://www.dhammadownload.com

မေ့ထားတယ် ဆိုပေမယ့် သူတို့ရဲ့ ချီးမွမ်းမှုကို အသိအမှတ်ပြုပါတယ်။ လေးစားပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။

ဒါပေမဲ့လို့ ဘယ်လိုတော်တယ်၊ ဘယ်လိုကောင်းတယ်ဆိုတာတွေကို မေ့ထားလိုက်တာ။ နို့မို့ဆိုရင် ငါစာရေးကောင်းတယ်၊ ငါ့စာအုပ်တွေ သိန်းနဲ့ချီပြီးတော့ ရိုက်ရတယ် ဆိုပြီးတော့ အောင်မြင်တာကိုပဲ အာရုံပြုနေမယ်ဆိုရင် မာနတွေ ဖြစ်မလာနိုင်ဘူးလား။ ဖြစ်လာနိုင်တယ်။ ကိလေ-သာတွေ၊ အကုသိုလ်တွေ တိုးပွားလာနိုင်တယ်။

ကိုယ့်ကို ချီးမွမ်းကြတဲ့ ဂုဏ်သတင်းတွေကို မေ့ပစ်လိုက်ပြီးတော့ ကိုယ့်စာကို ဖတ်ပြီးတော့ သူတစ်ဖက်သား အကျိုးရသွားတာတွေကိုပဲ အာရုံပြုထားပါတယ်။

တချို့လျှောက်ကြတယ်လေ။ အရှင်ဘုရားစာအုပ် ဖတ်ပြီးတော့ တပည့်တော် နဂိုက ဝက်မွေးနေတာ။ အခု မမွေးတော့ဘူးဘုရား။ သမ္မာအာဇီဝပဲ လုပ်တော့တယ်။ နဂိုက တပည့်တော် အရက်ကို မသောက်ရ မနေနိုင်ဘူး။ အခု အရှင်ဘုရားစာအုပ် ဖတ်ပြီးတော့ အရက် လုံးဝ ပြတ်သွားပြီ စသည်အားဖြင့်ပေါ့။ တချို့လည်းပဲ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကြားရတာပေါ့။

သဘော်သားတစ်ယောက်ဆိုရင်လည်း သဘော်

http://www.dhammadownload.com

ပေါ်မှာ စိတ်ညစ်စရာတွေ ကြုံပြီးတော့ ရေထဲခုန်ချမလို့ လုပ်နေတာ။ အဲဒီအချိန်မှာ သင်္ဘောပေါ်မှာ 'တစ်ယောက် တည်းနေ တစ်စိတ်တည်းထား' စာအုပ်တွေ့လိုက်ရလို့ ဖတ် ပြီးတော့ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်တဲ့စိတ် လုံးဝ မရှိ တော့ဘူး။ တရားလေးနဲ့ နေတတ်သွားတယ် စသည်အား ဖြင့်ပေါ့။

ဦးဇင်းရဲ့ စာအုပ်တွေကို ဖတ်ပြီးတော့ ဘယ်လို အကျိုးရတယ်ဆိုတာတွေ စာနဲ့ ရေးကြတာတွေ၊ နှုတ်နဲ့ လျှောက်ထားကြတာတွေ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကြားရတာတွေ အများကြီးရှိတာပဲ။

ကိုယ့်ရဲ့ အောင်မြင်မှုကို အာရုံမပြုဘဲ ကိုယ့်ရဲ့ အောင်မြင်မှုကို အကြောင်းပြုပြီးတော့ . . . တစ်ဖက်သား အကျိုးရသွားတာတွေကိုပဲ အာရုံပြုပါတယ်။ ဒါလည်းပဲ ထပ်တလဲလဲကြီးတော့ မတွေးပါဘူး။ လိုအပ်မှပဲ တွေးတာ ပါ။ စာရေးဖို့ ပျင်းနေပြီဆိုရင်တော့ 'ဩော် . . . ငါရေး လိုက်တဲ့စာလေး ဖတ်ပြီးတော့ ဘယ်သူဘယ်ဝါတွေ ဘယ်လို အကျိုး ရခဲ့ဖူးတာပဲ'။ အဲဒီလိုတွေးလိုက်ရင် စာရေးဖို့ ပျင်း နေတဲ့စိတ်တွေ ပျောက်သွားတာပေါ့။

တချို့ဆိုရင်လည်း လူ့ဘောင်ကို စွန့်ပြီးတော့ ရဟန်းဝတ်သွားတာတို့၊ သီလရှင် ဝတ်သွားတာတို့လည်း

http://www.dhammadownload.com

ရှိပါတယ်။ အကျိုးရသွားတာလေးတွေကိုပဲ ကြည့်ပြီးတော့ ဩော် . . . ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ကုသိုလ်တရားတွေ တိုးပွားပါစေ။ တရားထူး တရားမြတ်တွေ အမြန်ဆုံး ရပါစေ။ ပါရမီတွေ ဖြည့်နိုင်ပါစေ စသည်အားဖြင့် တစ်ဖက်သားကိုပဲ မေတ္တာတွေ ပို့လွှတ်ဖြစ်တော့ ကိုယ့်မှာ လောဘ၊ မာနတွေ မဖြစ်တော့ဘူး။ ကိုယ့်လုပ်ဆောင်ချက်ကြောင့် သူများအဆင်ပြေသွားတာပဲ တွေးပြီး ဝမ်းမြောက်နေရင် လောဘ၊ မာန အပူတွေ မဝင်တော့ပါဘူး။

ပြီးတော့ . . . 'ကျေနပ်ရင် မော့ကြည့်လိုက်' လို့ ခုနပြောခဲ့သလိုပဲပေါ့၊ ကိုယ့်ကို 'စာရေးကောင်းတယ်၊ စာအုပ်အောင်မြင်တယ်' လို့ သူများက ပြောရင် . . . ကိုယ့်ထက် စာပိုတတ်ပြီး ကိုယ့်ထက် စာရေးပိုကောင်းတဲ့သူတွေကို အာရုံပြုလိုက်ပါတယ်။

ဦးဇင်းထက် စာပေဗဟုသုတ ပိုနှံ့စပ်ပြီး ဦးဇင်းထက် စာရေးပိုကောင်းတဲ့၊ စာအရေးအသား ပိုပြောင်မြောက်တဲ့ ဆရာတော် သံဃာတော်တွေ၊ ရဟန်းတော်တွေ အများကြီး ရှိပါတယ်။ အကြောင်းတရားတွေ တိုက်ဆိုင်နေလို့၊ အကြောင်းတရားတွေ ညီညွတ်နေလို့သာ ဦးဇင်းစာအုပ်တွေက ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့ပြီး အောင်မြင်နေတာပါ။

ကိုယ်ရေးတဲ့စာအုပ်နဲ့ ကောင်းကျိုးရမယ့်သူတွေ

http://www.dhammadownload.com

အများကြီးရှိနေတဲ့ အချိန်အခါနဲ့ တိုက်ဆိုင်သွားလို့ ကိုယ့်စာအုပ်တွေ အောင်မြင်နေပေမယ့် ကိုယ့်ထက် တော်သူ၊ စွမ်းသူတွေ အများကြီး ရှိတယ်လို့ အမှန်အတိုင်း နှလုံးသွင်းထားတော့ ကိုယ့်ရဲ့ စာအုပ်အောင်မြင်မှုကြောင့် ဘာမှ သာယာနေစရာ၊ ဘဝင်မြင့်နေစရာ မရှိတော့ပါဘူး။

တကယ်တော့လည်း ဦးဇင်းအောင်မြင်တာမဟုတ်ပါဘူး။ ဦးဇင်းရဲ့ စာအုပ်တွေ အောင်မြင်တာပါ။ ဦးဇင်းရဲ့ စာအုပ်တွေထဲမှာပါတဲ့ တရားဓမ္မတွေ အောင်မြင်တာပါ။ အဲဒီတရားဓမ္မတွေဟာ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမတွေချည်းပါပဲ။ အောင်မြင်မှုရဲ့ မူရင်းပိုင်ရှင်က မြတ်စွာဘုရားဆိုတော့ ကြားခံအကျိုးဆောင်ဖြစ်တဲ့ ဦးဇင်းအနေနဲ့ ဘာမှ သာယာငြိကပ်စရာ၊ ဘဝင်မြင့် အထင်ကြီးစရာ မရှိပါဘူး။

ပွဲစားဟာ ပွဲစားပါပဲ။ မြတ်စွာဘုရားနဲ့ သတ္တဝါဝေနေယျတွေရဲ့ ကြားမှာ . . ကုသိုလ်ပွဲစားအဖြစ် ကြားခံအကျိုးဆောင်ပေးရတဲ့ ဦးဇင်းအတွက် ကုသိုလ်ပွဲခ ယူရုံကလွဲလို့ လောဘ၊ မာန ဖြစ်စရာ ဘာအကြောင်းမှ မရှိပါဘူး။

ဒါ့ကြောင့် အကောင်းအဖြစ်အပျက်တွေနဲ့ ကြုံလို့ရှိရင် ကိုယ့်ထက်မြင့်တာနဲ့ နှိုင်းယှဉ်ပြီးတော့ လောဘ၊ မာနကို ပယ်ပါ။ ကိုယ့်ရဲ့ ပြည့်စုံမှုကို အကြောင်းပြုပြီးတော့ တစ်ဖက်သား အကျိုးရသွားတာတွေ သိမြင်ဆင်ခြင်ပြီး

http://www.dhammadownload.com

တော့လည်းပဲ ကုသိုလ်တရားတွေ တိုးပွားအောင် ကြိုးစားပါ။

အဆိုးလောကဓံ အဖြစ်အပျက်တွေနဲ့ ကြုံရင်တော့ 'မကျေနပ်ရင် ငုံ့ကြည့်လိုက်' ဆိုတဲ့အတိုင်း ကိုယ့်စိတ်တိုင်းကျ မပြည့်စုံလို့ စိတ်ဆင်းရဲနေတယ်ဆိုရင် . . . ကိုယ့်လောက် မပြည့်စုံတဲ့သူတွေကို အာရုံပြုလိုက်တော့ စိတ်ဆင်းရဲစရာ လိုသေးလား။ မလိုတော့ဘူး။

ပစ္စည်းဥစ္စာ ကိုယ့်စိတ်တိုင်းကျ မပြည့်စုံလို့ စိတ်ညစ်နေရင် ကိုယ့်လောက် ပစ္စည်းဥစ္စာ မပြည့်စုံသူတွေကို ငုံ့ကြည့်လိုက်။ ရာထူး၊ အာဏာ၊ ရုပ်အဆင်း၊ ပညာ၊ ထင်ပေါ်ကျော်ကြားမှု၊ အောင်မြင်မှု၊ ကျန်းမာရေး စသည် ကိုယ့်စိတ်တိုင်းကျ မပြည့်စုံလို့ စိတ်ညစ်နေတယ်၊ စိတ်ဆင်းရဲနေတယ်၊ မကျေမနပ် ဖြစ်နေတယ်ဆိုရင် ကိုယ့်လောက် မပြည့်စုံသူတွေကို ငုံ့ကြည့်လိုက်ပါ။ မကျေနပ်မှုတွေ ပျောက်ပြီး စိတ်ချမ်းသာလာပါလိမ့်မယ်။

အဲဒီလိုအားဖြင့်ပေါ့လေ. . . အကောင်းအဖြစ်အပျက်နဲ့ပဲ ကြုံကြုံ၊ အဆိုးအဖြစ်အပျက်နဲ့ပဲ ကြုံကြုံ ကြုံလာတဲ့ အဖြစ်အပျက်ထဲကနေ ကုသိုလ်အနှစ်၊ ပါရမီအနှစ်၊ တရားအနှစ်၊ အသိဉာဏ်အနှစ်၊ မဂ်ဖိုလ်အနှစ်၊ နိဗ္ဗာန်အနှစ်တွေ ထုတ်ယူလိုက်ပါ။

http://www.dhammadownload.com



## အာရုံမှာ ကြာငုံပွင့်ပါစေ

သဘောတရားအာရုံဆိုတာကတော့ . . . ပညတ်အာရုံ၊ ပရမတ်အာရုံ နှစ်မျိုးရှိတာပေါ့လေ။ ပညတ်အာရုံ ထင်ရှားတယ်ဆိုရင် သမထကုသိုလ် ရအောင်ယူလိုက်။ သမထဘာဝနာ ရအောင် ပွားလိုက်။ ပရမတ်သဘောတရားအာရုံ ထင်ရှားတယ်ဆိုရင် ဝိပဿနာကုသိုလ် ရအောင်ယူလိုက်။ ဝိပဿနာသတိဉာဏ်ဖြစ်အောင် ကြိုးစားလိုက်။ ဝိပဿနာဘာဝနာ ပွားများလိုက်ပေါ့။

ကိုယ့်စိတ်ထဲမှာ တစ်စုံတစ်ယောက်ကို သတိရနေတယ်။ သူ့ရဲ့ ပုံရိပ်က မျက်စိထဲမှာ ပေါ်နေတယ်။ မောင်ဘယ်သူ၊ မဘယ်သူ ဆိုတဲ့ ပညတ်နဲ့ တွဲနေတယ်ဆိုရင်

http://www.dhammadownload.com

မောင်ဘယ်သူ ကျန်းမာချမ်းသာပါစေ၊ မဘယ်သူ ကျန်းမာချမ်းသာပါစေ။ သမထဘာဝနာ မေတ္တာလေး ပို့လိုက်လို့ မရဘူးလား။ အဲဒါဆိုရင် အဲဒီ ကိုယ့်စိတ်ထဲမှာ ပေါ်လာတဲ့ မောင်ဘယ်သူ၊ မဘယ်သူဆိုတဲ့ အာရုံပုံရိပ်တွေဟာ 'နံ့သာဖြင့် ထုံမွမ်းအပ်သောအာရုံ' ဖြစ်သွားတယ်။ ဘယ်လောက်ကောင်းထားတုံးနော်။

ပရမတ်သဘောအာရုံကတော့ သူ့အလိုလို မထင်နိုင်ဘူး။ ထင်အောင်ရှုမှ ထင်တာ။ စစချင်းကတော့ ပညတ်အာရုံနဲ့ သွားရတာပဲ။ မြင်ရင် မြင်တယ် မှတ်၊ ကြားရင် ကြားတယ်မှတ်၊ နံရင် နံတယ်မှတ်၊ စားရင် စားတယ်မှတ်၊ ထိရင် ထိတယ်မှတ်၊ တွေးရင် တွေးတယ်မှတ် စသည်အားဖြင့် ဖြစ်နေတဲ့ အမူအရာကို ဖြစ်နေတဲ့အတိုင်း ရိုးရိုးရှင်းရှင်းလေး မှတ်။

မှတ်ရင်း မှတ်ရင်းနဲ့ ပညတ်တွေ ကွာကျပြီးတော့ မြင်တဲ့သဘောလေး၊ မြင်တဲ့ ပရမတ်သဘောလေးသက်သက်ကိုပဲ သိသွားပါတယ်။ သိသွားတဲ့အခါကျတော့မှ . . . ပညတ်ကို ထည့်မစဉ်းစားတော့ဘဲနဲ့ ပရမတ်သဘောလေးကိုပဲ တည့်တည့်ရှုမှတ်သွားမယ်ဆိုရင် သတိဉာဏ် အားကောင်းရင် အားကောင်းသလို အဖြစ်ကို မြင်တဲ့ဉာဏ်တွေ၊ အပျက်ကို မြင်တဲ့ဉာဏ်တွေ။ ဒီထက်မြင့်သွားရင် မဖြစ်

http://www.dhammadownload.com

မပျက်တော့တဲ့ နိဗ္ဗာန်ကို မြင်တဲ့ဉာဏ်တွေ အဆင့်ဆင့်ပေါ်လာမှာပါပဲ။

ဒါ့ကြောင့် ပညတ်သဘောတရားအာရုံ ထင်ရှားလို့ ရှိရင် သမထဘာဝနာပွားလိုက်။ အသုဘပွားလည်းပဲ ရတာပဲနော်။ ကိုယ်သိပ်ချစ်တဲ့ပုဂ္ဂိုလ်၊ ကိုယ်သံယောဇဉ်ရှိတဲ့ပုဂ္ဂိုလ် အာရုံထဲ ထင်လာတယ်ဆိုရင် 'ဩော် - တကယ်တော့ သူဟာ မတင့်မတယ် ရွံစဖွယ် အသုဘအပုပ်ကောင်ပါပဲ။ သူ လေလည်လိုက်ရင် နံမှာပဲ' လို့သာ ပွားလိုက်ပေါ့။

အသုဘကမ္မဋ္ဌာန်းဆိုတာက ဈာန်ရအောင် ပွားရင်သာ အသုဘဆယ်မျိုးတို့၊ သုံးဆယ့်နှစ်ကောဋ္ဌာသတို့နဲ့ ပွားရတာ။ အသုဘ - ရွံရှာဖွယ်သဘော ထင်အောင်ဆိုရင်တော့ ဘယ်လိုပွားပွား မရဘူးလား။ ဦးဇင်းသဘောအကျဆုံးကတော့ 'သူလေလည်ရင် နံမှာပဲ' လို့သာ ပွားလိုက်။ ပြီးရော။

သူ့ခန္ဓာကိုယ်တစ်ခုလုံး 'သူလည်ထားသောလေတို့ဖြင့် ထုံမွမ်းအပ်သော' လို့ အာရုံပြုလိုက်တယ်လေ။ ဒါဆိုရင် အသုဘသဘော မထင်ရှားဘူးလား။ လည်တဲ့ လေနံ့လေးတွေနဲ့ အာရုံပြု၊ ဒါမှမဟုတ် သူ့ရဲ့ ပါးစပ်က အာပုပ်စော်နံတာတွေ၊ မြင်သာတဲ့အရာတွေပေါ့လေ။ မျက်ချေးတို့၊ တံတွေးတို့ စသည်အားဖြင့်ပေါ့။

http://www.dhammadownload.com

အဲဒီလို ကိုယ့်အာရုံမှာပေါ် လာတဲ့ ပညတ်အာရုံကို အသုဘသဘောလည်း ပွားလို့ရတာပဲ။ မေတ္တာလည်း ပွား လို့ရတာပဲ။ ဗုဒ္ဓရုပ်ပွားတော်တို့၊ စေတီတော်တို့ မြင်ရင် ဂုဏ်တော်ပွားလိုက်ပေါ့။ ပုံတော်မြင်လို့ ဂုဏ်တော်ပွားလိုက် တယ်ဆိုရင် ဗုဒ္ဓရုပ်ပွားတော်၊ စေတီတော်တည်းဟူသော ပညတ်သဘောတရားအာရုံထဲကနေပြီးတော့ ဗုဒ္ဓါနုဿတိ သမထဘာဝနာဆိုတဲ့ အဆီအနှစ်ကို ထုတ်ယူပြီးသား ဖြစ် သွားပါတယ်။

အားလုံးခြုံငုံပြောရင်တော့ အာရုံပေါ့နော်။ ကဲ- ဒီလောက်ဆိုရင် သဘောပေါက်လောက်ရောပေါ့။ အဲဒီ တော့ အဖြစ်အပျက်အာရုံတွေ ထင်ရှားလာရင်လည်း ကု- သိုလ်စိတ်ဖြစ်အောင် ကြိုးစား။ သဘောတရားအာရုံ ထင် ရှားလာရင်လည်း . . ကိလေသာငြိမ်းအောင် ကြိုးစား။ ဒါ ကွဲအောင် ပြောလိုက်တာ။ ကုသိုလ်ဖြစ်ရင်လည်း ကိလေ- သာ ငြိမ်းတာပဲ။ ကိလေသာငြိမ်းရင်လည်း ကုသိုလ်ဖြစ်တာ ပါပဲ။

'အာရုံမှာ ကြာငုံပွင့်ပါစေ' လို့ပဲ ပြောရတော့မှာပါ ပဲ။ အာရုံတိုင်း အာရုံတိုင်းမှာ ကုသိုလ်ကြာငုံ၊ တရားမွှကြာ ငုံက ပွင့်ဖို့ အဆင်သင့် စောင့်နေတာပါ။ စိတ်ထားကောင်း ဆိုတဲ့ နေရောင်ခြည်၊ သတိဉာဏ်ဆိုတဲ့ လရောင်ခြည်လေး

http://www.dhammadownload.com

ထိတွေ့လိုက်တာနဲ့ တစ်ပြိုင်နက် မွှေးပျံ့သင်းကြိုင်တဲ့ ကု-
သိုလ်ကြာပန်း၊ တရားမွှေကြာပန်း ပွင့်လာတော့တာပါပဲ။

ဒါ့ကြောင့်ဆိုလိုက်ပါ။

အာရုံတိုင်းမှာ၊ မွှေးနံ့သာ၊ ပျံ့ကာသင်းရမည်။

■

http://www.dhammadownload.com



## ချောသူဆင်မှ လှသလို၊ မနောဖြူ ဝင်မှ ရပါတယ်

မွှေးရနံ့သင်းတဲ့ ကျောင်းဆောင်၊ မွှေးရနံ့သင်းတဲ့ ကောင်းမှု၊ မွှေးရနံ့သင်းတဲ့ အဖြစ်အပျက်၊ မွှေးရနံ့သင်းတဲ့ အာရုံ စသည်အားဖြင့် တစ်ဖက်က အာရုံကို လိုက်ပြီးတော့ပဲ စကားလုံးတွေတပ်ပြီး ပြောနေပေမယ့် တကယ့်နောက်ကွယ်က အဓိက, က ဘာလဲဆိုရင် စိတ်ဓာတ်ပဲ။

စိတ်ဓာတ်က . . နံ့သာဖြင့် ထုံမွှမ်းအပ်သောစိတ်ဓာတ်ဖြစ်နေမှ ဒီစိတ်ဓာတ်နဲ့ ဆုံတဲ့ကျောင်းဆောင်ကလည်း နံ့သာဖြင့် ထုံမွှမ်းအပ်သော ကျောင်းဆောင် ဖြစ်မှာပေါ့။ ဒီစိတ်ဓာတ်နဲ့ ဆုံလိုက်တဲ့ကောင်းမှုကလည်း နံ့သာဖြင့် ထုံမွှမ်းအပ်သော ကောင်းမှုဖြစ်မယ်။ ဒီစိတ်ဓာတ်နဲ့ ဆုံလိုက်

တဲ့ အဖြစ်အပျက်တွေကလည်း နုံ့သာဖြင့်ထုံမွမ်းအပ်သော အဖြစ်အပျက်ဖြစ်မယ်။ ဒီစိတ်ဓာတ်နဲ့ ဆုံလိုက်တဲ့အာရုံတိုင်း ကလည်း နုံ့သာဖြင့်ထုံမွမ်းအပ်သော အာရုံဖြစ်မယ်။

ဆောင်ပုဒ်တွေမှာ တိုက်ရိုက် မပြောပေမယ့်၊ သဘောတရားနဲ့ ဝတ္ထုသာဓကတွေမှာ တမင်တကာ စကားလုပ်ပြီး မပြောပေမယ့် လိုရင်းက ဘာလဲ။ စိတ်ဓာတ်ပဲ။ နံ့သာဖြင့် ထုံမွမ်းအပ်သောစိတ်ဓာတ်။

ဘယ်အဖြစ်အပျက်နဲ့ပဲကြုံကြုံ သတိရလိုက်ပေ့ါ။ အဖြစ်အပျက် တစ်ခုခုနဲ့ကြုံရင် ကိုယ့်စိတ်ဓာတ်ကလေးက တစ်ခုခုတော့ ဖြစ်သွားမှာပဲလေ။ ဘယ်အဖြစ်အပျက်နဲ့ပဲ ကြုံကြုံ တုံ့ပြန်မှုတစ်ခုခုတော့ ဖြစ်သွားတာပဲ။ အဲဒီအချိန်မှာ ကိုယ့်စိတ်ကိုယ်စစ် ဆိုတဲ့အတိုင်း ပြန်စစ်လိုက်။

မကောင်းတဲ့စိတ်တွေ၊ နိမ့်ကျတဲ့စိတ်တွေ၊ ယုတ်ညံ့တဲ့စိတ်တွေ ဖြစ်နေရင် . . .

'ဪ . . . ငါ့စိတ်ဓာတ်က နံ့သာဖြင့် ထုံမွမ်းအပ်သောစိတ်ဓာတ်မှ မဟုတ်ဘဲ။ အပုပ်နံ့ဖြင့် ထုံမွမ်းအပ်သော စိတ်ဓာတ် ဖြစ်နေတယ်။ မစင်ဖြင့် ထုံမွမ်းအပ်သောစိတ်ဓာတ် ဖြစ်နေတယ်'

သူ့ကျတော့ 'ထုံမွမ်း' လို့တော့ ပြောလို့ မကောင်းပါဘူးနော်။ 'လိမ်းကျံ' လို့ပဲ ပြောရမှာပေ့ါ။

http://www.dhammadownload.com

'မစင်ဖြင့် လိမ်းကျံအပ်သော စိတ်ဓာတ် ဖြစ်နေတယ်။ အဲဒီလို မဖြစ်စေနဲ့။ နံ့သာဖြင့် ထုံမွမ်းအပ်သော စိတ်ဓာတ်လေး မွေးလိုက်စမ်းပါ'

အဲဒီလို ကိုယ့်ကိုယ်ကိုယ် ဆုံးမပြီးတော့ ကိုယ့်စိတ်ဓာတ်ကို ပြုပြင်ရမှာနော်။ ကိုယ့်ရဲ့ စိတ်ဓာတ်ကို နံ့သာဖြင့် ထုံမွမ်းအပ်သောစိတ်ဓာတ် ဖြစ်အောင် ပြုပြင်ရမှာ။

သမထဝိပဿနာဘာဝနာအနေနဲ့ တခြားတခြား ဟောထားတဲ့တရားတွေလည်း ရှိတာပါပဲ။ နေစဉ်တို့၊ နေ့စဉ်တို့လည်း မရှိဘူးလား။ အာရုံကတော့ အာရုံပဲ။ ဒါပေမဲ့ အဲဒီအာရုံကို လက်ခံတဲ့ လူရဲ့ စိတ်ဓာတ်၊ ဒါမှမဟုတ် စိတ်ထားပေါ် မူတည်ပြီးတော့ အဲဒီအာရုံက နံ့သာ၊ သို့မဟုတ် မစင် ကွဲပြားသွားတယ်။

အင်္ကျီက ဒီအင်္ကျီပဲ။ ဝတ်တဲ့သူရဲ့ ရုပ်အဆင်းနဲ့ ခန္ဓာကိုယ် အချိုးအစားပေါ် မူတည်ပြီးတော့ လှ မလှ ကွဲပြားသွားတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ သတိထားပြီး လေ့လာကြည့်ပေါ့လေ။

အင်္ကျီ၊ လုံချည်တွေ ဝတ်ကြတယ်။ ဒီ အဝတ်ပဲ၊ ဒီအရောင်ပဲ၊ ဒီဒီဇိုင်းပဲ။ ဟိုတစ်ယောက်ဝတ်တော့ ကြည့်လို့ကောင်းလိုက်တာ။ ဒီတစ်ယောက်ဝတ်တော့ ကြည့်လို့ မကောင်းဘူး။ မရှိဘူးလား။ သတိထားမိရဲ့လား။ သတိထား

http://www.dhammadownload.com

မိတယ်နော်။ အရောင်တူ၊ အဆင်တူ အင်္ကျီ၊ လုံချည်ပေမယ့် ဝယ်တဲ့သူအပေါ် မူတည်ပြီး ကြည့်ကောင်း၊ မကောင်း၊ လှ၊ မလှ ကွဲသွားတယ်။

အရောင်တူ၊ အဆင်တူ နှစ်ထည်ဆိုတာ အသာ ထားလိုက်၊ ဒီတစ်ထည်တည်းကိုပဲ နှစ်ယောက်လှည့်ဝတ် တောင်မှ ကြည့်ကောင်း၊ မကောင်း မတူပါဘူး။ လှ၊ မလှ ကွဲပြားပါတယ်။

ညီအစ်ကိုနှစ်ယောက်ရှိတယ် ဆိုပါစို့။ အစ်ကိုက လည်း ညီအင်္ကျီ ယူဝတ်၊ ညီကလည်း အစ်ကိုအင်္ကျီ ယူဝတ် တဲ့ ညီအစ်ကိုနှစ်ယောက်။ တစ်ယောက်က ရုပ်ချောတယ်၊ ခန္ဓာကိုယ် အချိုးအဆစ် ပြေပြစ်တယ်။ တစ်ယောက်က ရုပ်ဆိုးတယ်၊ ခန္ဓာကိုယ် အချိုးအဆစ် မပြေပြစ်ဘူး။

အင်္ကျီတစ်ထည်တည်းကိုပဲ အဲဒီ ညီအစ်ကိုနှစ် ယောက် တစ်လှည့်စီ ဝတ်ကြတယ်။ ရုပ်ချောပြီး ခန္ဓာကိုယ် အချိုးအဆစ် ပြေပြစ်တဲ့သူ ယူဝတ်လိုက်တော့ ကြည့်လို့ ကောင်းနေတာပဲ။ အင်္ကျီလေး တွန့်သွားပုံ၊ ကွေးသွားပုံ၊ ညွှတ်သွားပုံ။ အကျအနလေးကိုက ကြည့်လို့ အရမ်းကောင်း တယ်။

ရုပ်ကလည်း မချော၊ အချိုးအဆစ်ကလည်း မပြေ ပြစ်တဲ့သူ ယူဝတ်လိုက်တော့ ကြည့်လို့ မကောင်းတော့ဘူး။

http://www.dhammadownload.com

အင်္ကျီရဲ့ တွန့်ပုံ၊ ကွေးပုံ၊ အကျအနကလည်း ကြည့်လို့ မကောင်းဘူး။ ခန္ဓာကိုယ်မှာ အင်္ကျီကပ်နေပုံကလည်း . . . ကြည့်လို့ မကောင်းဘူး။ တစ်မျိုးကြီး။

ဒီအင်္ကျီပဲနော်။ တစ်ထည်တည်းပဲနော်။ ဘာလို့ ကွာသွားတာတုံး။ လူချင်းကွာသွားလို့လေ။ နဂိုရှိမှ နဂိုင်း ထွက်တာလေ။ နဂိုမရှိတော့ နဂိုင်းက ထွက်ပါဦးမလား။ မထွက်တော့ဘူး။ လုံချည်တစ်ထည်တည်းကို ဒီညီအစ်ကို နှစ်ယောက် ယူဝတ်လည်း ဒီလိုပဲ ဖြစ်မှာပဲ။

အင်္ကျီတစ်ထည်တည်း၊ လုံချည်တစ်ထည်တည်း တောင်မှ ဝတ်တဲ့သူရဲ့ ရုပ်အဆင်းနဲ့ ခန္ဓာကိုယ်အချိုးအဆစ် ပေါ် မူတည်ပြီး ကြည့်ကောင်း၊ မကောင်း၊ လှ၊ မလှ ကွဲပြား သွားပါတယ်။ ရုပ်ချော၊ အချိုးပြေသူဝတ်ရင် ကြည့်ကောင်း တယ်၊ ရုပ်ဆိုး၊ အချိုးမပြေသူ ဝတ်ရင် ကြည့်မကောင်းဘူး။ ခန္ဓာကိုယ်ဖွဲ့စည်းပုံ ကောင်းရင် ကြည့်လှတယ်၊ ခန္ဓာကိုယ် ဖွဲ့စည်းပုံ မကောင်းရင် ကြည့်မလှဘူး။

အာရုံတွေဆိုတာက အင်္ကျီတို့၊ လုံချည်တို့ အဝတ် အစားတွေနဲ့ တူတာပေ့ါ။ ကိုယ့်ရဲ့ စိတ်ဓာတ်ကတော့ ကိုယ့် ရဲ့ ရုပ်အဆင်း၊ ကိုယ့်ရဲ့ ခန္ဓာကိုယ် အချိုးအဆစ်နဲ့ တူတာ ပေ့ါ။ ကိုယ့်ရဲ့ စိတ်ဓာတ်အဆင်းကလေးက လှနေမယ်၊ ကိုယ့်ရဲ့ စိတ်ဓာတ်အချိုးအဆစ်က ပြေပြစ်နေမယ်ဆိုရင်

http://www.dhammadownload.com

ဝတ်ဆင်လိုက်သမျှ အာရုံတိုင်းက လှမသွားဘူးလား။ လှသွားတယ်။

ခန္ဓာကိုယ် ဖွံ့စည်းပုံ မလှရင် ဘာအဝတ်အစား ဝတ်ဝတ်၊ ကြည့်မကောင်းသလို စိတ်ဓာတ်ဖွံ့စည်းပုံ မလှရင် ဘာအာရုံကြုံကြုံ စိတ်မချမ်းသာပါဘူး၊ ဘာအာရုံတွေ့တွေ့ ကုသိုလ်စိတ် မဖြစ်ပါဘူး။

ခန္ဓာကိုယ်ဖွံ့စည်းပုံ လှရင် ဘာအဝတ်အစားဝတ်ဝတ် ကြည့်ကောင်းသလို စိတ်ဓာတ်ဖွံ့စည်းပုံ လှရင် ဘာအာရုံကြုံကြုံ စိတ်ချမ်းသာပါတယ်၊ ဘာအာရုံတွေ့တွေ့ ကုသိုလ်စိတ် ဖြစ်ပါတယ်။ သာမန်ကုသိုလ်စိတ်တောင် မကပါဘူး။ မဂ်ကုသိုလ်စိတ်အထိဖြစ်ပြီး တရားထူး တရားမြတ်တွေရ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါတယ်။

ဘယ်အဝတ်ပဲဖြစ်ဖြစ် ချောသူဆင်မှ လှသလို ဘယ်အာရုံပဲဖြစ်ဖြစ် မနောဖြူဝင်မှ ကုသိုလ်ရပါတယ်၊ တရားထူးတရားမြတ်ရပါတယ်၊ နိဗ္ဗာန်ရပါတယ်။

■

http://www.dhammadownload.com



## အဖြစ်အပျက်တိုင်းမှာ အနှစ်အချက် ရှိပါတယ် ——

မီးဖိုချောင်ထဲမှာ ဟင်းရွက်တွေ မကြော်ကြဘူးလား။ ဒီဟင်းရွက်ပဲ။ ဟိုတစ်ယောက်အတွက်ကျတော့ ကုသိုလ် ဖြစ်ပြီးတော့ . . . ဒီတစ်ယောက်အတွက်ကျတော့ အကုသိုလ်ဖြစ်တယ်။ ဟိုတစ်ယောက်အတွက်ကျတော့ ဘာမှ မထူးဘူး။ ဒီတစ်ယောက်အတွက်ကျတော့ . . . မဂ်ဖိုလ်တောင် ဆိုက်သွားတယ်။

'ထေရိကာ' ဆိုတာ ကြားဖူးတယ် မဟုတ်လား။ ဘုရားရှင်လက်ထက်တုန်းက ဝေသာလီမှာ ထေရိကာဆိုတဲ့ အမျိုးသမီးလေးတစ်ယောက်ရှိတယ်။ ထေရိကာ ဆိုတာ ခိုင်မြဲတာကို ပြောတာ။ ခိုင်မြဲသော ငြိမ်းအေးခြင်း ရှိလို့

http://www.dhammadownload.com

ထေရိကာလို့ ခေါ်ပါတယ်။ မြန်မာလိုဆိုရင်တော့ မငြိမ်းခိုင်ပေါ့။ ငြိမ်းအေးခြင်းတွေ ခိုင်မြဲနေတာကို ပြောတာ။

မငြိမ်းခိုင်က မြတ်စွာဘုရားဟောတဲ့ တရားတွေ နာကြားပြီးတော့ ဘိက္ခုနီမ ဝတ်ချင်တယ်။ ဒါပေမဲ့ ခင်ပွန်းသည်က ခွင့်မပြုဘူး။ ခွင့်မပြုတော့ . . . မဝတ်ရဘူးပေါ့။ 'ရဟန်းမ, မဝတ်ရလည်း ဘာဖြစ်လဲ။ အိမ်မှာနေရင်းပဲ တရားအားထုတ်မယ်' ဆိုပြီးတော့ သွားနေစဉ်၊ ရပ်နေစဉ်၊ ထိုင်နေစဉ်၊ လျောင်းနေစဉ်၊ ကွေးနေစဉ်၊ ဆန့်နေစဉ်၊ လျှော်နေစဉ်၊ ဖွပ်နေစဉ်၊ ချက်နေစဉ်၊ ပြုတ်နေစဉ်၊ ကိုယ်အမူအရာ ဘာပဲပြုပြု ပြုနေစဉ်၊ စိတ်အခြေအနေ ဘာပဲဖြစ်ဖြစ် ဖြစ်နေစဉ်၊ နေစဉ်တိုင်း နေစဉ်တိုင်းမှာ သတိဉာဏ်လေး ထည့်သွင်းပြီးတော့ တရားအားထုတ်သွားတယ်။

အားထုတ်သွားတော့ တစ်ချိန်ထက် တစ်ချိန်၊ တစ်ရက်ထက် တစ်ရက် တရားသားတွေ တက်လာတာပေါ့။ ဉာဏ်သားတွေ တက်လာတာပေါ့။

တစ်နေ့ကျတော့ . . ကန်စွန်းရွက်တွေ ကြော်နေတယ်။ ကန်စွန်းရွက်ရယ်လို့တော့ စာထဲ အတိအကျ မပါဘူးပေါ့လေ။ ဟင်းရွက်တွေလို့ပဲ ပါတာပေါ့။ ကန်စွန်းရွက်ပဲ ထားလိုက်ပေါ့နော်။

ကန်စွန်းရွက်က အားရှိတယ်။ ကျန်းမာရေးနဲ့ ညီ

http://www.dhammadownload.com

ညွတ်တယ်။ နေ့တိုင်းနီးပါး စားသင့်တယ်။ 'မှိုနှင့် ကန်စွန်းရွက်၊ ကြော်ကြော်ချက်ချက်၊ မပျက်နေ့စဉ်၊ မှီဝဲလျှင်၊ စွမ်းအင်လည်းရ၊ လူလည်း ဝ၏' တဲ့။ ဟုတ်လား။

ကန်စွန်းရွက် ကြော်နေရင်းနဲ့ ကန်စွန်းရွက် ညှိုးနွမ်းသွားတာကို ကြည့်ပြီးတော့၊ စိမ်းစိမ်းစိုစို၊ လတ်လတ်ဆတ်ဆတ်၊ များများပြားပြား၊ ပြည့်ပြည့်ဖြိုးဖြိုး ဖြစ်နေရာကနေ ညှိုးနွမ်းခြောက်သွေ့ပြီးတော့ သေးသေးလေး ဖြစ်သွားတာကို ကြည့်ပြီးတော့ 'ပြင်ပရုပ်ဝတ္ထုတွေတောင်မှ ဒီလို ညှိုးနွမ်းပျက်စီးတဲ့သဘော ရှိပါလား' ဆိုပြီးတော့ ကိုယ့်ခန္ဓာပြန်ပြီးတော့ ညာဏ်စိုက်လိုက်တယ်။

ကန်စွန်းရွက်လေး ညှိုးနွမ်းသွားတာ ကြည့်ပြီးတော့လည်း မြင်တယ် မြင်တယ် စသည်အားဖြင့် ရှုမှတ်မှာပေါ့။ ပြီးတော့မှ တခြား နှာသီးဝ ဝင်လေထွက်လေ သတိကပ်၊ ဒါမှမဟုတ် မတ်တတ်ရပ်ရင်းနဲ့ ဟင်းရွက်ကြော်နေတာဆိုတော့ ရပ်နေတဲ့အမူအရာလေး ဆက်ရှု စသည်အားဖြင့် ထင်ရှားရာ ရုပ်တရားနာမ်တရားတွေကို ဆက်ပြီးတော့ ရှုမှတ်သွားလိုက်တာ ကန်စွန်းရွက်ကြော် ဒယ်အိုးတောင်မှ မီးဖိုပေါ်က မချရသေးဘူး။ ဘာဖြစ်သွားသတဲ့တုံး။

ပထမ ကန်စွန်းရွက်တွေ ကြော်ရင်းနဲ့ ကန်စွန်းရွက်လေး ညှိုးနွမ်းသွားတာ ကြည့်ပြီးတော့ ရုပ်ဝတ္ထုတွေဟာ

http://www.dhammadownload.com

ညှိုးနွမ်းတတ်တဲ့သဘော ရှိပါလား။ ပျက်စီးတဲ့ သဘောရှိပါလား။ ကုန်ခန်းတဲ့သဘော ရှိပါလား။ သံဝေဂဉာဏ်တွေ ယူ။ ယူပြီးတော့ အဲဒီသံဝေဂဉာဏ်ကနေတစ်ဆင့် ခန္ဓာစိုက်ပြီးတော့ ရုပ်နာမ်သဘောတရားတွေ ရှု။

တစ်နည်းပြောမယ်ဆိုရင်တော့ . . အဖြစ်အပျက်အာရုံနဲ့ သဘောတရားအာရုံလို့ အာရုံနှစ်မျိုးရှိတဲ့အထဲမှာ ခုနကန်စွန်းရွက်ကြော် ညှိုးနွမ်းသွားတာက အဖြစ်အပျက်အာရုံ။

အဖြစ်အပျက်အာရုံနဲ့ တွေ့ရင် သံဝေဂဉာဏ်ရင်လည်း ယူရတယ်၊ သင်ခန်းစာရင်လည်း ယူရတယ်။ ဘဝတွန်းအားရင်လည်း ယူရတယ်။ အဖြစ်အပျက်အာရုံနဲ့ တွေ့ရင် ယူစရာတွေက အများကြီးရှိတာပေါ့။

လိုရင်းပြောရင်တော့ ကုသိုလ်။ ကုသိုလ်ဆိုပေမယ့် ကုသိုလ်ရဲ့ ပုံစံတွေကျတော့ အမျိုးမျိုး ကွဲသွားတယ်။ အဖြစ်အပျက်အာရုံထဲကနေ သံဝေဂဉာဏ်လည်း ယူလို့ရတယ်။ သူများတွေ ပြည့်စုံရာကနေ ပျက်စီးသွားတာ ကြည့်ပြီးတော့လည်း 'ဪ . . . မတည်မြဲတဲ့သဘောပါလား' လို့ ဆင်ခြင်ပြီးတော့ သံဝေဂဉာဏ် ယူလို့မရဘူးလား။ ရတာပဲ။

သင်ခန်းစာလည်း ယူလို့ရတာပဲ။ သူတို့ ဒီလိုလုပ်

http://www.dhammadownload.com

လို့ ဒီလိုဖြစ်သွားတာ။ ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်သွားတာ။ ငါလည်း ဒီအကြောင်းလုပ်ရင် ဒီအကျိုးဖြစ်မှာပဲဆိုပြီးတော့ အကြောင်းအကျိုးလေး ဉာဏ်နဲ့ ဆက်စပ်ပြီးတော့ သင်ခန်းစာလည်း ယူလို့ရတယ်။

သူများအဖြစ်အပျက်မှ မဟုတ်ဘူး။ ကိုယ့်အဖြစ်အပျက်လည်း ဒီအတိုင်းပဲပေါ့နော်။ ကိုယ်တိုင် အမှားတွေကျူးလွန်ခဲ့ဖူးတာတွေ မရှိဘူးလား။ ငါ ပြောမိလေခြင်း၊ ငါ ပြုမိလေခြင်း၊ ငါ မှားမိလေခြင်း။ ငါ အဲဒီတုန်းက မပြောဘဲ စောင့်ထိန်းလိုက်ရကောင်းမှာ။ ငါအဲဒီတုန်းက မလုပ်ဘဲနေလိုက်ရကောင်းမှာ စသည်အားဖြင့် ကိုယ့်အမှားကို ပြန်ကြည့်ပြီး ဒေါသတွေ ဖြစ်နေမယ့်အစား 'သြော် . . . စိတ်ကလေးကို ဘယ်လိုမထိန်းနိုင်လိုက်လို့ ဘယ်လိုဖြစ်သွားတာပဲ။ ငါ တဏှာရဲ့ အလိုလိုက်မိလို့ ဒီလိုမှားသွားတာ။ ငါဒေါသရဲ့ အလိုလိုက်မိလို့ ဒီလိုမှားသွားတာ။ နောက်ဆိုရင် ဒီတဏှာ လက်သင့်မခံတော့ဘူး။ ဒီဒေါသ အဖြစ်မခံတော့ဘူး။ ဖြစ်ရင် ငါ တစ်နည်းနည်းနဲ့ ရှုမှတ်ပြီးတော့သော်လည်းကောင်း၊ ဆင်ခြင်ပြီးတော့သော်လည်းကောင်း ပယ်သတ်မယ်' စသည်အားဖြင့် သင်ခန်းစာလည်း ယူလို့မရဘူးလား။ ရပါတယ်။

■

http://www.dhammadownload.com



## သူပွတ်လို့
## ကိုယ်ပြောင်၊ ပိုတောင်မှ ကောင်းသေး

အဖြစ်အပျက်အာရုံ ဘယ်အာရုံကြုံကြုံ သံဝေဂ ဉာဏ်ယူပါ။ သင်ခန်းစာယူပါ။ ဘဝတွန်းအားလည်း ယူလိုက်ပါ။ တချို့ အဖြစ်အပျက်တွေ တစ်နည်းအားဖြင့်တော့ အဆိုးအဖြစ်အပျက်တွေဟာ နှလုံးမသွင်းတတ်သူအတွက်တော့ စိတ်ညစ်စရာ၊ စိတ်ဆင်းရဲစရာ ဖြစ်ပေမယ့် နှလုံးသွင်းတတ်တဲ့သူအတွက်ကျတော့ ဘဝတွန်းအားတွေ ဖြစ်သွားတယ်။

ကျောက်စရစ်ခဲလေးတွေ ချောနေတယ်ဆိုတာက အတိုက်အစားခံရလို့ မဟုတ်ဘူးလား။ အတိုက်အစားသာ မခံရရင် ကျောက်စရစ်ခဲလေးတွေ လုံးချောနေပါ့မလား။

http://www.dhammadownload.com

မနေဘူး။ အတိုက်အစားခံရလေ . . . ပိုပြီးတော့ ချောမော ပြောင်လက်လာလေပဲ။

ကိုယ့်ကို ရိုက်ခတ်လာတဲ့ လောကဓံရိုက်ချက်တွေ၊ လောကဓံ ဆိုတာက လူတစ်ဦးတစ်ယောက်ချင်းရဲ့ ရိုက်ချက်တွေ၊ အဖြစ်အပျက်တွေက အမျိုးစုံရှိမှာပေါ့လေ။ ကြုံလာတဲ့ အဖြစ်အပျက် အဆိုးရိုက်ချက်တွေကနေ ကိုယ်က စိတ်ဓာတ်တွန်းအား ယူရတယ်။

တရားဆိုတာက . . . ဘယ်သဘောတရား၊ ဘယ်အဖြစ်အပျက်၊ ဘယ်အဆုံးအမပဲဖြစ်ဖြစ် ကိုယ့်ဘဝ၊ ကိုယ့်အတွေ့အကြုံ၊ ကိုယ့်ခံစားချက်နဲ့ နှိုင်းယှဉ်ပြီးတော့ စဉ်းစားရတာကိုး။ 'အဆိုးရိုက်ချက်တွေက ဘဝတွန်းအားဖြစ်တယ်' ဆိုတော့ ဦးဇင်းတို့ ကိုယ်တိုင် ကြုံတွေ့ရတဲ့ အဆိုးရိုက်ချက်၊ ကြမ်းတမ်းတဲ့ရိုက်ချက်တွေကိုလည်း ပြန်ပြီးတော့ သတိရတာပေါ့။

ဦးဇင်းတို့ စာရေးတယ်ဆိုတော့ လူတိုင်းက ချီးမွမ်းတယ်ချည်း မထင်နဲ့နော်။ ကဲ့ရဲ့တဲ့သူတွေလည်း မရှိဘူးလား။ ရှိတယ်။ ကွယ်ရာမှာ ကဲ့ရဲ့တာလည်း ရှိတယ်။ စာနဲ့လှမ်းရေးပြီးတော့ ကဲ့ရဲ့တာလည်း ရှိတယ်။ စာနဲ့ ရေးပြီးတော့ ဆဲတောင် ဆဲသေးတာနော်။ မင်းစာတွေ ငါ လုံးဝမဖတ်ဘူးကွဆိုပြီးတော့ လာသေးတာနော်။ တချို့လည်း

http://www.dhammadownload.com

မဂ္ဂဇင်း၊ ဂျာနယ်စာမျက်နှာတွေပေါ်ကနေ ပုတ်ခတ်ကြတာလည်း ရှိတယ်။

ဦးဇင်းတို့ကတော့ ဦးဇင်းတို့ကို အပြင်မှာပဲ ပုတ်ခတ်ပုတ်ခတ်၊ စာရေးပြီးတော့ပဲ ပုတ်ခတ်ပုတ်ခတ်၊ မဂ္ဂဇင်းဂျာနယ်ထဲကပဲ ပုတ်ခတ် ပုတ်ခတ် အရမ်းပျော်တာပဲ။ ပုတ်ခတ်တဲ့သတင်းတွေ ကြားရပြီဆိုတာနဲ့ 'ပျော်လိုက်တာ၊ ပျော်စရာကြီး' လို့ ကိုယ်က အသံတောင်ထွက်ပြီး ပြောမိတယ်။ တကယ်ပျော်တာပါ။ ဘာလို့လဲဆိုတော့ ကိုယ့်အတွက် တွန်းအားရတယ်လေ။

သူတို့ဝေဖန်ပုတ်ခတ်တဲ့ထဲက တကယ်လို့ ကိုယ်တကယ်မှားတဲ့ အချက်ပါရင်လည်း ပြင်လိုက်ရုံပဲပေါ့။ ဪ . . . ဟုတ်သားပဲ။ ငါ သတိမထားမိလိုက်ဘူး။ ဒါမှမဟုတ်လည်း ငါ သတိတော့ထားမိလိုက်သားပဲ။ ဒါပေမဲ့လို့ ဒီလိုဖြစ်လိမ့်မယ် မထင်လို့၊ သင့်တော်မယ် ထင်လို့၊ လိုအပ်မယ်ထင်လို့ ငါ ရေးလိုက်တာပဲ။ နောင်ဆိုရင်တော့ ဒီလိုဟာမျိုးလေး ဆင်ခြင်မှပဲ။ ကိုယ့်ဘက်က တကယ်မှားတယ်ဆိုရင်လည်း ကိုယ့်အတွက် ပြုပြင်ဖို့ အခွင့်အလမ်းရတဲ့အတွက် ဝေဖန်တဲ့သူကို . . ကျေးဇူးတင်စရာတောင် မကောင်းဘူးလား။ ကောင်းတယ်။

ဝေဖန်စရာမလိုဘဲနဲ့ သူ့အကြိုက်နဲ့ မကိုက်တိုင်း

http://www.dhammadownload.com

'မကောင်း' လို့ သတ်မှတ်ပြီးတော့ ဝေဖန်တာမျိုးကျတော့ ဘာမှ ခံစားနေစရာ မလိုဘူး။ တွန်းအားရတာပဲ။

ကိုယ့်ကို ဝေဖန်ပုတ်ခတ်နေတယ်ဆိုကတည်းကိုက ကိုယ့်ကို နှိမ့်ချပြောတယ်လို့ ထင်ရပေမယ့် တကယ်တမ်းကျတော့ ကိုယ့်ကို ကောင်းချီးပေးနေတာပဲနော်။ ကန့်လန့်တိုက်သောအားဖြင့် ကောင်းချီးပေးနေတာ မဟုတ်ဘူးလား။ အဲဒါတွေကို ဦးဇင်းက တွန်းအားအဖြစ် အသုံးပြုတာပဲ။

ဥပမာ -သူ့ခေတ် သူ့အခါနဲ့ လိုက်လျောညီထွေတဲ့ စကားလုံး၊ အရပ်ထဲမှာ လူတိုင်းရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့ စကားလုံးတွေ တစ်ခါတစ်ရံ ထည့်သုံးတာမျိုးရှိတယ်။ ကိုယ်နဲ့ နီးစပ်တဲ့စကားလုံး၊ ကိုယ့်ရဲ့ လက်တွေ့ဘဝထဲမှာ အမြဲကြားနေကျ စကားလုံးဆိုတော့ ပိုမှတ်မိအောင်လို့ပါ။

အဲဒါကို တချို့က ကလက်တယ်၊ ပေါ့ပျက်တယ်၊ လောကီဆန်တယ်၊ ကိလေသာ ညှိစော်နံတယ် စသည်အားဖြင့် ကဲ့ရဲ့တာမျိုးတွေလည်း ရှိတယ်။

သူတို့ကဲ့ရဲ့တယ် ဆိုတာက နောက်ကျနေပါသေးတယ်။ ဒီစာ မရေးခင်ကတည်းကိုက . . . ရေးသင့်သလား၊ မရေးသင့်ဘူးလား။ ထည့်လိုက်ရ ကောင်းမလား၊ မထည့်

http://www.dhammadownload.com

ရင် ကောင်းမလား။ ထည့်လိုက်ရင်တော့ ဘယ်လိုဖြစ်လာမလဲ။ ကြိုပြီးတော့ မသိဘူးလား။ သိတာပေါ့။ သိပေမယ့် တကယ်လိုအပ်တယ် ထင်လို့ကို ထည့်သုံးလိုက်တာ။ ထည့်သုံးလိုက်တော့ မကြိုက်တဲ့သူက မကြိုက်ပေမယ့် ကြိုက်တဲ့သူအတွက်တော့လည်း အကျိုးရှိတာပါပဲ။

ဥပမာဆိုပါတော့။ 'မသေခင်ဘာလုပ်ကြမလဲ' ဆိုတဲ့ စာအုပ်ထဲမှာ 'မမှတ်ရင် မနေနိုင်တာကလွဲလို့' ဆိုတဲ့ ခေါင်းစဉ်ငယ်လေးတစ်ခု ပါတယ်။ အဲဒါကို တစ်ယောက်က ဝေဖန်လိုက်တာ စာမျက်နှာ သုံးလေးမျက်နှာနဲ့ ရစရာကို မရှိဘူး။ ကာမဂုဏ်ကို အထင်ကြီးတယ်၊ ကိလေသာအငွေ့အသက်တွေပါတယ် . . . ဘာညာပေါ့။

ဒကာမကြီးတစ်ယောက်ကကျတော့ 'အရှင်ဘုရားရဲ့ 'မသေခင်ဘာလုပ်ကြမလဲ' ဆိုတဲ့စာအုပ်ထဲက 'မမှတ်ရင် မနေနိုင်တာကလွဲလို့' ဆိုတဲ့အခန်းလေး အကြိုက်ဆုံးပဲတဲ့။ အဲဒါလေး ဖတ်ပြီးကတည်းက တပည့်တော် သွားရင်း လာရင်း လုပ်ရင်းကိုင်ရင်းနဲ့ အမှတ်တွေ ပိုပြီးတော့ မြဲသွားတယ်။ နဂိုတုန်းကတော့ အမြဲတမ်း မှတ်သင့်တယ်ဆိုတာကို သိတော့ သိပါတယ်။ ဒါပေမဲ့ မမှတ်ဖြစ်ဘူး။ အခုတော့ 'မမှတ်ရင် မနေနိုင်တာက လွဲလို့'ဆိုတဲ့ စကားလေး ကြိုက်လွန်းလို့ တပည့်တော်တို့ကြိုက်တဲ့ သီချင်းစာသားလေး နည်း

http://www.dhammadownload.com

မှီပြီးတော့ ပြောထားတာဆိုတော့ စိတ်ထဲမှာလည်း ပိုစွဲတယ်။ တရားတွေလည်း ပိုမှတ်ဖြစ်တယ်' တဲ့။

စာရေးတယ် ဆိုတဲ့ ရည်ရွယ်ချက်ကိုက စာဖတ်ပရိသတ်တွေ အကျိုးရှိပါစေတော့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေးတာဆိုတော့ ကလက်တယ်၊ ပေါ့ပျက်တယ် ဘယ်လိုပဲ ဝေဖန်ဝေဖန် အကျိုးရှိတယ်ဆိုရင် ကျေနပ်ပါတယ်။ စာဖတ်ပရိသတ် အကျိုးရှိတယ်ဆိုရင် ဦးဇင်းကို ဘယ်လိုပဲ ဝေဖန်ပုတ်ခတ်ပါစေ။ အဲဒီဝေဖန်ပုတ်ခတ်မှုတွေအားလုံးကို ခေါင်းငုံ့ပြီးတော့ အပြုံးလေးနဲ့ ခံယူပါ့မယ်။

■

http://www.dhammadownload.com



## အဖျက်သန်လေ အတက်မြန်လေ

စာရေးကတည်းကိုက . . . ကိုယ့်ရဲ့ ဂုဏ်သိက္ခာ အတွက် ရေးတာ မဟုတ်ပါဘူး။ တစ်ဖက်သားအကျိုးရှိဖို့ အတွက် ရေးတာပါ။

စာရေးနေတာ ကိုယ့်ဂုဏ်တက်ဖို့၊ ကိုယ့်စာခန့်ဖို့၊ ကိုယ့်စာတည်ဖို့၊ ကိုယ့်စာကို သူများချီးကျူးခံရဖို့ရေးတာ မဟုတ်ပါဘူး။

ကိုယ့်စာဖတ်သူတွေ အကျိုးရှိဖို့၊ အသိဉာဏ်တိုးဖို့၊ စိတ်ထားတတ်ဖို့၊ စိတ်အေးချမ်းဖို့၊ ကုသိုလ်ပါရမီတွေ ဖြည့်ကျင့်ဖြစ်ဖို့၊ တရားဘာဝနာတွေ အားထုတ်ဖြစ်ဖို့၊ တရားထူးတွေ ရပြီး နိဗ္ဗာန်ရောက်ဖို့ ရေးတာပါ။

http://www.dhammadownload.com

ကိုယ်ရေးတဲ့စာကြောင့် ကိုယ့်ရဲ့ဂုဏ်သိက္ခာမထွက်ပေါ် ရင်နေပါစေ။ ကိုယ့်ကို ချီးကျူးမခံရရင် နေပါစေ. . . ။ ကိုယ့်စာဖတ်လိုက်တဲ့ပုဂ္ဂိုလ်မှာ . . . ဟုတ်ထိသွားပြီးတော့ အကျိုးရှိသွားတယ်ဆိုရင် ပြီးတာပဲ။ စိတ်ထားနဲ့ ဘဝပြောင်းသွားတယ်ဆိုရင် ပြီးတာပဲ။ မကျေနပ်လည်း လေဖြတ်ရုံပဲရှိတာပေါ့နော်။

တစ်ဖက်သားအကျိုးရှိစေချင်တဲ့ စေတနာသန့်သန့်နဲ့ ရေးတာ. . . ၊ ကိုယ့်စေတနာ ကိုယ်သိပြီးသား၊ ကိုယ့်လိပ်ပြာကိုယ်လုံပြီးသားဆိုတော့ ဘယ်သူပဲ ဘယ်လိုပြောပြော အပြုံးမပျက်ပါဘူး။

အဲဒီလို ပရိသတ်ရင်ထဲ အလွယ်တကူ ရောက်စေတဲ့ စကားလုံးအသုံးအနှုန်းနဲ့ ပတ်သက်ပြီး ဝေဖန်ပုတ်ခတ်ကြလေ၊ စာဖတ်ပရိသတ်နဲ့ နီးစပ်တဲ့ ခေတ်မီစကားလုံးတွေ သုံးနှုန်းဖို့ ပိုပြီးတော့ စိတ်အားထက်သန်လေပါပဲ။ အရွဲ့တိုက်တာတော့ မဟုတ်ပါဘူးနော်။ လိုအပ်တဲ့အခါကျရင် သုံးနှုန်းဖို့ ပိုပြီးတော့ စိတ်အားထက်သန်တယ်။ ကိုယ့်စာပရိသတ်ရင်ထဲ ရောက်စေချင်ရင် ရင်ထဲရောက်မယ့် စကားလုံး သုံးကိုသုံးနှုန်းရမှာပေါ့။ နို့မို့ရင် စာရေးတာ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ။

တချို့ဝေဖန်ရေးသမားကျတော့လည်း ဘယ်လို

http://www.dhammadownload.com

ဝေဖန်သလဲ ဆိုတော့ စာရေးတဲ့ သက်တမ်းက ဘယ်လောက်မှ မရှိသေးဘူး၊ အုပ်ရေတွေက များလိုက်တာတဲ့။

ပျမ်းမျှအားဖြင့် တစ်နှစ်ကို သုံးအုပ်နှုန်း ထွက်ပါတယ်။ တစ်နှစ် သုံးအုပ်ဆိုတော့ များလား၊ နည်းလား။ နည်းပါတယ်။ တစ်နှစ် သုံးအုပ်ကို များတယ်ဆိုတဲ့သူတွေက စာဖတ်ပျင်းလို့။ တစ်နှစ် သုံးအုပ်ဆိုတော့ တကယ်စဉ်းစားကြည့်ပါလား။ တအားနည်းတာပေါ့နော်။

သာသနာတော် စည်ပင်တိုးတက်ရေးအတွက်၊ ဘုရားအဆုံးအမတွေ ပြန့်ပွားရေးအတွက်ဆိုတာက တရားစာအုပ်ထွက်တာ များလေကောင်းလေပဲ။ တစ်လတစ်အုပ်ထွက်ရင် ပိုမကောင်းဘူးလား။ ပိုကောင်းတယ်နော်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က တချို့ဆရာတော်ကြီးတွေကဆို 'ဦးဆန္ဒာဓိကကို ပြောလိုက်စမ်းပါ။ တစ်လတစ်အုပ် ထုတ်စမ်းပါလို့' တဲ့။ ဆရာတော်ကြီးတွေ ကိုယ်တိုင်က ဖတ်ပြီးတော့ အသိအမှတ်ပြုကြတယ်လေ။

တစ်လတစ်အုပ် ထွက်တယ်ဆိုတာတောင်မှ တကယ်တော့ နည်းသေးတာပါပဲ။ တရားအဆုံးအမဆိုတာက များလေကောင်းလေပါပဲ။ တရားအဆုံးအမ များများသိလေ၊ များများကျင့်သုံးနိုင်လေ၊ များများအကျိုးရှိလေပေါ့။

http://www.dhammadownload.com

သာသနာစိတ်မရှိတဲ့သူတွေအတွက် တစ်နှစ်သုံး အုပ်လောက် ထွက်နေတာ များတယ်ထင်ရပေမယ့် သာသနာစိတ်ရှိတဲ့သူတွေအတွက်ကတော့ တစ်လတစ်အုပ်ထွက် တောင်မှ နည်းနေသေးတာပါပဲ။ ဦးဇင်းတို့ကတော့ သာသနာစိတ်ရှိတဲ့သူတွေရဲ့ ဆန္ဒကိုပဲ ဦးစားပေးနိုင်ပါတယ်။

စာအုပ်အရေအတွက် များဖို့ဆိုတာက ကွန်ပျူတာ ခေတ်မှာ ဘာမှ မခက်ပါဘူးတဲ့။ စက်နဲ့ လှည့်ထုတ် ရပါ တယ်တဲ့။ တကယ်တမ်းကျတော့ လက်နဲ့ ရေးထားတဲ့စာ မရှိဘဲနဲ့ စက်နဲ့ လှည့်ထုတ်လို့ ရပါ့မလား။ မရပါဘူး။ လက်နဲ့ အချိန်ယူရေးထားတဲ့စာ မရှိဘဲနဲ့ စက်ဘယ်လောက်ကောင်း ကောင်း ထုတ်လို့မရပါဘူး။

ရေးတဲ့အချိန်တွေ၊ စဉ်းစားဖို့အချိန်တွေ ပေးရပါ တယ်။ ဖတ်ရှုရတဲ့ အချိန်တွေလည်း ပေးရတာပါပဲ။ လွယ် လွယ်လေးနဲ့ စာအုပ်တစ်အုပ် ဖြစ်လာတာ မဟုတ်ပါဘူး။ ဖတ်တဲ့သူကတော့ တစ်ထိုင်တည်းနဲ့ ဖတ်လိုက်လို့ ရတယ်။ တစ်ရက်တည်းနဲ့ ဖတ်လိုက်လို့ ရတယ်။ ရေးတဲ့သူကတော့ လနဲ့ချီပြီးတော့ ရေးရတာ။

စာအုပ်တွေ များလွန်းတယ်လို့ ဝေဖန်တဲ့ ဝေဖန် စာလေး ကြည့်ပြီးတော့ ဦးဇင်းက အားတွေရှိပြီးတော့ ပျော် လိုက်တာ။ 'အခု တစ်နှစ် သုံးအုပ်ပဲ ထွက်သေးတယ်။ လေး

http://www.dhammadownload.com

အုပ်ထွက်အောင် ကြိုးစားဦးမယ်' လို့နော်။ ကဲ - တွန်းအား တွေ မရဘူးလား။ ရတယ်နော်။

'စာအုပ်တွေ ထွက်တာ နည်းသေးတယ်ဘုရား။ များများထုတ်ပါ' ဆိုရင် ကိုယ်က များများ ထုတ်ဖြစ်ချင်မှ ထုတ်ဖြစ်မှာပါ။ သက်သက်မြှောက်ပြောနေတာ ဆိုပြီးတော့ ကျေနပ်ချင်မှ ကျေနပ်မှာ။ အခုတော့ များတယ် များတယ်နဲ့ ပြောတဲ့အခါကျတော့ 'တစ်နှစ်သုံးအုပ်ပဲ ထွက်သေးတယ်။ တစ်နှစ်လေးအုပ်ထွက်အောင် ကြိုးစားဦးမှပဲ' ဆိုတဲ့ စိတ်ဓာတ်ခွန်အားတွေ ရလာတယ်။

'အသက်လေးဆယ် ပြည့်တဲ့နေ့ကျရင် . . အုပ်ရေ လေးဆယ်ဖြစ်အောင် လုပ်မှပဲ' လို့ စိတ်တော့ကူးထားတာ ပေါ့။ အသက်သုံးဆယ်က စပြီးတော့ စာအုပ်ထွက်တာဆို တော့လေ။ စာရေးသက် ဆယ်နှစ်။ တစ်နှစ်ကို လေးအုပ် နှုန်း ဆိုတော့ ဘယ်နှအုပ်ဖြစ်မတုံး။ လေးဆယ်ဖြစ်မယ်။ ဖြစ်မယ် မဖြစ်မယ်တော့ မသိဘူးပေါ့နော်။ ဒါပေမဲ့ တွန်း အားအဖြစ်နဲ့တော့ ယူထားတယ်။ ဒါ စာအုပ်ထွက်တာ များတယ်ဆိုတဲ့ ဝေဖန်စာရဲ့ကျေးဇူးပဲ။ များတယ် ပြောလေ၊ များအောင် ပိုလုပ်ချင်လေပဲ။

တစ်ခါတစ်ရံကျတော့ ကိုယ်လက် မအီမသာဖြစ် ပြီးတော့ စာရေးရမှာ ပျင်းတယ်။ စိတ်ကလည်း စာဖတ်ပြီး

http://www.dhammadownload.com

တော့ အေးအေးဆေးဆေးပဲ နေချင်တယ်။ စာရေးဖို့ ပျင်းလာပြီဆိုတာနဲ့ တစ်ပြိုင်နက် ကိုယ့်ကို မကောင်းပြောတဲ့ စကားလေးတွေကို နှလုံးသွင်းလိုက်တယ်။ ကိုယ့်ကို ဝေဖန်ပုတ်ခတ်တဲ့စကားလေးတွေကို နှလုံးသွင်းလိုက်တယ်။ အဲဒီလို နှလုံးသွင်းလိုက်တာနဲ့ တစ်ပြိုင်နက် စာရေးဖို့ တွန်းအားတွေက အလိုလို ရလာတော့တာပါပဲ။

ဒီကနေ့ စာအုပ်တွေ ဒီလောက်ထွက်လာတယ်ဆိုတာ ချီးမွမ်းတဲ့သူတွေရဲ့ ချီးမွမ်းမှုကြောင့်တွင် မဟုတ်ဘူး။ ကဲ့ရဲ့တဲ့သူတွေရဲ့ ကဲ့ရဲ့မှုကြောင့်လည်း ပါတယ်။ ဒါ့ကြောင့် ကဲ့ရဲ့သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်နော်။ ဝေဖန်ပုတ်ခတ်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

အဖြစ်အပျက်အာရုံကနေ သံဝေဂယူပါ၊ သင်ခန်းစာယူပါ၊ တွန်းအားယူပါ။

■

http://www.dhammadownload.com



## မတည်မြဲချက်သာမြင်ရင် ဒီဝဲဂယက်က လွတ်ပါတယ်

အခု ကန်စွန်းရွက်လေး ကြော်နေတယ်ဆိုတော့ ကန်စွန်းရွက်လေး ညှိုးနွမ်းသွားတာ အဖြစ်အပျက်အာရုံပဲ။ အဲဒီကနေ မငြိမ်းခိုင်က သံဝေဂဉာဏ် ယူလိုက်တယ်။ ယူလိုက်ပြီးတော့မှ အမြဲတမ်း သတိအမှတ်တွေ ဆက်စပ်အောင် ရှုမှတ်နေတဲ့ပုဂ္ဂိုလ်ဆိုတော့ အဖြစ်အပျက်အာရုံရဲ့ အတွင်းထဲမှာ ငုပ်နေတဲ့ ပရမတ်သဘောတရားအာရုံတွေကိုလည်း မြင်တယ်။

မြင်စရာသဘောလေးတွေကိုလည်း သိတယ်။ မြင်နေတဲ့သဘောလေးတွေကိုလည်း သိတယ်။ ကန်စွန်းရွက်ကြော်ရဲ့ ရနံ့လေး မွှေးနေတော့ ရနံ့ရဲ့ သဘောတရား

http://www.dhammadownload.com

တွေကိုလည်း သိတယ်။

. . . စသည်အားဖြင့်ပေါ့လေ။ မတ်တတ်ရပ်နေရင် တောင့်တင်းခိုင်မာနေတဲ့သဘောလေးတွေကိုလည်း သိတယ်။ ပူနွေးအေးနေတဲ့ သဘောလေးတွေကိုလည်း သိတယ်။ ရုပ်ရဲ့ သဘောတွေရော၊ စိတ်ရဲ့ သဘောတွေရော သိတာပေါ့။ သံဝေဂဖြစ်နေတယ်ဆိုရင် စိတ်ကတော့ ညှိုးနွမ်းတဲ့သဘောလေး ဖြစ်သွားတာနော်။ ညှိုးနွမ်းမှုသဘောလေးကိုလည်း ရှုမှတ်တယ်။ ရှုမှတ်တော့ စိတ်ကလေးက ကြည်လာတယ်၊ ကြည်လာတဲ့စိတ်ကလေးကိုလည်း ပြန်ရှုတယ်။

စသည်အားဖြင့် ကန့်စွန်းရွက်ကြော် ညှိုးနွမ်းသွားတာကြည့်၊ သံဝေဂ ယူ။ ခန္ဓာစိုက် ဝိပဿနာရှု၊ သောတာပန်ဖြစ်၊ ဆက်ပြီးတော့ ကြော်မွှေ၊ သံဝေဂ ယူ၊ ဝိပဿနာဉာဏ် ယူ၊ သကဒါဂါမ်ဖြစ်၊ ပြီးတော့ ကြော်လိုက် မွှေလိုက်၊ သံဝေဂယူ၊ ဝိပဿနာဉာဏ်ယူ၊ အနာဂါမ်ဖြစ်။ တစ်ဆင့်ပြီး တစ်ဆင့် တက်တက်သွားလိုက်တာ . . . ကန့်စွန်းရွက်ကြော် ဒယ်အိုး မီးဖိုပေါ်က မချရသေးဘူး။ အနာဂါမ် ဖြစ်သွားပါတယ်။

အနာဂါမ်ဖြစ်ပြီးတဲ့နောက်ကျမှ ခင်ပွန်းသည်ကို ခွင့်တောင်းပြီးတော့ ဘိက္ခုနီမ ဝတ်၊ ဆက်အားထုတ်လိုက်

http://www.dhammadownload.com

တာ သိပ်မကြာခင်မှာပဲ ရဟန္တာဖြစ်သွားပါတယ်။

ကန်စွန်းရွက်ကြော်တာကို ကြည့်ပြီး သံဝေဂဉာဏ်နဲ့လည်း မတည်မြဲတာမြင်၊ ဝိပဿနာဉာဏ်နဲ့လည်း မတည်မြဲတာ မြင်တဲ့အတွက် သံသရာ ဒီဝဲဂယက်က လွတ်မြောက်သွားခဲ့တာပါ။

မငြိမ်းခိုင်အတွက် ကန်စွန်းရွက်အာရုံဟာ အနာဂါမ်အထိ ဖြစ်စေနိုင်ခဲ့တဲ့အတွက် 'နံ့သာဖြင့် ထုံမွှမ်းအပ်သောအာရုံ' ပါပဲ။ 'နံ့သာဖြင့်ထုံမွှမ်းအပ်သော ကန်စွန်းရွက်' လို့လည်း ပြောနိုင်တာပေါ့။ ဘာကြောင့် အဲဒီလိုဖြစ်ရတာလဲ ဆိုရင်တော့ အကြောင်းရင်းက မငြိမ်းခိုင်ရဲ့ စိတ်ဓာတ်ဟာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတွေနဲ့ ထုံမွှမ်းထားတဲ့ အတွက်၊ တစ်နည်းအားဖြင့် သမထ၊ ဝိပဿနာ ဘာဝနာတွေနဲ့ ထုံမွှမ်းထားတဲ့အတွက် 'နံ့သာဖြင့်ထုံမွှမ်းအပ်သော စိတ်ဓာတ်' ဖြစ်နေလို့ပါ။

ကန်စွန်းရွက်အာရုံကြောင့် အနာဂါမ်ဖြစ်တယ်ဆိုပေမယ့် ကန်စွန်းရွက်အာရုံချည်းသက်သက်နဲ့တော့ ဘာမှ မဖြစ်ပါဘူး၊ အဲဒီကန်စွန်းရွက်အာရုံကို ဝိပဿနာစိတ်ဓာတ်နဲ့ လက်ခံနိုင်လို့၊ တုံ့ပြန်နိုင်လို့၊ ကြည့်နိုင်လို့ အနာဂါမ် ဖြစ်သွားတာပါ။

အာရုံထက် စိတ်ဓာတ်က ပိုအဓိကကျပါတယ်။

http://www.dhammadownload.com

အာရုံက သူ့ချည်းသက်သက် ဘာမှ အကျိုးမပြုနိုင်ပါဘူး။ စိတ်ဓာတ်ကို အမှီပြုပြီးပဲ အကျိုးပြုနိုင်ပါတယ်။ စိတ်ဓာတ် အရည်အသွေးကောင်းလေ၊ အာရုံက ပိုပြီး အကျိုးပြုလေပါပဲ။ စိတ်ဓာတ်က 'နံ့သာဖြင့် ထုံမွမ်းအပ်သောစိတ်ဓာတ်' ဖြစ်မှ အာရုံက 'နံ့သာဖြင့် ထုံမွမ်းအပ်သောအာရုံ' ဖြစ်သွားတာပါ။

'နံ့သာဖြင့် ထုံမွမ်းအပ်သောအာရုံ' တဲ့။ အဖြစ်အပျက်အာရုံရော၊ သဘောတရားအာရုံရော အာရုံနှစ်မျိုးလုံးဟာ နံ့သာဖြင့် ထုံမွမ်းအပ်သောစိတ်ဓာတ်ပိုင်ရှင်အတွက် နံ့သာဖြင့် ထုံမွမ်းအပ်သောအာရုံ ဖြစ်ပါတယ်။

အာရုံဟာ ဘယ်လောက်တောင် မွှေးတဲ့ နံ့သာနဲ့ ထုံမွမ်းပြီးသား ဖြစ်သွားသလဲဆိုရင် နိဗ္ဗာန်တည်းဟူသော နံ့သာနဲ့ပါ ထုံမွမ်းပြီးသား ဖြစ်သွားပါတယ်။

နံ့သာလှူလို့ရှိရင် . . လူချင်လူခင် ပေါမှားတယ်။ အားလုံးက ဝိုင်းပြီးတော့ ချစ်ကြတယ်လို့ဆိုပေမယ့် လူတွေ၊ နတ်တွေရဲ့ ချစ်ခြင်းဆိုတာက တည်မြဲတဲ့သဘော မရှိပါဘူး။ သူတို့နှစ်သက်တဲ့ အကြောင်းတရားရှိလို့ ချစ်တာပါ။ သူတို့ မနှစ်သက်တော့တဲ့ အကြောင်းတရား ကိုယ့်မှာ ပေါ်လာပြီဆိုရင်တော့ ချစ်ခြင်းတရားတွေလည်း ပျက်ပြယ်သွားမှာပါပဲ။

http://www.dhammadownload.com

နောက်ဆုံး သေသွားလို့ရှိရင်တော့ ကိုယ့်ကိုဘယ်လောက်ချစ်တဲ့ ချစ်ခြင်းမေတ္တာပဲဖြစ်ဖြစ် ကိုယ်မရတော့ပါဘူး။ ကိုယ်ရထားသမျှ ချစ်ခြင်းမေတ္တာအားလုံးကို ကိုယ်သေရင် စွန့်လွှတ်ထားခဲ့ရတော့မှာပါပဲ။

စက္ကန့်နဲ့အမျှ အချိန်တိုင်း အစဉ်ထာဝရ ရနေမယ့် ချစ်ခြင်းဆိုတာ မရှိပါဘူး။ အသက်ရှင်နေစဉ်မှာလည်း အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးသွားနိုင်သလို သေသွားရင်လည်း စွန့်လွှတ်ထားခဲ့ရမှာပါ။ နံ့သာအလှူကြောင့် ရလာမယ့် ချစ်ခြင်းတရားတွေရဲ့ မတည်မြဲတဲ့သဘောကို ဆင်ခြင်နိုင်မယ်ဆိုရင် ချစ်ခြင်းဆိုတဲ့ ဝဲဂယက်၊ သံသရာဆိုတဲ့ ဝဲဂယက်ကနေ ရုန်းထွက်လွတ်မြောက်နိုင်ပါပြီ။

နိဗ္ဗာန်တည်းဟူသော . . . နံ့သာခေတ်ကလေးရဲ့ အချစ်ခံရတာက မကောင်းဘူးလား။ ကောင်းတယ်။ နိဗ္ဗာန်က ကိုယ့်ကို ချစ်တာလောက် ကောင်းတာ မရှိတော့ဘူး။ နိဗ္ဗာန်ရဲ့ အချစ်ခံရတာက ဘယ်တော့မှ မပျက်စီးနိုင်တော့ဘူးလေ။ အစဉ်ထာဝရ တည်တံ့ခိုင်မြဲသွားပြီ။

နိဗ္ဗာန်က ကိုယ့်ကို ချစ်ဖို့အတွက်ဆိုရင်တော့ ကိုယ့်မှာ မဂ်တရား ဖိုလ်တရားဆိုတဲ့ နံ့သာလေး ရှိမှဖြစ်မယ်။ မဂ်ဖိုလ်ဆိုတဲ့ နံ့သာလေးရှိဖို့အတွက် ကိုယ့်မှာ ဝိပဿနာ ဉာဏ်ဆိုတဲ့ နံ့သာရှိမှ ဖြစ်ပါမယ်။

http://www.dhammadownload.com

ဒါ့ကြောင့် ကိုယ်အမူအရာ ဘာပဲပြုပြု ပြုတိုင်းပြုတိုင်း သတိပဋ္ဌာန်နည်းလမ်းလေးအတိုင်း ဖြစ်တိုင်းသိနေပါ။ စိတ်အမူအရာ ဘာပဲဖြစ်ဖြစ် ဖြစ်တိုင်းဖြစ်တိုင်း သတိပဋ္ဌာန်နည်းလမ်းလေးအတိုင်း . . . ဖြစ်တိုင်းသိနေပါ။ သိတဲ့ဉာဏ်၊ မှတ်တဲ့ဉာဏ်တွေ အားကောင်းသွားရင် ပရမတ်သဘောတရား အသားသက်သက်ပဲ မြင်ပြီးတော့ ဖြစ်ပျက်မြင်တဲ့ ဝိပဿနာဉာဏ်တွေ အားကောင်းလာပါလိမ့်မယ်။ ဒါ့ကြောင့် ပြန်ဆိုလိုက်ပါ။

အာရုံတိုင်းမှာ၊ မွေးနံ့သာ၊ ပျံ့ကာသင်းရမည်။

■

http://www.dhammadownload.com



## နေရာအနှစ်မြှတ်တိုင်းမှာ သချာအစစ်ဓာတ်ရှိပါတယ်

'နံ့သာဖြင့်ထုံမွမ်းအပ်သော' ဆိုတဲ့ တရားနိဂုံးပိုင်းမှာ ဘာပြောချင်သလဲဆိုတော့ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တိုင်းရဲ့ အဝိဇဟိတဌာန လေးခုကို ပြောချင်ပါတယ်။ ဒါနောက်ဆုံးပိတ် အိတ်နဲ့လွယ် စကားလေးပေါ့နော်။ အဲဒါကလည်း ဂန္ဓကုဋိနဲ့ ဆက်စပ်နေလို့ ပြောတာပါပဲ။

ပွင့်တော်မူခဲ့ပြီးသမျှ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တိုင်း မစွန့်တဲ့နေရာဌာန လေးခုရှိတယ်။ အဝိဇဟိတဌာန လို့ခေါ်တာပေါ့။ သံဝေဇနီယဌာနနဲ့ မတူဘူးနော်။ လေးခုတော့ လေးခုချည်းပဲ။ မတူဘူး။ ဝိဇဟိတ ဆိုတာ 'စွန့်' တာ၊ အ, က 'မ' ဆိုတော့ အဝိဇဟိတ ဆိုတာ မစွန့်တာပေါ့။

http://www.dhammadownload.com

သမ္မာသမ္ဗုဒ္ဓဘုရားရှင်တိုင်း မစွန့်တဲ့ အပရာဇိတ ဌာနလေးခုဆိုတာ . . . ပထမအပရာဇိတဌာနက အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ရရှိတဲ့ ဗောဓိပင်နဲ့ ရွှေပလ္လင်နေရာဟာလည်း သမ္မာသမ္ဗုဒ္ဓဘုရားရှင်တိုင်း မစွန့်တဲ့ နေရာ။

ဒီနေ့ ဒီအချိန်အထိ အသင်္ချေအနန္တ မရေမတွက် နိုင်အောင် သမ္မာသမ္ဗုဒ္ဓဘုရားရှင်တွေ ပွင့်ထွန်းပေါ်ပေါက် ခဲ့ပြီးပါပြီ။

ပွင့်တော်မူသမျှ ဘုရားရှင်အားလုံးဟာ အခု ဦး ဇင်းတို့ ဂေါတမ မြတ်စွာဘုရားရှင် ပွင့်တော်မူတဲ့ ဗောဓိပင် နဲ့ ရွှေပလ္လင်နေရာမှာပဲ ပွင့်တော်မူကြပါတယ်။ တစ်စင်တီမီ တာလေးတောင် မရွှေ့ပါဘူး။ တစ်လက်မလေးတောင် မ စောင်းပါဘူး။ ဒီနေရာတည့်တည့်လေးမှာပဲ ဘုရားဖြစ်တော် မူကြပါတယ်။

နေရာကိုလည်း ပညတ်တွေပဲ ဆိုပြီးတော့ သွား အထင်မသေးနဲ့နော်။ လူ့ရဲ့ စိတ်ဓာတ်နဲ့ လုပ်ရပ်က အဓိက ဆိုပေမယ့် သက်မဲ့တွေမှာလည်း ထူးခြားတဲ့ ဓာတ်သတ္တိတွေ ရှိနေပါတယ်။

ပွင့်တော်မူခဲ့ပြီးသမျှ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တိုင်း အဲဒီနေရာမှာပဲ ပွင့်တယ်။ အခု ဦးဇင်းတို့ရဲ့ ဂေါတမ မြတ်

http://www.dhammadownload.com

စွာဘုရားရှင်လည်း ဒီနေရာမှာပဲ ပွင့်တယ်။ နောင်ပွင့်မယ့် အရိမေတ္တယျဘုရားရှင်ရော၊ နောက်နောင်ကမ္ဘာတွေ ကမ္ဘာတွေမှာ ပွင့်ကြမယ့် အသင်္ချေ အနန္တ မရေမတွက်နိုင်တဲ့ ဘုရားရှင်တွေရော၊ ဘုရားမှန်ရင်တော့ ဒီဗောဓိပင်နဲ့ ရွှေပလ္လင်နေရာ၊ ဗုဒ္ဓဂယာနေရာမှာပဲ ပွင့်တော်မူကြပါလိမ့်မယ်။ ဒီပရဝဏ်လောက်လေးအတွင်းကို မဟုတ်ဘူးနော်။ နေရာကိုက စင်တီမီတာ လုံးဝ မလွဲပါဘူး။ ဒီနေရာ ကွက်တိကို ဘုရားဖြစ်ပါတယ်။

နောက် ဒုတိယ အဝိဇဟိတဌာနကတော့ ဘုရားဖြစ်ပြီးတဲ့နောက် တရားဦး ဓမ္မစကြာဟောတဲ့နေရာဟာလည်း ဒီနေရာမှာပဲတဲ့။ မိဂဒါဝုန်တောထဲက ပဉ္စဝဂ္ဂီငါးဦးကို ဟောတဲ့နေရာမှာပဲ ရှေးဘုရားရှင်တွေ အားလုံးရော၊ နောက်နောင်ပွင့်မယ့်ဘုရားရှင်တွေ အားလုံးရော၊ ဘုရားမှန်ရင် အဲဒီနေရာမှာပဲ၊ တစ်စင်တီမီတာမလွဲတဲ့နေရာလေးမှာပဲ တရားဦးဓမ္မစကြာ ဟောတော်မူကြပါလိမ့်မယ်။

နောက် တတိယ အဝိဇဟိတဌာနကတော့ တာဝတိံသာနတ်ပြည်မှာ မယ်တော်ကို ချီးဖိုးဆပ်တဲ့အနေနဲ့ အဘိဓမ္မာ တရားဟောပြီး ပြန်လာ။ သီတင်းကျွတ် လပြည့်နေ့ လူ့ပြည်ကို ပြန်လည်ဆင်းသက်လာတော့ သင်္ကာသနဂိုရ်ပြည်မှာ လူ့ပြည်ကို ပထမဦးဆုံး ခြေဖဝါးချတဲ့နေရာဟာ

http://www.dhammadownload.com

လည်း ဒီနေရာပါပဲတဲ့။

ရှေးတုန်းကဘုရားရှင်တွေရော၊ အခုလက်ရှိ ဘုရားရှင်ရော၊ နောင်ပွင့်တော်မူမယ့် ဘုရားရှင်တွေ အားလုံးရော မိခင်ကျေးဇူးဆပ်တဲ့အနေနဲ့ အဘိဓမ္မာတရား ဟောပြီး လူ့ပြည် ပြန်ဆင်းလာရင် အခုလက်ရှိ သင်္ကာသနဂိုရ်ပြည်က ဦးဇင်းတို့ မြတ်စွာဘုရား ပထမဆုံး ခြေဖဝါးချတဲ့နေရာမှာပဲ ခြေဖဝါးချတော်မူကြပါလိမ့်မယ်။ ဒါလည်း ဘုရားတိုင်း တစ်စင်တီမီတာမှ မလွဲတဲ့နေရာပဲနော်။

နောက်ဆုံးအပိဇဟိတဌာနကတော့ ဇေတဝန်ကျောင်းတော်အတွင်း ဦးဇင်းတို့မြတ်စွာဘုရား သီတင်းသုံးတော်မူတဲ့ ဂန္ဓကုဋိကျောင်းဆောင်ထဲက မြတ်စွာဘုရား ကျိန်းစက်တဲ့၊ မြတ်စွာဘုရား နားနေတဲ့ ခုတင်ရဲ့ခြေထောက်လေးချောင်း ကျတဲ့နေရာဟာလည်း ဘုရားတိုင်း ဒီတစ်နေရာပါပဲ။ မလွဲပါဘူး။

ရှေးရှေးသော ဘုရားတွေအားလုံး သီတင်းသုံးတော်မူတဲ့၊ ကျိန်းစက်တော်မူတဲ့ နေရာဟာလည်း ဒီနေရာပါပဲ။ တစ်စင်တီမီတာတောင် မလွဲပါဘူး။ ဦးဇင်းတို့ မြတ်စွာဘုရား ကျိန်းစက်တော်မူတဲ့ ခုတင်ရော၊ အရိမေတ္တေယျဘုရားနဲ့တကွ အသင်္ချေအနန္တပွင့်တော်မူကြမယ့် ဘုရားရှင်တွေအားလုံးရဲ့ ကျိန်းစက်ရာခုတင်ရဲ့ ခြေလေးချောင်းချတဲ့

http://www.dhammadownload.com

နေရာဟာလည်း ဒီတစ်နေရာတည်းပါပဲတဲ့။ လုံးဝ မလွဲပါဘူး။ ဘယ်လောက်အံ့ဩစရာကောင်းထားလဲနော်။

ဒါကြောင့်မို့လို့ . . . ဇေတဝန်ကျောင်းတော်ထဲက အနာထပိဏ် သူဌေးကြီး ဆောက်လုပ်လှူဒါန်းထားတဲ့ ဂန္ဓကုဋိကို ဂန္ဓကုဋိတကာ ဂန္ဓကုဋိတို့ရဲ့ အထွတ်အခေါင်ဖြစ်လို့ 'မဟာဂန္ဓကုဋိ' လို့ ခေါ်ပါတယ်။ ရိုးရိုးဂန္ဓကုဋိတောင် မဟုတ်ဘူးနော်။ မဟာဂန္ဓကုဋိ။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တိုင်းရဲ့ ဂန္ဓကုဋိဟာ ဒီတစ်နေရာတည်းမှာပဲ။

ခုန ကဿပဘုရားရှင်လက်ထက်က သုမင်္ဂလ သူဌေးကြီးဆောက်တဲ့ ဂန္ဓကုဋိနေရာဟာလည်း အခု ဂေါတမဘုရားရှင်လက်ထက် အနာထပိဏ်သူဌေးကြီး ကျောင်းဆောက်တဲ့ ဂန္ဓကုဋိနေရာပဲနော်။ ကျောင်း အကြီးအသေးတော့ ဘုရားတစ်ဆူနဲ့ တစ်ဆူ တူချင်မှ တူမယ်။ ကျောင်းဆောင်ထဲက ခုတင်ခြေလေးချောင်း ချထားတဲ့နေရာကတော့ အတူတူပဲ၊ ဒီနေရာကွက်တိပါပဲ။

■

http://www.dhammadownload.com



## လေးလုပ်လုပ်လေ လူလင်းလက်လေ

ဘုရားရှင်တိုင်း မစွန့်တဲ့ ဒီအဝိဇဟိတဋ္ဌာနလေးခုကို ကြည့်ပြီး ကောက်ချက်ချကြည့်လိုက်မယ်ဆိုရင် လောကမှာ သိပ်အရေးကြီးတဲ့အလုပ် လေးခု ထွက်လာတယ်။ လူတစ်ယောက်ရဲ့ ဘဝမှာ အရေးကြီးဆုံးအလုပ်လေးခု ဆိုပါတော့။

ဘုရားရှင်တိုင်းရဲ့ ကိလေသာ အမြစ်ပြတ် ပယ်သတ်တဲ့နေရာ တစ်နေရာတည်းဆိုတာကို ကြည့်ခြင်းအားဖြင့် . . . ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်လို့ အကောင်းဆုံးသော ကိုယ်ကျိုးဖြစ်တဲ့အရဟတ္တဖိုလ်ကို ရစေတဲ့ 'ကိလေသာ အမြစ်ပြတ် ပယ်သတ်တဲ့အလုပ်' ဟာလည်း သိပ်အရေးကြီးတဲ့အလုပ်ပဲဆိုတာကို ကောက်ချက်ချလိုက်ပါ။

http://www.dhammadownload.com

ကိုယ်ကျိုး ကိုယ့်စီးပွားတွေထဲမှာတော့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဆိုတဲ့ အကျိုးစီးပွားဟာ အဆင့်အမြင့်ဆုံး အကျိုးစီးပွားပါပဲ။ ကိုယ်ကျိုး ကိုယ့်စီးပွားအစစ်ဖြစ်တဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ် ရအောင်ယူတဲ့အလုပ်၊ တစ်နည်း ကိလေသာ အမြစ်ပြတ်ပယ်သတ်တဲ့အလုပ်ဟာ ဘဝမှာ အရေးကြီးဆုံးအလုပ်ပါပဲ။

ဘုရားရှင်တိုင်းရဲ့ သစ္စာလေးပါး တရားဦးဟောတဲ့နေရာ တူတယ်ဆိုတာကို ကြည့်ခြင်းအားဖြင့် . . လောကမှာ အမှန်တရားကို ထုတ်ဖော်ပြောဆိုတဲ့အလုပ်၊ အမှန်တရား ပြန့်ပွားအောင် ဖြန့်ဝေတဲ့အလုပ်၊ အမှန်တရားဘက်က ရပ်တည်တဲ့ အလုပ်ဟာလည်း . . . သိပ်အရေးကြီးတဲ့ အလုပ်ပဲ ဆိုတာကို ကောက်ချက်ချရမယ်။

သူတစ်ပါးကို ပေးတဲ့ အပေးမှန်သမျှထဲမှာ အမှန်တရားပေးတဲ့ အပေးဟာ အမွန်မြတ်ဆုံး၊ အဆင့်အမြင့်ဆုံးပါပဲ။ အမှန်စကားပြောခြင်း၊ အမှန်တရားဟောခြင်း၊ အမှန်သတင်း ဖြန့်ဝေခြင်းထက် သာလွန်တဲ့ ပေးခြင်း လောကမှာ မရှိတော့ပါဘူး။ အမှန်တရားဘက်က ရပ်တည်ပြီး အမှန်တရားထွန်းကားအောင် လုပ်တဲ့အလုပ်ဟာ လူပီသတဲ့ လူတိုင်းရဲ့ အရေးကြီးဆုံးအလုပ်ပါပဲ။

ဘုရားရှင်တိုင်းရဲ့ မိခင်ကျေးဇူးဆပ်ပြီးတော့ လူ

http://www.dhammadownload.com

ပြည်ပြန်ဆင်းလာတဲ့ ခြေဖဝါးနေရာ တူတယ်ဆိုတာကို ကြည့်ခြင်းအားဖြင့် . . . မိဘကျေးဇူးဆပ်တဲ့အလုပ်ဟာလည်း သိပ်အရေးကြီးတဲ့အလုပ်ပဲ ဆိုတာကို ကောက်ချက်ချရမယ်။

ကိုယ့်အပေါ်မှာ ကျေးဇူးကြီးမားတဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိတဲ့အထဲမှာ မိဘဟာ ကျေးဇူးအကြီးမားဆုံးပါပဲ။ ဘုရားကျေးဇူး ကြီးတာကလည်း တစ်ပိုင်းပေါ့နော်။ ဘုရားမပွင့်တဲ့အချိန်ကျတော့ ဘယ့်နှယ်လုပ်မလဲ။ မိဘကျေးဇူးပဲ ရှိမှာပေါ့နော်။

ဘုရားပွင့်တဲ့အချိန် တရားနာလို့ မဂ်ဖိုလ်နိဗ္ဗာန်တွေ ရတယ်ဆိုတောင်မှ ဒီဘုရားနဲ့တွေ့၊ ဒီဘုရား တရားနာပြီးတော့ ဒီဘုရားတရားတွေ ကျင့်သုံးလို့ရတာ အမေအဖေက မွေးထုတ်ပေးလိုက်လို့ပေါ့။ ဒါ့ကြောင့် လောကကြီးမှာ မိဘကျေးဇူးဆပ်တဲ့အလုပ်ဟာလည်း မလုပ်မဖြစ် အရမ်းအရမ်းကို အရေးကြီးတဲ့အလုပ်ပါပဲ။ .

ဘုရားရှင်တိုင်းရဲ့ ဇေတဝန်ကျောင်းတော်ကြီးအတွင်း သီတင်းသုံးတဲ့နေရာဟာ ထပ်တူထပ်မျှဖြစ်တယ်ဆိုတာကို ကြည့်ခြင်းအားဖြင့် . . . လောကမှာ အများအကျိုးအတွက်လုပ်တဲ့ ပရဟိတအလုပ်ဟာလည်း သိပ်ကိုအရေးကြီးတယ်ဆိုတာကို ကောက်ချက်ချလိုက်ပါ။

လူပီသတဲ့ လူတစ်ယောက်ဖြစ်ဖို့အတွက် ပရဟိတ အလုပ်ဟာ သိပ်ကို အရေးကြီးပါတယ်။ လူတစ်ယောက်ရဲ့ တန်ဖိုးကို အမြင့်ဆုံးတိုင်းတာတဲ့ ပေတံဟာ ပရဟိတအလုပ်ပါ။ ပရဟိတအလုပ် များများလုပ်လေ အဲဒီလူဟာ တန်ဖိုးရှိလေပါပဲ။

ကိုယ့်အရည်အချင်းကို အတိုင်းအတာတစ်ခုအထိ ပြည့်အောင် ဖြည့်ပြီးရင် အဆုံးစွန်အထိ ပြည့်အောင် ဆက်ဖြည့်ရင်း အများအကျိုးပြု ပရဟိတအလုပ်တွေကို ကိုယ်စွမ်းနိုင်သလောက် မလုပ်မဖြစ် လုပ်ရပါမယ်။ မြင့်မြတ်တဲ့ သူတော်ကောင်း လူသားတစ်ဦးအတွက် အဆုံးစွန် အရေးကြီးဆုံးအလုပ်ဟာ အများကောင်းကျိုးပြု ပရဟိတအလုပ်ပါပဲ။

ကိုယ့်အရည်အချင်းကို . . . အဆုံးစွန်အထိ ပြည့်အောင် ဖြည့်ပြီးမှ အများအကျိုးပြု ပရဟိတအလုပ်လုပ်တဲ့ ဘုရား၊ ရဟန္တာပုဂ္ဂိုလ်တွေကိုတော့ ခြွင်းချက်ထားလိုက်ပေါ့။

ဇေတဝန်ကျောင်းတော်ဆိုတာ မြတ်စွာဘုရားရှင်ရဲ့ ပရဟိတအလုပ် အများဆုံးလုပ်ခဲ့တဲ့နေရာပါ။ (၁၉)ဝါတောင် သီတင်းသုံးခဲ့တာဆိုတော့ ဘုရားအဖြစ်နဲ့ ကြိမ်ရေအများဆုံး ဝါဆိုခဲ့တဲ့နေရာပေါ့။ တရားဟောတဲ့အလုပ်ဟာ မြတ်စွာဘုရားရှင်ရဲ့ အဓိကပဓာန ပရဟိတအလုပ်ဖြစ်လို့

http://www.dhammadownload.com

တရားအများဆုံးဟောခဲ့တဲ့ ဇေတဝန်ကျောင်းတော်ဟာ ပ-ရဟိတအလုပ် အများဆုံး လုပ်ခဲ့တဲ့နေရာပါပဲ။

ဇေတဝန်ကျောင်းတော်ကြီးကို မဟာဂန္ဓကုဋိလို့ ပြောရခြင်းရဲ့ အဓိကအကြောင်းရင်းက ဇေတဝန်ကျောင်းတော်ကြီးဟာ ဘုရားတရားတော်တွေ အများဆုံးမွေးထုတ်တဲ့နေရာ ဖြစ်လို့ပါပဲ။

ဦးဇင်း စာသင်သားဘဝတုန်းက ဦးဇင်းရဲ့ မိတ်ဆွေ အငယ်တန်းဖြေမယ့် ဦးပဥ္စင်းတစ်ပါးက မြန်မာစာမေးခွန်းတစ်ခု လာဖြေခိုင်းဖူးတယ်။ မြန်မာစာမေးခွန်းမှာက 'အောက်ပါတို့ကို သင့်လျော်ရာဝါကျများဖြင့် ဆီလျော်အောင် အသုံးပြုပြပါ' ဆိုတဲ့ မေးခွန်းကလည်း ပါတာကိုး။ အဲဒီထဲမှာ ဇေတဝန်ဆိုတဲ့ စကားလုံးလေးလည်း ပါတယ်။ အဲဒါကို ဦးဇင်းကို လာပြီးတော့ နမူနာဝါကျဖွဲ့ခိုင်းတာပေါ့။ မနှစ်က မေးခွန်းကို ယူလာပြီးတော့ ဖွဲ့ခိုင်းတာ။ လေးငါးဆယ်ခုလောက် ရှိမှာပေါ့လေ။

ဇေတဝန်ဆိုတဲ့ စကားလုံးကို ဦးဇင်းက ဘယ်လိုဝါကျဖွဲ့ပေးလိုက်လဲဆိုတော့ . . .

'ဗုဒ္ဓတရားတော်များ အများဆုံး မွေးဖွားသန့်စင်ရာ ဇေတဝန်ကျောင်းတော်ကြီးသည်ကား အမှန်စင်စစ်ကမ္ဘာ့ငြိမ်းချမ်းရေး ဗဟိုဌာနချုပ်ကြီးပင် ဖြစ်သည်။'

ဒီလိုလေး ရေးပေးလိုက်တယ်။ ခပ်တည်တည်ပဲ နော်။ မခံ့ညားဘူးလား။ မကြီးကျယ်ဘူးလား။ ဒီလိုပဲ ပြောရမှာပေါ့။

ဗုဒ္ဓတရားတော်တွေအားလုံးဟာ စိတ်ကို ငြိမ်းချမ်းစေတဲ့ တရားတွေချည်းပါပဲ။ စိတ်တိုင်း စိတ်တိုင်း ငြိမ်းချမ်းရင် စိတ်တွေနဲ့ ဖွဲ့စည်းထားတဲ့ လူတိုင်း လူတိုင်း ငြိမ်းချမ်းမယ်။ လူတိုင်း လူတိုင်း ငြိမ်းချမ်းရင် လူတွေနဲ့ ဖွဲ့စည်းထားတဲ့ ကမ္ဘာကြီး ငြိမ်းချမ်းမယ်။ ဗုဒ္ဓတရားတော်အတိုင်းသာ လူတိုင်း ကျင့်သုံးကြရင် ကမ္ဘာကြီး ငြိမ်းကို ငြိမ်းချမ်းပါတယ်။

ဒါ့ကြောင့် ဦးဇင်းက 'ဇေတဝန်' ဆိုတဲ့ စကားလုံးကို 'ဗုဒ္ဓတရားတော်များ အများဆုံး မွေးဖွားသန့်စင်ရာ ဇေတဝန်ကျောင်းတော်ကြီးသည်ကား အမှန်စင်စစ် ကမ္ဘာ့ငြိမ်းချမ်းရေး ဗဟိုဌာနချုပ်ကြီးပင်ဖြစ်သည်' လို့ ဝါကျဖွဲ့ပေးလိုက်တာပါ။

ဇေတဝန်ကျောင်းတော်ကြီးထဲက ဂန္ဓကုဋိကို . . မဟာထည့်ပြီး 'မဟာဂန္ဓကုဋိ' လို့ နာမည်တပ်တာ အဲဒီသဘောပါပဲ။ ဗုဒ္ဓတရားတော်တွေ အများဆုံး မွေးဖွားသန့်စင်ခဲ့တဲ့နေရာဖြစ်လို့ပါ။ မြတ်စွာဘုရား ဂန္ဓကုဋိကျောင်းတော်မှာ သီတင်းသုံးတယ်ဆိုတာ တရားမွေ့ ဖြန့်ဝေဖို့ သီတင်းသုံးတာပါ။

http://www.dhammadownload.com



## မနောလု သင်းကြိုတဲ့ လောကအလင်းလူဖြစ်ပါစေ

ဒါ့ကြောင့် ဂန္ဓကုဋိရဲ့ အဓိပ္ပာယ်ကို နဂိုမူလပြောခဲ့တာက ရနံ့မွှေးတဲ့ပန်းတွေနဲ့ သင်းပျံ့ကြိုင်လှိုင်နေလို့ ဂန္ဓကုဋိ။ အခု ဒီမှာ ဘုရားတိုင်း မစွန့်တဲ့ နေရာဌာန ဇေတဝန်ကျောင်း ဂန္ဓကုဋိဆိုတာကို ကြည့်ပြီးတော့ ဦးဇင်း အဓိပ္ပာယ်တစ်မျိုး ပြောလိုက်ချင်တာက 'ရနံ့မွှေးတဲ့ပန်းနဲ့ အလားသဏ္ဍာန်တူတဲ့ တရားမွေ့တွေကို စကြဝဠာကမ္ဘာအနှံ့ ပြန့်သွားအောင် ဖြန့်ဝေပေးလို့ ဂန္ဓကုဋိ'။

တရားမွေ့ဆိုတာ ရနံ့မွှေးတဲ့ပန်းနဲ့အလားသဏ္ဍာန်တူတယ်နော်။ တစ်ဖက်သားအတွက် အကျိုးရှိစေ၊ အကျိုးကြီးစေတဲ့အတွက် ဒီတရားမွေ့တွေဟာ ရနံ့မွှေးတဲ့ ပန်းနဲ့

http://www.dhammadownload.com

တူပါတယ်။ တရားကို ရနံ့မွှေးတဲ့ပန်းနဲ့ ဥပမာပေးထားတဲ့ ဘုရားဟောဒေသနာတော်တွေလည်း ရှိတာပါပဲ။

ဒါ့ကြောင့် ဂန္ဓဆိုတာကို ရိုးရိုးမွှေးရနံ့ကို မယူဘဲနဲ့ ဂန္ဓ - ရနံ့မွှေးသောပန်းနဲ့ အလားသဏ္ဍာန်တူတဲ့ တရားမေ့မျှား၊ သူတော်ကောင်းတရားများကို၊ ကုဋိ -ဖြန့်ချိတဲ့ကျောင်းတော်။ ဂန္ဓကုဋိ = ရနံ့မွှေးသောပန်းနဲ့ အလားတူတဲ့ တရားမွေ့များကို ဖြန့်ချိသောကျောင်း။

ဂန္ဓကုဋိဆိုတာ ပရဟိတရဲ့ သင်္ကေတ၊ တရားမွေ့ရဲ့ သင်္ကေတ။

သဘောပေါက်ပြီလား။ ဒါဆိုရင် ဒါကို နည်းမှီပြီးတော့ ကိုယ့်ရဲ့ အိမ်ကိုလည်း 'နံ့သာဖြင့်ထုံမွှမ်းအပ်သော အိမ်' ဖြစ်အောင် ကြိုးစားရမယ်။ ပရဟိတဆိုတဲ့ နံ့သာ၊ တရားမွေ့ဆိုတဲ့ နံ့သာနဲ့ ထုံမွှမ်းထားရမှာပေါ့။

မိဘ၊ ဆွေမျိုး၊ အသိုင်းအဝိုင်း၊ ကိုယ့်မိတ်ဆွေ၊ အနီးပတ်ဝန်းကျင် ဆက်စပ်ရာကနေ စပြီးတော့ တစ်ဖက်သားရဲ့ အကျိုးစီးပွားတွေကို မေတ္တာစေတနာသန့်သန့်နဲ့ ဆောင်ရွက်ပေးနေမယ်ဆိုရင် ကိုယ့်ရဲ့ အိမ်ဟာလည်း နံ့သာဖြင့် ထုံမွှမ်းအပ်သောအိမ် ဖြစ်နေမှာပေါ့။

တစ်နည်းအားဖြင့် ပြောရင်တော့ ကိုယ့်အိမ်မှာရှိတဲ့ ပစ္စည်းအသုံးအဆောင်တွေ၊ ရွှေ ငွေ အစရှိတဲ့ ပိုင်ဆိုင်တဲ့

http://www.dhammadownload.com

သက်ရှိ သက်မဲ့အရာမှန်သမျှ တရားသောနည်းနဲ့ ရထားတဲ့ အရာတွေဆိုရင်၊ အဲဒီတရားသောနည်းနဲ့ ရထားတဲ့ပစ္စည်း ဥစ္စာတွေရှိတဲ့ အိမ်ဟာလည်း နံ့သာဖြင့် ထုံမွမ်းအပ်သော အိမ်ပေါ့။

တရားတဲ့နည်းနဲ့ ရထားတဲ့ ဝင်ငွေဟာ နံ့သာဖြင့် ထုံမွမ်းအပ်သော ဝင်ငွေ။ တရားတဲ့နည်းနဲ့ ရထားတဲ့ ရာထူးဟာ နံ့သာဖြင့်ထုံမွမ်းအပ်သော ရာထူး။ တရားတဲ့နည်းနဲ့ ရထားတဲ့ ထင်ပေါ်ကျော်ကြားမှုဟာ နံ့သာဖြင့် ထုံမွမ်းအပ်သော ထင်ပေါ်ကျော်ကြားမှု။ တရားတဲ့နည်းနဲ့ ရထားတဲ့ ပြည့်စုံမှုဟာ နံ့သာဖြင့်ထုံမွမ်းအပ်သော ပြည့်စုံမှု။

'နံ့သာဖြင့်ထုံမွမ်းအပ်သော' လို့ 'သော' နဲ့ ဆုံးထားတဲ့သဘောကို သဘောပေါက်ပြီ မဟုတ်လား။ အကုန်လုံး ထည့်လို့ရတယ်နော်။

ဒါဖြင့် ကိုယ်ယူထားတဲ့ မိန်းမကရော။ ကိုယ်နဲ့ တွဲနေတဲ့ ချစ်သူရည်းစားကရော။ သူများလက်ထဲက မရရ အောင် အတင်းလုယူထားတာဆိုရင် နံ့သာဖြင့်ထုံမွမ်းအပ် သောချစ်သူ မဟုတ်ပါဘူး။ အခုခေတ် တချို့က အတင်းလု ယူကြလို့လေ။ အဲဒါလည်း ထည့်ပြောရတာ လူငယ်တွေ လည်း ပါတာကိုး။

ကိုယ့်ချစ်သူသည် နံ့သာဖြင့်ထုံမွမ်းအပ်သော ချစ်

http://www.dhammadownload.com

သူ ဖြစ်ပါစေ။ နုံ့သာတွေ လိမ်းထားတာ၊ သနပ်ခါး မိတ်ကပ်တွေ လိမ်းထားတာ ပြောတာ မဟုတ်ဘူးနော်။ တရားတဲ့နည်းနဲ့ရတဲ့ချစ်သူ ဖြစ်ပါစေ။

ဒါ့ကြောင့် သူတော်ကောင်းစိတ်ဓာတ် ရှိမယ်၊ သူတော်ကောင်းအလုပ်ကို လုပ်မယ်၊ သူတော်ကောင်းအင်္ဂါလက္ခဏာနဲ့ နေထိုင်မယ်ဆိုရင် ကိုယ့်အိမ်ဟာ နံ့သာဖြင့် ထုံမွမ်းအပ်သောအိမ်၊ ရပ်ကွက်ဆိုရင်လည်း နံ့သာဖြင့် ထုံမွမ်းအပ်သော ရပ်ကွက်၊ မြို့ဆိုရင်လည်း နံ့သာဖြင့် ထုံမွမ်းအပ်သော မြို့၊ နိုင်ငံဆိုရင်လည်း နံ့သာဖြင့် ထုံမွမ်းအပ်သော နိုင်ငံ၊ ကမ္ဘာဆိုရင်လည်း နံ့သာဖြင့် ထုံမွမ်းအပ်သော ကမ္ဘာ၊ စကြဝဠာဆိုရင်လည်း နံ့သာဖြင့် ထုံမွမ်းအပ်သော စကြဝဠာ၊ စကြဝဠာအနန္တဆိုရင်လည်း နံ့သာဖြင့် ထုံမွမ်းအပ်သော စကြဝဠာအနန္တ။

စကြဝဠာကြီးနဲ့ ချိုပြီး ပြောလိုက်မိပြီဆိုမှတော့ တရားက နိဂုံးချုပ်ဖို့ပဲ ရှိတော့တယ်။ စကြဝဠာအနန္တ ဆိုတော့ ဘာမှ မကျန်တော့ဘူး၊ ကုန်ပြီပေါ့။ ဟောပြောချိန်လည်း နှစ်နာရီတိတိ ရှိသွားပါပြီ။ တရားလည်း အထိုက်အလျောက် ပြည့်စုံသွားပါပြီ။

အရေးအကြီးဆုံးကတော့ စိတ်ဓာတ်ပါပဲ။ စိတ်ဓာတ်က 'နံ့သာဖြင့် ထုံမွမ်းအပ်သောစိတ်ဓာတ်' ဖြစ်ရင်

http://www.dhammadownload.com

လူကလည်း 'နံ့သာဖြင့် ထုံမွမ်းအပ်သောလူ' ဖြစ်သွားပါတယ်။ ကြံသမ္မာအာရုံ၊ တွေ့သမ္မာ အဖြစ်အပျက်၊ ပြုသမ္မာကုသိုလ်ကောင်းမှုအားလုံးဟာ 'နံ့သာဖြင့် ထုံမွမ်းအပ်သောအာရုံ၊ နံ့သာဖြင့် ထုံမွမ်းအပ်သောအဖြစ်အပျက်၊ နံ့သာဖြင့် ထုံမွမ်းအပ်သော ကုသိုလ်ကောင်းမှု' တွေချည်း ဖြစ်သွားပါတယ်။

ပရဟိတ ဆိုတဲ့ နံ့သာ၊ တရားဓမ္မဆိုတဲ့ နံ့သာနဲ့ သင်းပျံ့မွှေးကြိုင်နေတဲ့ စိတ်ဓာတ်ဟာ 'နံ့သာဖြင့် ထုံမွမ်းအပ်သောစိတ်ဓာတ်' ပါ။ ပရဟိတဆိုတဲ့ နံ့သာ၊ တရားဓမ္မဆိုတဲ့ နံ့သာနဲ့ သင်းပျံ့မွှေးကြိုင်နေတဲ့လူဟာ 'နံ့သာဖြင့် ထုံမွမ်းအပ်သောလူ' ပါ။

ဒါ့ကြောင့် အခုတရားနာပရိသတ်များအားလုံး မိမိတို့ရဲ့ စိတ်ဓာတ်နဲ့ ဘဝကို ပရဟိတဆိုတဲ့ နံ့သာ၊ တရားဓမ္မဆိုတဲ့ နံ့သာ၊ ကုသိုလ်ကောင်းမှုဆိုတဲ့ နံ့သာ၊ ပါရမီဆိုတဲ့ နံ့သာ၊ ဝိပဿနာဉာဏ်ဆိုတဲ့ နံ့သာ၊ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ နံ့သာတွေနဲ့ အစွမ်းကုန် ထုံမွမ်းထားနိုင်ကြပါစေ။ နံ့သာဖြင့် ထုံမွမ်းအပ်သော သူတော်ကောင်း သူမြတ်လောင်း ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ ဦးဇင်းတို့ရဲ့ 'နံ့သာဖြင့်ထုံမွမ်းအပ်သော' တရားကို ဒီနေရာမှာပဲ နိဂုံးချုပ်ပါတော့မယ်။

---

http://www.dhammadownload.com

တရားနာပရိသတ်များအားလုံး လက်အုပ်ချီထားကြပါ။

အရေးအကြီးဆုံး စကားတစ်ခွန်းနဲ့ တရားနိဂုံးချုပ်ပါတော့မယ်။

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန - မမေ့မလျော့ မပေါ့မဆ ပြင်းပြထက်သန် မှန်ကန်သော သတိတရားဖြင့်၊

သမ္ပာဒေထ - သီလ၊ သမာဓိ၊ ပညာ ဟုဆိုအပ်သော သိက္ခာသုံးပါးတို့ကို ကိုယ်စီကိုယ်င ပြည့်စုံအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။ ။

သာဓု . . . . သာဓု . . . . သာဓုပါဘုရား။

၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ (၂၇)ရက်၊ သထုံမြို့၊
ရင်းငြိမ်ကုလားချောင်ပရိယတ္တိစာသင်တိုက်အတွင်း၊
သမားတော်ကြီး ဒေါက်တာဦးစံလှ၊ ဒေါ်ခင်ခင်ဦး၊
သား - မင်းအိုက်ချမ်း၊ မင်းမနွေချမ်း၊ မင်းအိုင်းမွန်စိုက်
မိသားစုတို့၏ ဂန္ဓကုဋိကျောင်းဆောင် ရေစက်ချညတရားပွဲ၌
ဟောကြားအပ်သောတရားတော်ကို
ပြုပြင်ဖြည့်စွက်ရေးသားထားပါသည်။

အရှင်သန္တာဓိက(ရွှေပါရမီတောရ)

http://www.dhammadownload.com

# တရားသိမ်းမေတ္တာပို့

အရပ်ဆယ်မျက်နှာ၌


ရှိကြသော

နတ်လူသတ္တဝါအားလုံးတို့သည်

ဘေးရန်ရောဂါ

ကင်းစင်ကွာ၍

ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။



http://www.dhammadownload.com

- သက်ရှိသက်မဲ့
ဘယ်အရာကိုမဆို
- တဏှာနဲ့ချစ်ရင်
စိတ်ပူလောင်ရတယ်၊
သဒ္ဓါမေတ္တာနဲ့ချစ်ရင်
စိတ်အေးချမ်းရတယ်။
- ဒေါသနဲ့မုန်းရင်
စိတ်ဆင်းရဲရတယ်၊
သတိဉာဏ်နဲ့မုန်းရင်
စိတ်ချမ်းသာရတယ်။
- တဏှာနဲ့မချစ်တတ်တဲ့သူ
ဒေါသနဲ့မမုန်းတတ်တဲ့သူ
ဘဝတိုင်းဖြစ်ပါရစေ။

GRAPHIC NAY WINN AUNG 09 9061597